ရောင်းမှန်

The Mirror Daily

Established in 1957

၁၉၅၇ ခေါ် ၁၆ တွင် စတင်တည်ထောင်သည်။

ကြီးမားသောအကျိုးကိုရနိုင်

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ် ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။ လောကဝဂ်(ဓမ္မပဒ-၁၇၂)

၁၃၈၄ ခုနှစ်၊ နယုန်လဆန်း ၂ ရက်၊ အင်္ဂါနေ့။ Tuesday, 31 May 2022 ၁၀၇၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံ ဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် "၀" ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)မှ ဒုတိယဥက္ကဋ္ဌ ဦးလော့ယာကုဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အားတွေ့ဆုံ၍ ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် "၀"ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)မှ ဒုတိယဥက္ကဋ္ဌ ဦးလော့ယာကုနှင့် ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ တွေ့ဆုံဆွေးနွေး

နေပြည်တော် မေ ၃၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် "၀"ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)မှ ဒုတိယဥက္ကဋ္ဌ ဦးလော့ယာကု ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌တွေ့ဆုံ၍ ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

ယနေ့ ဖတ်စရာ

ရေဝပ်ဒေသဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲစုံရာ မိုးယွန်းကြီးအင်းဘေးမဲ့တော

ဆောင်းပါး စာမျက်နှာ » ၆



သတိထားပါ မျောက်ကျောက်ရောဂါ

ဆောင်းပါး စာမျက်နှာ » ၁၀

ဒေသတွင်းပြီးပြည့်စုံသည့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက်အရ တရုတ်နှင့် အာဆီယံ ပူးပေါင်းဆောင်ရွက်မှုမြင့်တက်လာ

စာမျက်နှာ » ၁၂

ကြားမှု

မူးယစ်ဆေးဝါးအန္တရာယ် ထိရောက်စွာဝိုင်းဝန်းတိုက်ဖျက်

ကမ္ဘာ့နိုင်ငံများအားလုံးသည် မူးယစ်ဆေးဝါးပြဿနာကို အမျိုးသားရေးတာဝန်အဖြစ်သတ်မှတ်ပြီး အစဉ်အဆက် တိုက်ဖျက်လာခဲ့ကြသည်။ မူးယစ်ဆေးဝါးကို အလေးထားတိုက်ဖျက်ကြသော်လည်း ယနေ့ထက်တိုင် ကြီးထွားနေဆဲဖြစ်သည်ကို မြင်တွေ့ရမည်ဖြစ်သည်။ မူးယစ်ဆေးဝါးပြဿနာသည် လူမှုဘဝနှင့် ပတ်ဝန်းကျင်ကို ထိခိုက်စေသည့်အခြေအနေမှ နောက်ပိုင်းတွင် နိုင်ငံအဆင့် ကျယ်ပြန့်သည့် အန္တရာယ်များအထိ ဖြစ်လာသည်။

မူးယစ်ဆေးဝါးသုံးစွဲမှု၊ တရားမဝင်ထုတ်လုပ်မှု၊ သယ်ဆောင်ရောင်းဝယ်မှု၊ မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ ရောင်းဝယ်မှုများကြောင့် ပြည်သူများ၏ ကျန်းမာရေး၊ လူမှုရေး၊ အခြေခံစီးပွားရေးတို့ကို ထိခိုက်ပျက်စီးစေပြီး နိုင်ငံအတွင်း၌ အကြမ်းဖက်မှု၊ လက်နက်မှောင်ခိုမှု၊ ငွေကြေးခဝါချမှု၊ တရားမဝင်ငွေကြေးစီးဆင်းမှု၊ အဂတိလိုက်စားမှု၊ အကျင့်ပျက်ချစားမှု၊ နိုင်ငံဖြတ်ကျော်မှုခင်းများဖြစ်ပေါ်စေမှု စသည့်ဆိုးကျိုးပြဿနာများရှိလာခဲ့သည့်အပြင် မူးယစ်ဆေးဝါးမှရရှိလာသောငွေကြေးများကြောင့် နိုင်ငံတည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကိုပါ ထိခိုက်စေလျက်ရှိသည်။

ယနေ့ကာလတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့တို့က အရှိန်အဟုန်မြှင့်တင်၍ ကြိုးပမ်းတိုက်ဖျက်နှိမ်နင်းလျက်ရှိသောကြောင့် မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်းအမြောက်အမြားကို မကြာခဏ ဖမ်းဆီးနိုင်ခဲ့သည်။ မကြာသေးမီရက်ပိုင်းက ရှမ်းပြည်နယ်မှ ကရင်ပြည်နယ်သို့ သယ်ဆောင်လာသော မူးယစ်ဆေးဝါး အိုက်စ်(မက်သ်အဖက်တမင်း) တန်ဖိုး ငွေကျပ် ၅ ဒသမ ၁၆ ဘီလီယံတန်ဖိုးကို ကရင်ပြည်နယ် ဘားအံမြို့နယ်တွင် ဖမ်းဆီးရမိခဲ့သည်။ ထို့အပြင် ရှမ်းပြည်နယ်မှ ရန်ကုန်တိုင်းဒေသကြီးသို့ သယ်ဆောင်လာသော ငွေကျပ် ၅ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား သိန်း ၅၀ ကို မဂ်လာဒုံမြို့နယ်တွင် ဖမ်းဆီးရမိခဲ့သည်။

၂၀၂၁ ခုနှစ်က ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများ၊ မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသော ဓာတုပစ္စည်းများနှင့်ဆက်စပ်ပစ္စည်းများကို ရန်ကုန်၊ မန္တလေး၊ တောင်ကြီးမြို့ နေရာသုံးနေရာတွင် မီးရှို့ဖျက်ဆီးခဲ့ရာ ဘိန်းကီလို ၃၈၇၀ ကျော်၊ ဘိန်းဖြူ ၂၅၆၂ ကီလိုကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၄ သန်းကျော်၊ အိုက်စ်ကီလို ၁၄၀၈၀ ကျော်၊ ဆေးခြောက် ၇၃၉ ကီလိုကျော်၊ ကတ်တမင်း ၂၈၉ ကီလိုကျော်နှင့် ကဖင်း တစ်တန်ခွဲကျော်အပါအဝင် မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်း ၆၂ မျိုး စုစုပေါင်း တန်ဖိုးငွေကျပ် ၁၀၆၈ ဘီလီယံကျော် (အမေရိကန်ဒေါ်လာ ၆၆၇ သန်းကျော်)နှင့် မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသော ဆက်စပ်ပစ္စည်းအမျိုးပေါင်း ၆၀ တို့ကို ဖျက်ဆီးနိုင်ခဲ့သည်။

ယခုအခါ မူးယစ်ဆေးဝါးကို အဆင့်မြှင့်တင်ထုတ်လုပ်လာရာ မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသည့် ပရီကာဆာဓာတုပစ္စည်းများ တရားမဝင်နည်းလမ်းမျိုးစုံဖြင့် ဝင်ရောက်လာသဖြင့် လူလုပ်မူးယစ်ဆေးဝါးထုတ်လုပ်မှု မြင့်မားလာသည်။ စျေးနှုန်းသက်သာပြီး အရည်အသွေးအဆင့်မြင့်ထားသော လူလုပ်ဆေးဝါးသစ်များ ထွက်ပေါ်နေသည့်အပြင် နည်းပညာများတိုးတက်လာမှုနှင့်အတူ ဒေသတွင်း၊ ဒေသအပြင်ဘက်ရှိ မူးယစ်ဆေးဝါးမှောင်ခိုဂိုဏ်းများ၏ ပါဝင်ပတ်သက်မှု၊ စျေးကွက်ချဲ့ထွင်မှု၊ သယ်ဆောင်ရောင်းဝယ်မှုပုံစံ ပြောင်းလဲလာမှုတို့ကြောင့် မူးယစ်ဆေးဝါးပြဿနာ ဆက်လက်ကြီးထွားနေခြင်းဖြစ်သည်။ မူးယစ်ဆေးဝါးပြဿနာ ဖြေရှင်းနိုင်ရန်အတွက် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အဓိကပါဝင်ရသည့် ပရီကာဆာဓာတုပစ္စည်းများကို ထိန်းချုပ်နိုင်ရေးသည် အရေးအကြီးဆုံးအချက်ဖြစ်သည်။

မူးယစ်ဆေးဝါးများ အဆက်မပြတ်ပေါ်ထွက်နေခြင်းသည် နိုင်ငံ၏ နယ်စပ်ဒေသများတွင် ဘိန်းစိုက်ပျိုးမှု၊ မူးယစ်ဆေးဝါးနှင့် စိတ်ပြောင်းဆေးဝါးများ တရားမဝင်ထုတ်လုပ်သည့်စက်ရုံများနှင့်လျှို့ဝှက်ဓာတ်ခွဲခန်းများ တည်ဆောက်လုပ်ကိုင်နိုင်မှုတို့ကြောင့် ဖြစ်သည်။ ၎င်းစက်ရုံများမှထွက်ရှိသည့် မူးယစ်ဆေးဝါးများကို နိုင်ငံအတွင်း သယ်ဆောင်ရောင်းဝယ်ကြပြီး ပြည်ပသို့ ဆက်လက်ပို့ဆောင်ရောင်းဝယ်ခြင်းများအထိရှိလာ၍ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် မပါမဖြစ်အဓိက အသုံးပြုသည့် ဓာတုပစ္စည်းများအား ထိရောက်စွာထိန်းချုပ်နိုင်ရေးကို အိမ်နီးချင်းနိုင်ငံများနှင့်ပူးပေါင်းလက်တွဲ၍ တိုက်ဖျက်ထိန်းချုပ်သွားရမည်ဖြစ်သည်။

သို့ဖြစ်ရာ မူးယစ်ဆေးဝါးသည် မျက်မှောက်ကာလတွင် နိုင်ငံအဆင့်အထိ အန္တရာယ်ပေးလာသည့်အခြေအနေဖြစ်နေသောကြောင့် နိုင်ငံအတွင်း ဘိန်းစိုက်ပျိုးမှုနှင့် မူးယစ်ဆေးဝါးချက်လုပ်သည့် စက်ရုံများကို တိုက်ဖျက်ရှင်းလင်းပြီး မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ဖောက်ကားမှုများကို တားဆီးထိန်းသိမ်းကာ ဓာတုပစ္စည်းများထိန်းချုပ်ရေးကို အိမ်နီးချင်းနိုင်ငံများနှင့်အတူလက်တွဲ၍ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားနိုင်မည်ဆိုပါက မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို အောင်မြင်စွာဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။ ။

ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ် ရုပ်သိမ်းကြောင်း အသိပေးကြေညာခြင်း

ပြန်ကြားရေးဝန်ကြီးဌာနသည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသူများကို စိစစ်ခွင့်ပြုပေးလျက်ရှိပါသည်။ ထုတ်ဝေခြင်းလုပ်ငန်းအသိအမှတ်ပြုလက်မှတ်ရယူထားသူ ဦးလွင်ဦး(လွင်ဦးစာပေ)သည် ၂၇-၅-၂၀၂၂ ရက်နေ့၌ Lwin Oo Book Store အင်တာနက်စာမျက်နှာတွင် Ronan Lee ၏ MYANMAR'S ROHINGYA GENOCIDE စာအုပ်ကို တင်သွင်း၊ ထုတ်ဝေ၊ ဖြန့်ချိရောင်းချခဲ့ကြောင်း တွေ့ရှိရပြီး ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(က) ပါ စည်းကမ်းချက်ကို လိုက်နာခြင်းမရှိဘဲ ပုဒ်မ ၁၇ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ခဲ့သဖြင့် ၎င်းအားထုတ်ပေးထားသည့် ထုတ်ဝေခြင်းလုပ်ငန်းအသိအမှတ်ပြုလက်မှတ်ကို ၂၀၂၂ ခုနှစ် မေလ ၂၈ ရက်နေ့မှစ၍ ရုပ်သိမ်းလိုက်ကြောင်းနှင့် ၎င်းစာပေတိုက်အနေဖြင့် မီဒီယာအမျိုးအစားတစ်ခုခုကို အသုံးပြု၍ဖြစ်စေ၊ နည်းပညာတစ်ရပ်ရပ်ကို အသုံးပြု၍ဖြစ်စေ ရေးသားထုတ်ဝေဆောင်ရွက်ခြင်းမပြုရန် အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်လှူဒါန်း

နေပြည်တော် မေ ၃၀

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ဆက်ကပ်လှူဒါန်း

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်ရှိ သာသနာ့မဟာကျောင်းတိုက်သို့လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ်ရှိ မာန်အောင်ပရိယတ္တိစာသင်တိုက်သို့လည်းကောင်း၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ ထေရဝါဒ ဗုဒ္ဓသာသနာပြုကျောင်းတိုက်နှင့် ဟိုပန်မြို့နယ်ရှိ မြသိန်းတန်ကျောင်းတိုက်သို့လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်ရှိ လိပ်ဥကုန်းမိုးကုတ် ဝိပဿနာကျောင်းတိုက်သို့လည်းကောင်း ဆရာတော်၊ သံဃာတော်များအား တာဝန်ရှိသူများက ဆွမ်းဆန်တော်များ သွားရောက် ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၃၀ - ၅ -၂၀၂၂)

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၇,၆၀၀	၇,၆၀၀	၅၁	၃၈၇,၆၀၀
MTSH	၂,၆၅၀	၂,၇၀၀	၁,၈၃၇	၄,၈၇၈,၈၅၀
MCB	၈,၅၀၀	၈,၅၀၀	၀	၀
FPB	၁၇,၅၀၀	၁၇,၅၀၀	၀	၀
TMH	၂,၆၅၀	၂,၆၅၀	၂၀	၅၃,၀၀၀
EFR	၂,၅၅၀	၂,၅၅၀	၁၂၁	၃၀၈,၅၅၀
AMATA	၄,၉၀၀	၄,၉၀၀	၂၀၁	၉၈၄,၉၀၀

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မေ ၃၀

နိုင်ငံခြားငွေလဲလှယ်နှုန်း			မြန်မာငွေကျပ်
(က) အမေရိကန်	တစ်ဒေါ်လာ	=	၁၈၅၀.၀
(ခ) ဥရောပ	တစ်ယူရို	=	၁၉၈၉.၇
(ဂ) တရုတ်	တစ်ယွမ်	=	၂၇၇.၇၄
(ဃ) ထိုင်း	တစ်ဘတ်	=	၅၄.၃၁၆
(င) မလေးရှား	တစ်ရင်းဂစ်	=	၄၂၃.၂၄
(စ) အိန္ဒိယ	တစ်ရူပီး	=	၂၃.၈၅၅
(ဆ) သြစတြေးလျ	တစ်ဒေါ်လာ	=	၁၃၂၉.၅
(ဇ) စင်ကာပူ	တစ်ဒေါ်လာ	=	၁၃၅၃.၁
(ဈ) ဂျပန်	တစ်ရာယန်း	=	၁၄၅၃.၄
(ည) တောင်ကိုရီးယား	တစ်ရာဝမ်	=	၁၄၉.၄၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြားမှု

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်စွာလင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၃
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၅ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၅၄ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် "ဝ" ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP)မှ ဒုတိယဥက္ကဋ္ဌ ဦးလော့ယာကုတို့ အဖွဲ့ဝင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

ဆွေးနွေးပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို တင်ပြသည်။ ယင်းနောက် ငြိမ်းချမ်းရေးဆိုင်ရာ ကိစ္စရပ်များ၊ ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေး ဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ နှစ်ဖက်အမြင် များကို ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်ဆွေးနွေးကြ သည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က "ဝ"ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)မှ ဒုတိယ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား အမှတ်တရလက်ဆောင် ပစ္စည်းများပေးအပ်ရာ "ဝ" ပြည်သွေးစည်းညီညွတ် ရေးပါတီ(UWSP)မှ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဒေသထွက်လက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ် သည်။ ထို့နောက် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက် ကြသည်။

အဆိုပါ "ဝ" ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP)မှ ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့်အဖွဲ့သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဖွဲ့စည်းပေး ထားသည့် ကောင်စီဝင်များပါဝင်သည့် ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့၊ အမျိုးသားစည်းလုံးညီညွတ်ရေး နှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ တို့နှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများကို ဆက်လက် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

> နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် "ဝ" ပြည်သွေးစည်းညီညွတ်ရေး ပါတီ (UWSP)မှ ဒုတိယဥက္ကဋ္ဌ ဦးလော့ယာကုအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

☆ ရှေ့ဖုံးမှ

အဆိုပါ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကောင်စီဒုတိယ ဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ် မှူးကြီး စိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်တို့ တက်ရောက်ကြပြီး "ဝ"ပြည်သွေးစည်းညီညွတ်ရေး ပါတီ(UWSP)မှ ဒုတိယဥက္ကဋ္ဌနှင့်အတူ ပြင်ပဆက်ဆံရေး ဒုဌာနကြီးမှူး ဦးပေါက်အိုက်ကော်နှင့် ပြင်ပဆက်ဆံ ရေးဌာန လားရှိုးမြို့ ဆက်ဆံရေးတာဝန်ခံ ဦးညီရန်း တို့ တက်ရောက်ကြသည်။

ဆွေးနွေးပြောကြား

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် ငြိမ်းချမ်းမှုရှိမှ သာလျှင် ဒေသတည်ဆောက်ရေး၊ တိုင်းပြည် တည်ဆောက်ရေးကို ပိုမိုသွက်လက်စွာဆောင်ရွက် နိုင်မည်ဖြစ်သည့်အတွက် တိုင်းပြည်၏လိုအပ်ချက်၊ ဒေသခံတိုင်းရင်းသားတို့၏ လိုအပ်ချက်များနှင့် မိမိ ဒေသဖွံ့ဖြိုးတိုးတက်ရေးမှစ၍ တိုင်းပြည်ဖွံ့ဖြိုး တိုးတက်ရေးကို ဦးတည်စဉ်းစားလုပ်ဆောင်သွားရန် လိုအပ်သည့်အခြေအနေ၊ ဒေသတည်ငြိမ်အေးချမ်း ရေး၊ ပညာရေး၊ ကျန်းမာရေးတို့ကို ပူးပေါင်း ဆောင်ရွက်ပြီး ဒေသခံများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်နိုင်မှသာလျှင် ဒေသဖွံ့ဖြိုး တိုးတက်ရေးကို ပိုမိုအထောက်အကူဖြစ်စေနိုင်မည့် အခြေအနေ၊ ပြည်သူလူထုဆန္ဒနှင့် ကိုက်ညီသည့် ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးဆောင်ရွက်ရေး ဆိုင်ရာကိစ္စ၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်ကိုအခြေခံ သည့် ပြည်ထောင်စုစနစ် တည်ဆောက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီး ချုပ်က ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် "ဝ"ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP)မှ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက **ပါတီစုံဒီမို ကရေစီစနစ်ကျင့်သုံးရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ် ကို အခြေခံသည့် ပြည်ထောင်စုစနစ်တည်ဆောက် ရေးနှင့် ပတ်သက်၍ "ဝ" ပြည်သွေးစည်းညီညွတ် ရေးပါတီ(UWSP)မှ သဘောတူညီကြောင်းနှင့် သဘောထားတူညီချက်အမြင်များကို ပြန်လည်**

ဒေသတည်ငြိမ်အေးချမ်းရေး၊ ပညာရေး၊ ကျန်းမာရေးတို့ကို ပူးပေါင်းဆောင်ရွက်ပြီး ဒေသခံများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်နိုင်မှသာလျှင် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုအထောက်အကူဖြစ်စေနိုင် မည့်အခြေအနေ၊ ပြည်သူလူထုဆန္ဒနှင့်ကိုက်ညီသည့် ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးဆောင်ရွက်ရေးဆိုင်ရာ ကိစ္စ၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်ကိုအခြေခံသည့် ပြည်ထောင်စုစနစ်တည်ဆောက်ရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရှင်းလင်းဆွေးနွေး ပြောကြား

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ၂၀၂၂ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး လက်ဝှေ့ပြိုင်ပွဲဖွင့်ပွဲ တက်ရောက်

နေပြည်တော် မေ ၃၀

၂၀၂၂ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လက်ဝှေ့အားကစားရုံ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသော မန်းငြိမ်းမောင်၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်၊ ဒေါက်တာဗညားအောင်မိုး၊ ဦးရွှေကြိမ်းနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ ဦးသာဌေး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌဦးသိန်းစိုး၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒေါက်တာမျိုးသိန်းကျော်၊ ဦးမင်းသိန်း၀ေ၊ ဦးရွှေလေး၊ ဦးစောထွန်းအောင်မြင့်နှင့် ဒေါက်တာဌေးအောင်၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဦးစန်းလွင်၊ ဦးမြင့်စိုး၊ ဦးမျိုးလှိုင်နှင့် ဦးဓော်အေးမောင်တို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၀ေက တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ပြီး ဒေသအသီးသီးရှိ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိကာ မျိုးဆက်သစ် ရွက်ပုန်းသီး အားကစားသမားများ ပေါ်ထွက်လာစေရန်၊ လူငယ်လူရွယ်များ လက်ဝှေ့အားကစားနည်းကို ပိုမိုစိတ်ပါဝင်စားလာစေပြီး လက်ဝှေ့အားကစားနည်း ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် စိတ်ဓာတ်၊ စွမ်းရည်၊ သတ္တိနှင့် ပြည့်စုံ၍ ကျန်းမာကြံ့ခိုင်ပြီး ထူးချွန်ထက်မြက်သော နိုင်ငံ့ကိုယ်စားပြု သွေးသစ်အားကစားသမားကောင်းများ ပေါ်ထွက်လာစေရန်ရည်ရွယ်ပြီး ပြိုင်ပွဲများကို ကျင်းပပေးရခြင်းဖြစ်ကြောင်း၊ ပြိုင်ပွဲတွင် တရားသောယှဉ်ပြိုင်ခြင်းဖြင့် အနိုင်ရရှိအောင် အားကစားစိတ်ဓာတ်အပြည့်အ၀ဖြင့် အသန့်ရှင်းဆုံးကြိုးစား၍ ပါ၀င်ယှဉ်ပြိုင်ကြရန်လိုကြောင်း၊ မိမိတို့၏အရည်အချင်း၊ အစွမ်းအစများကို အစွမ်းကုန်ဖော်ထုတ်ပြသပြီး အားကစားသမားကောင်းများ ပီသစွာဖြင့် သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာကြစေလိုကြောင်း၊ မျိုးဆက်သစ်လူငယ် လက်ဝှေ့အားကစားသမားကောင်းများ ဖြစ်လာအောင်ကြိုးစားအားထုတ်သွားကြရန် တိုက်တွန်းမှာကြားပြီး လက်ဝှေ့ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

လိုက်လံနှုတ်ဆက်

ယင်းနောက် ပြိုင်ပွဲ၀င် အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်ရွတ်ဆို၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၀င်များနှင့် ပြည်ထောင်စုဝန်ကြီးတို့က ပြိုင်ပွဲ၀င်အားကစားသမားများကို လိုက်လံနှုတ်ဆက်သည်။

ထို့နောက် ပြိုင်ပွဲ ပွဲစဉ်အဖြစ် အမျိုးသား ၅၆ ကီလိုတန်းပြိုင်ပွဲတွင် ကရင်ပြည်နယ်အသင်းမှ စောအတစ်နှင့် ရှမ်းပြည်နယ်အသင်းမှ ရှိုင်းငယ်တို့၏ ယှဉ်ပြိုင်ကစားနေမှုကို လည်းကောင်း၊ အမျိုးသား ၆၀ ကီလိုတန်း ပြိုင်ပွဲတွင် ကချင်ပြည်နယ်အသင်းမှ နုတ်မာရ်နှင့် ရန်ကုန်တိုင်းဒေသကြီး အသင်းမှ စောဘွယ်ကလိုတို့၏ ယှဉ်ပြိုင်ကစားနေမှုကိုလည်းကောင်း၊ အမျိုးသမီး ၄၈ ကီလိုတန်းပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီး အသင်းမှ သင်းသင်းခိုင်နှင့် တနင်္သာရီတိုင်းဒေသကြီးအသင်းမှ အေးအေးပြည့်တို့၏ ယှဉ်ပြိုင်ကစားနေမှုတို့ကို လည်းကောင်း ကြည့်ရှုအားပေးကြသည်။

ပြည်ထောင်စုဝန်ကြီးသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း (Gold Camp)ရှိ Multipurpose Hall ၌ အားကစားနှင့် လူငယ်ရေးရာ၀န်ကြီးဌာန၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံသေနတ်ပစ်အားကစားအဖွဲ့ချုပ်နှင့် တပ်မတော်သေနတ်ပစ်ကော်မတီတို့ ပူးပေါင်းဖွင့်လှစ်သည့် အပြည်ပြည်ဆိုင်ရာ သေနတ်ပစ်အားကစားနည်း သင်တန်းအမှတ်စဉ် (၁/၂၀၂၂) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

■

အဖိုးတန်ရေချိုသယံဇာတများကို သဘာ၀ပတ်၀န်းကျင်နှင့် လိုက်လျောညီထွေစွာ အသုံးချနိုင်ရန် နောင်လာနောက်သားများအတွက် ပိုမိုအကျိုးရှိနိုင်မည့်အစီအမံများ ဖော်ထုတ်ပေးရန်လို

နေပြည်တော် မေ ၃၀

မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ (Myanmar National Committee on Large Dams – MNCOLD) ၏ စတုတ္ထအကြိမ် အထွေထွေညီလာခံကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ကန်ဘဲ့ရှိ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန အစည်းအ၀ေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်း၀န်ကြီးဌာန ပြည်ထောင်စု၀န်ကြီး ဦးတင်ထွဋ်ဦး ၊ လျှပ်စစ်စွမ်းအား၀န်ကြီးဌာန ဒုတိယ၀န်ကြီး ဒေါက်တာအောင်ဇေယျနှင့် မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီနာယကအဖွဲ့ဝင်များ၊ အလုပ်အမှုဆောင်ကော်မတီ၀င်များ၊ အသင်းသားများ တက်ရောက်ကြသည်။

ဇကပေသန်းပေါင်း ၈၇၀ ကျော် စီးဆင်းလျက်ရှိ

အခမ်းအနားတွင် မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီနာယကအဖွဲ့ဝင် ပြည်ထောင်စု၀န်ကြီး ဦးတင်ထွဋ်ဦးက မြန်မာနိုင်ငံသည် အခြားကမ္ဘာ့နိုင်ငံများထက် ရေချိုသယံဇာတများစွာ ပေါများပြီး ပြည်တွင်း၌စီးဆင်းနေသော မြစ်များအနေဖြင့် ဇရာ၀တီမြစ်တွင် ဇကပေသန်း ၂၅၀ ကျော်၊ ချင်းတွင်းမြစ်တွင် ဇကပေ ၁၁၄ သန်းကျော်၊ စစ်တောင်းမြစ်တွင် ဇကပေ ၆၆ သန်းခန့်၊ သံလွင်မြစ်တွင် ဇကပေသန်း ၂၀၀ ကျော် နှစ်စဉ်ပျမ်းမျှစီး၀င်လျက်ရှိပြီး တစ်နိုင်ငံလုံးအနေဖြင့် ဇကပေသန်းပေါင်း ၈၇၀ ကျော် နှစ်စဉ်စီးဆင်းလျက်ရှိကြောင်း။

အသားတင်စိုက်ဧရိယာပေါ်တွင် ရေသွင်းစိုက်ပျိုးဧရိယာအနေဖြင့် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ထိုင်းနိုင်ငံက ၃၄ ရာခိုင်နှုန်း၊ ဗီယက်နမ်က ၄၉ ရာခိုင်နှုန်း၊ လာအိုက ၂၇ ရာခိုင်နှုန်းနှင့် အိန္ဒိယက ၃၉ ရာခိုင်နှုန်းရှိနေသည်ကိုတွေ့ရှိရပြီး မြန်မာနိုင်ငံအနေဖြင့် ရေသွင်းစိုက်ပျိုးသော ဧရိယာမှာ အသားတင်စိုက်ဧရိယာ၏ ၂၀ ရာခိုင်နှုန်းကျော်သာရှိ၍ ရေချိုအရင်းအမြစ်များစွာရှိနေသော်လည်း အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက ရေသွင်းစိုက်ပျိုးနိုင်သော ဧရိယာနည်းပါးလျက်ရှိနေပြီး ရှိရင်းစွဲ ရေအရင်းအမြစ်များကို စိုက်ပျိုးရေအဖြစ် ဖော်ထုတ်အသုံးချရန်များစွာလိုအပ်နေသေးသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

အလားတူ အဖိုးတန်ရေချိုသယံဇာတများကို သဘာ၀ပတ်၀န်းကျင်နှင့် လိုက်လျောညီထွေစွာ အသုံးချနိုင်ရန် တည်ဆောက်ထားရှိပြီးဖြစ်သည့် ဆည်တာတမံကြီးများ ဘေးကင်းလုံခြုံပြီး ရေရှည်အကျိုးရှိစွာ အသုံးပြုနိုင်ရေး၊ ရေအားလျှပ်စစ်ထုတ်ယူအသုံးပြုနိုင်ရေးနှင့် စိုက်ပျိုးရေအတွက် အကျိုးပြုနေမှု၊ ဒေသတွင်းနိုင်ငံများ၏ ဆည်၊ တာတမံ တည်ဆောက်အသုံးပြုနေမှုတို့ကို လေ့လာချိန်ဆပြီး နောင်လာနောက်သားများအတွက် ပိုမိုအကျိုးရှိနိုင်မည့် အစီအမံများကို မြန်မာနိုင်ငံ တမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ (MNCOLD)က ဖော်ထုတ်ပေးရန်လိုကြောင်း၊ ရေခဲတောင်အရည်ပျော်လာမှု၊ မုတ်သုဝင်ရောက်မှု၊ သမုဒ္ဒရာရေမျက်နှာပြင် မြင့်တက်လာမှု စသည့် ပြောင်းလဲလာသည့် ရာသီဥတုအခြေအနေများ၊ မမျှော်မှန်းနိုင်သည့် သဘာ၀ဘေးဒဏ်များကြောင့် တာတမံကြီးများအပေါ် အကျိုးသက်ရောက်နိုင်မှုများကို စူးစမ်းလေ့လာခြင်း ၊ သုတေသနလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ခြင်းများကို အပြည်ပြည်ဆိုင်ရာတမံကြီးများကော်မရှင် (International Commission on Large Dams – ICOLD) အပါအ၀င် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်လုပ်ဆောင်သွားရန် လိုအပ်သကဲ့သို့ မျိုးဆက်သစ်ပညာရှင်များကိုလည်း နည်းပညာများ မျှ၀ေလက်ဆင့်ကမ်းပေးရန် တိုက်တွန်းကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီအတွင်းရေးမှူးက အလုပ်အမှုဆောင်ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းကာ ညီလာခံ၏ အတည်ပြုချက်ရယူသည်။

မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသား ကော်မတီ (Myanmar National Committee on Large Dams – MNCOLD) ကို **မြန်မာနိုင်ငံ အတွင်းရှိတည်ဆောက်ပြီး၊ တည်ဆောက်ဆဲနှင့် တည်ဆောက်ရန်ရှိသည့် တမံကြီးများ၏ လုံခြုံစိတ်ချရမှု၊ ခိုင်ခံ့တည်ငြိမ်မှု၊ သဘာ၀ပတ်၀န်းကျင်၊ စီးပွားရေးနှင့် လူမှုရေးပတ်၀န်းကျင်တို့အပေါ် အကျိုးသက်ရောက်မှု၊ စွမ်းရည်မြင့်မားတိုးတက်မှု၊ သိပ္ပံနှင့် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များအတွက် ကျယ်ပြန့်စွာ ဆွေးနွေးညှိနှိုင်းဆောင်ရွက်ရန်** ရည်ရွယ်ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

မိဘပြည်သူများသို့ အသိပေးကြေညာ

အသက်(၁၆)နှစ်နှင့်အထက် အကျုံးဝင်သူများအား ဥပဒေအရ ကိုင်ဆောင်သင့်သည့် ကတ်တစ်မျိုးမျိုးထုတ်ပေးရေးအတွက် **"ပန်းခင်း"**စီမံချက်ဖြင့် ရုံးတွင်ဆောင်ရွက်ပေးခြင်း၊ ကွင်းဆင်းဆောင်ရွက်ပေးခြင်း၊ လိုအပ်သည့်နေရာများတွင် တစ်အိမ်တက်ဆင်းဆောင်ရွက်ပေးခြင်းများအား (၃-၅-၂၀၂၁) မှ(၃-၁၁-၂၀၂၂)နေ့အထိ နိုင်ငံတစ်ဝန်းလုံးတွင် နေ့စဉ်ရက်ဆက်ဆောင်ရွက်ပေးလျက်ရှိပါသည်။

ယခုအခါ လိုအပ်ချက်အရ ပြည်သူများအနေဖြင့် ခရီးသွားလာရာတွင်လည်းကောင်း၊ တည်းခိုနေထိုင်ရာနေရာများတွင်လည်းကောင်း၊ နိုင်ငံသားကတ်(မှတ်ပုံတင်)ပြသဆောင်ရွက်ရသည့် လုပ်ငန်းများတွင်လည်းကောင်း တရားဝင်ထုတ်ပေးထားသော နိုင်ငံသားကတ်(မှတ်ပုံတင်)အား (၁-၄-၂၀၂၂) နေ့ (၀၆:၀၀)နာရီမှစ၍ ပြသစစ်ဆေးခံရမည်ဖြစ်ပါသည်။

နေ့စဉ်ရက်ဆက် ဆောင်ရွက်ပေးနေမှုကြောင့် နိုင်ငံသားကတ်(မှတ်ပုံတင်)အစား ထောက်ခံစာများအားပြသ၍ ခရီးသွားလာခြင်း၊ အစစ်ဆေးခံခြင်းများအား ခွင့်ပြုတော့မည်မဟုတ်ပါ။

နိုင်ငံသားကတ်(မှတ်ပုံတင်)အတုကိုင်ဆောင်ခြင်းနှင့် ကတ်အပိုထားရှိ ကိုင်ဆောင်ခြင်းများသည် တည်ဆဲဥပဒေများအရ ပြစ်မှုမြောက်ပါကြောင်းလည်း အသိပေးအပ်ပါသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

သူနာပြု/သားဖွားသင်တန်းကျောင်းများသို့ "Initial Accreditation Status" အသိအမှတ်ပြုလွှာပေးအပ်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော် မေ ၃၀

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလူစွမ်းအား အရင်းအမြစ်ဦးစီးဌာန သူနာပြု/သားဖွားသင်တန်းကျောင်းများသို့ "Initial Accreditation Status" အသိအမှတ်ပြုလွှာပေးအပ်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက သားဖွားသင်တန်းကျောင်း (နေပြည်တော်) အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ပြောကြား

အစည်းအဝေးတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံအချင်းချင်း သဘောတူညီချက် (Mutual Recognition Arrangements =MRA) အရ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အသက်မွေးဝမ်းကျောင်းပညာရပ် Professional တစ်ခုဖြစ်သည့် သူနာပြုများကို ASEAN နိုင်ငံများအတွင်း အပြန်အလှန် ကူးသန်းဆောင်ရွက်နိုင်ရန် အာဆီယံနိုင်ငံများအားလုံးတွင် သင်ကြားသော သူနာပြု/သားဖွားများ၏ သင်ရိုးညွှန်းတမ်း (Curriculum) များနှင့် ကျွမ်းကျင်မှု (Core Competency) များသည် အရည်အသွေးသတ်မှတ်ချက်များ တူညီရမည် ဖြစ်သည့်အပြင် သူနာပြုများကို မွေးထုတ်သော တက္ကသိုလ်/သင်တန်းကျောင်းများသည်လည်း သက်ဆိုင်ရာနိုင်ငံ သူနာပြု/ သားဖွားကောင်စီမှသတ်မှတ်ထားသော သူနာပြု/သားဖွားပညာရေးနှင့်လုပ်ငန်း အရည်အသွေး အာမခံမှု ရရှိထားသောကျောင်းများ (Accredited Nursing and Midwifery Schools) ဖြစ်ရန်လိုအပ်သည့်အတွက် အရည်အသွေး အာမခံမှု စိစစ်ရေးလုပ်ငန်းစဉ် (Accreditation Process) များ ဆောင်ရွက်ခဲ့ပါကြောင်း၊ သို့ဖြစ်ပါ၍ အာဆီယံတွင်ရှိသည့် ပညာရပ်ဆိုင်ရာ အဖွဲ့အစည်းများတွင် တစ်ခုအပါအဝင်ဖြစ်သည့် AJCCN (Asean Joint Coordinating Comittee on Nursing) အဖွဲ့ဝင်ဖြစ်သည့် မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီသည် မြန်မာနိုင်ငံရှိ သူနာပြုတက္ကသိုလ်များနှင့် သင်တန်းကျောင်းများကို သူနာပြု/ သားဖွားပညာရေးနှင့် လုပ်ငန်းအရည်အသွေး အာမခံမှု (Accredited Nursing and Midwifery Schools) ရရှိစေရန်အတွက် နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ "Guideline on Standards and Criteria for Accreditation of Nursing and Midwifery Education Programs in Myanmar" ဖြင့် သူနာပြုနှင့် သားဖွားသင်တန်းကျောင်းများကို အရည်အသွေးစိစစ်ခြင်းများဆောင်ရွက်ခဲ့ရာ စုစုပေါင်း သင်တန်းကျောင်း ၅၃ ကျောင်းအနက် သူနာပြု/သားဖွား သင်တန်းကျောင်း ရှစ်ကျောင်းတို့ကို ၂၀၂၁ ခုနှစ်အတွင်း Accreditation ဆောင်ရွက်နိုင်ရန် လိုအပ်သောအစီအစဉ်များ ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် ငါးနှစ်သက်တမ်းရှိသည့် "Initial Accreditation Status" အသိအမှတ်ပြုလွှာများကို ရရှိခဲ့ခြင်း ဖြစ်ပါကြောင်း၊ အရည်အသွေးပြည့်ဝသော လူစွမ်းအား အရင်းအမြစ်များကို နိုင်ငံတော်၏ လိုအပ်ချက်နှင့်အညီ လုံလောက်စွာ မွေးထုတ်ပေးလျက်ရှိရာ ၂၀၂၂ ခုနှစ် မတ်လတွင် သားဖွားသင်တန်းကျောင်း ငါးကျောင်းမှ ဘက်စုံသားဖွား ၁၆၅ ဦး

တို့ကို မွေးထုတ်ပေးနိုင်ခဲ့ပြီး လုပ်ငန်းခွင်သို့ဝင်ရောက်နိုင်ရေးအတွက် အလုပ်ခန့်အပ်လွှာများကိုလည်း ပေးအပ်နိုင်ခဲ့ကြောင်း၊ အထူးသဖြင့် နိုင်ငံတော်အတွက် လိုအပ်နေသည့် အရည်အသွေးပြည့်ဝသည့် သူနာပြု/သားဖွားများကို လေ့ကျင့်မွေးထုတ်နိုင်ရေးအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်ကြစေလိုကြောင်းနှင့် နိုင်ငံတော်၏အကျိုးကို ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်ကြပါစေကြောင်း ပြောကြားသည်။

ဆက်လက်၍ ကျန်းမာရေးလူစွမ်းအား အရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ထွန်းက ဂုဏ်ပြုအမှာစကားပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီ ဥက္ကဋ္ဌက ကျန်းမာရေးလူစွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံသို့ "Initial Accreditation Status" အသိအမှတ်ပြုလွှာများ ပေးအပ်ခဲ့ပြီးနောက် ကျန်းမာရေး လူစွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က သက်ဆိုင်ရာ သင်တန်းကျောင်းအသီးသီးသို့ အသိအမှတ်ပြုလွှာများ ပြန်လည်ပေးအပ်သည်။ ထို့နောက် အသိအမှတ်ပြုလက်မှတ်ရ သင်တန်းကျောင်းများကိုယ်စား သူနာပြုသင်တန်းကျောင်း (ရန်ကုန်) ကျောင်းအုပ်ကြီး (ဒုတိယညွှန်ကြားရေးမှူး)က ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

လက်ထောက်စာရင်းစစ်မှူးများ လုပ်ငန်းခွင်ဝင်ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၁/၂၀၂၂) သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ

နေပြည်တော် မေ ၃၀

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နေပြည်တော် သင်တန်းကျောင်းတွင် ဖွင့်လှစ်သည့် လက်ထောက်စာရင်းစစ်မှူးများ လုပ်ငန်းခွင်ဝင်ကျွမ်းကျင်မှုသင်တန်းအမှတ်စဉ် (၁/၂၀၂၂) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး (နေပြည်တော်) စုပေါင်းခန်းမ၌ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းကမ်းချက်များနှင့်အညီ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ပါမောက္ခ ဒေါက်တာကံဇော်က ယခုသင်တန်းမှ လေ့လာသင်ယူခဲ့မှုကို လက်တွေ့လုပ်ငန်းခွင်တွင် ပြန်လည်အသုံးချနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ဝန်ထမ်းများသည် နိုင်ငံပိုင်ကဏ္ဍတွင် ပြည်သူ့ဘဏ္ဍာငွေဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများသည် ပြည်သူတို့အတွက် အရည်အသွေးပြည့်ဝစွာဖြင့် အမှန်တကယ်

ရရှိခြင်း ရှိ၊ မရှိကို စစ်ဆေးရသူများဖြစ်ပါကြောင်း၊ သို့ပါ၍ ဝန်ထမ်းများအနေဖြင့် လိုအပ်သည့် အသိပညာ၊ အတတ်ပညာ၊ ကျွမ်းကျင်မှု အရည်အချင်းများ ပြည့်ဝနေစေရန် လိုအပ်သကဲ့သို့ ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ နိုင်ငံတကာ စာရင်းစစ်စံများကို လိုက်နာကျင့်သုံးနိုင်ရေးကိုလည်း ကြိုးစားဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ စာရင်းစစ်လုပ်ငန်းသည် အဖွဲ့(Team Work) ဖြင့် ဆောင်ရွက်ရသည့် လုပ်ငန်းဖြစ်၍ ခေါင်းဆောင်မှုအောက်တွင် အဖွဲ့ဝင်အချင်းချင်း ပူးပေါင်းဆောင်ရွက်ကြရန်နှင့် ဌာန၊ အဖွဲ့အစည်းများနှင့် ဆက်သွယ် ဆောင်ရွက်ရာတွင်လည်း အပြန်အလှန်လေးစားမှုဖြင့် ကောင်းမွန်သော ဆက်ဆံရေးကို တည်ဆောက်နိုင်ရန် လိုအပ်ပါကြောင်း။

သို့ပါ၍ သင်တန်းသားများသည် နိုင်ငံ့ဝန်ထမ်းများဖြစ်၍ နိုင်ငံတော်အပေါ် သစ္စာစောင့်သိပြီး ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကို တိကျစွာ လိုက်နာလျက် ကျရာအခန်းကဏ္ဍမှ ကျင့်ဝတ်သိက္ခာနှင့်အညီ တာဝန်ကျေပွန်စွာ ထမ်းဆောင်နိုင်သည့် ဝန်ထမ်းကောင်းများဖြစ်စေရေး ကြိုးစားကြစေလိုပါကြောင်း မှာကြားသည်။

အဆိုပါသင်တန်းကို စာသင်ခန်း တက်ရောက် (Face To Face) ဖြင့် ရက်သတ္တသုံးပတ်ကြာ ဖွင့်လှစ်ခဲ့ပြီး ရုံးချုပ်မှ သင်တန်းသားတစ်ဦး၊ ပြည်ထောင်စုနယ်မြေအတွင်းမှ သင်တန်းသားတစ်ဦ တိုင်းဒေသကြီး/ပြည်နယ်များမှ သင်တန်းသား ၃၈ ဦး စုစုပေါင်း ဝန်ထမ်းသစ် သင်တန်းသား ၄၀ တက်ရောက်ပြီး မြောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ရေဝပ်ဒေသဂေဟာစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲစုံရာ မိုးယွန်းကြီးအင်းဘေးမဲ့တော

ကောင်းထက်

ဒေါင်းလန်းခြေထောက်ငှက်

မေလ၏အပူရှိန်ကြောင့် အင်းပတ်ဝန်းကျင် တစ်ခွင်လုံးစိမ်းစိုမနေ။ အင်းအတွင်း ရေအပြည့်ရှိမနေ။ ဆောင်းခိုငှက်များ လာရောက်ချိန်မဟုတ်သည့်အတွက် ငှက်ကြည့်ရန်၊ သဘာဝအလှအပကို လေ့လာခံစားရန် လာရောက်သည့် ဧည့်သည်လည်း အပြည့်ရှိမနေ။ သို့သော် အင်းပတ်ဝန်းကျင်ရှိ သစ်ပင်ကြီးများ၏ အရိပ်ခိုရင်း၊ ကျီကျီကြာကြာ ဒေသငှက်များ၏ အသံများဖြင့် မိုးယွန်းကြီးအင်းပတ်ဝန်းကျင်သည် သာယာမှုရှိသည်။ ရေခန်းခြောက်ချိန်၊ ငှက်မျိုးစိတ်များ မျိုးစုံမရှိသည့်အချိန်ဖြစ်သည့်အတွက် အပန်းဖြေလာရောက်သူများဖြင့် စည်ကားမနေသော်လည်း သဘာဝဘေးမဲ့တော၏ အလှကို တစ်မျိုးတစ်ဖုံခံစားရင်း လေသန့်ရှူရင်း အပန်းဖြေနိုင်သည့် နေရာတစ်ခုအဖြစ် တည်ရှိနေသည်။

“သဘာဝအေးချမ်းမှုနဲ့ အပန်းဖြေစရာ နေရာကောင်းပါ။ ငှက်ကြည့်ဝါသနာရှင်တွေအနေနဲ့ ဆောင်းခိုငှက်တွေ လာတဲ့အချိန်မှာ ကြည့်ရှုလေ့လာနိုင်မယ့် ကောင်းမွန်တဲ့နေရာတစ်ခုပါ။ ကျွန်တော်တို့ကတော့ ပဲခူးမှာတည်းခိုပြီး တစ်ဆင့်လာရောက်လည်ပတ်တာ ဖြစ်ပါတယ်။ ခုချိန်က လူနည်းနည်းရှင်းနေတယ်။ သဘာဝလေသန့်ကြောင့် အပန်းပြေတယ်”ဟု ရန်ကုန်မြို့မှ လာရောက်လည်ပတ်သူဦးအောင်ကျော်စိုးက ပြောသည်။

အထောက်အကူပြု

မိုးယွန်းကြီးအင်းတွင် သဘာဝပတ်ဝန်းကျင်ပညာပေးပြခန်းများ၊ ငှက်များကြည့်ရှုနိုင်မည့် ငှက်ကြည့်စင်များ၊ လေ့ပုံသဏ္ဌာန်တည်ဆောက်ထားသည့် အပန်းဖြေအိမ်များ၊ အင်းသဘာဝကိုကြည့်ရှုနိုင်မည့် နားနေဆောင်များ၊ အပန်းဖြေစားသောက်ဆိုင်များ၊ ငှက်ကြည့်လေ့လာခြင်းနှင့် သဘာဝအလှအပများ ကြည့်ရှုခံစားနိုင်သည့် စက်လေ့များဖြင့် သဘာဝအခြေခံရရှိးသွားလုပ်ငန်းကို အထောက်အကူပြုလျက်ရှိသည်။ အဓိကအားဖြင့် ဆောင်းခိုငှက်များ လေ့လာကြည့်ရှုလိုသူများ (Bird Watching Tourism) အတွက် လည်ပတ်သင့်သည့် နေရာတစ်ခုဖြစ်သည်။

မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည် ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့နယ်နှင့် ဝေါမြို့နယ်အတွင်းတည်ရှိပြီး ဧရိယာအားဖြင့် စတုရန်းမိုင် ၄၀ (ဧက ၂၅၆၀၀) ကျယ်ဝန်းသည်။

မိုးယွန်းကြီးအင်းတွင် ရေဝပ်ဒေသဂေဟာစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲများရှိသည့်အတွက် သစ်တောဦးစီးဌာနက မိုးယွန်းကြီးဘေးမဲ့တောအဖြစ် သတ်မှတ်ကာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် မိုးယွန်းကြီးဘေးမဲ့တောသည် မြန်မာနိုင်ငံအတွက် သာမက ကမ္ဘာအတွက်ပါ ထိန်းသိမ်းသင့်သည့် ရေဝပ်ဂေဟာစနစ်ဖြစ်သည့်အတွက် မြန်မာနိုင်ငံ၏ ပထမဆုံး ရမ်ဆာရေဝပ်ဒေသ (Ramsar Site) အဖြစ် ၂၀၀၄ ခုနှစ်က သတ်မှတ်ခြင်းခံခဲ့ရသည်။

> ❖ **မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည် မြန်မာနိုင်ငံ၏ပထမဆုံး ရမ်ဆာရေဝပ်ဒေသဖြစ်**
>
> ❖ **မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် ရေပျော်ဌာနေငှက်မျိုးစိတ် ၂၇ မျိုး၊ ဆောင်းခိုငှက်မျိုးစိတ် ၅၅ မျိုး၊ သစ်တောငှက်မျိုးစိတ် ၁၀၆ မျိုး စုစုပေါင်း ၁၈၅ မျိုးတည်ရှိသည်။ မိုးယွန်းကြီးအင်းဘေးမဲ့တောသို့ ကျရောက်ကျက်စားသည့် ဆောင်းခိုငှက်များသည် နှစ်စဉ်အောက်တိုဘာလကုန်မှ ဧပြီလအထိ အာရှဗဟိုပျံသန်းလမ်းကြောင်းနှင့် အရှေ့အာရှ-ဩစတြေးလျ ပျံသန်းလမ်းကြောင်းတို့မှ ဝင်ရောက်လေ့ရှိ**

“မိုးယွန်းကြီးအင်းဟာ ရေဝပ်ဂေဟာစနစ်ရှိနေတဲ့အပြင် ရှားပါးမျိုးစိတ်ငှက်တွေ၊ ဆောင်းခိုငှက်တွေ ကျက်စားရာဒေသတစ်ခုဖြစ်တဲ့အတွက် နိုင်ငံအဆင့်သာမက ကမ္ဘာအတွက်ပါ ထိန်းသိမ်းမှု ဆောင်ရွက်သင့်တဲ့အတွက် ၂၀၁၁ ခုနှစ်မှာ အရေးကြီး ဆောင်းခိုငှက်ကျက်စားရာဒေသ (Important Bird Area –IBA) အဖြစ် ၂၀၁၄ ခုနှစ်မှာ အရှေ့အာရှ-ဩစတြေးလျ ငှက်ပျံသန်းရာလမ်းကြောင်း မိတ်ဖက်အဖွဲ့အစည်းကနေ ငှက်ပျံသန်းရာလမ်းကြောင်းကွန်ရက် (Flyway Network Site) အဖြစ် အသိအမှတ်ပြုခဲ့ပါတယ်”ဟု သစ်တောဦးစီးဌာန မိုးယွန်းကြီးအင်းဘေးမဲ့တောမှ အုပ်ချုပ်ရေးမှူးက ပြောသည်။

ဝန်းကျင်ဂေဟာစနစ်ထိန်းသိမ်းရေးလုပ်ငန်း

ထိုကဲ့သို့ ရေဝပ်ဂေဟာစနစ်နှင့် ဇီဝမျိုးစုံတည်ရှိနေသည့်အတွက် မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်လုပ်ကိုင်မှုစီမံချက် (၂၀၁၉-၂၀၂၀ မှ ၂၀၂၃-၂၀၂၄ ခုနှစ်အထိ ငါးနှစ်) နှင့် တောရိုင်းတိရစ္ဆာန်များအတွက် နေရင်းဒေသ ပြန်လည်တည်ထောင်ခြင်း (၂၀၁၉-၂၀၂၀ မှ ၂၀၂၈-၂၀၂၉ ခုနှစ်အထိ ဆယ်နှစ်) စီမံချက်တို့ကို ရေးဆွဲကာ ဝန်းကျင်ဂေဟာစနစ် ထိန်းသိမ်းရေးလုပ်ငန်းများကို သစ်တောဦးစီးဌာနအနေဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။

“ကျွန်မတို့ဌာနအနေနဲ့ အဓိကကတော့ တစ်ဖက်က သဘာဝအခြေခံရရှိးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေပြီး ဒေသခံတွေ အလုပ်အကိုင်အခွင့်အလမ်းတွေရရှိအောင်၊ တစ်ဖက်က ဂေဟာစနစ်ထိန်းသိမ်းနိုင်အောင် ဆောင်ရွက်ရင်းနဲ့ ဒီနှစ်ခုဘက်ညီမျှတဖို့ ကြိုးပမ်းဖော်ဆောင်ရတာ ဖြစ်ပါတယ်”ဟု အုပ်ချုပ်ရေးမှူးက ပြောသည်။

စီမံချက်ပါလုပ်ငန်းများ

မိုးယွန်းကြီးအင်းဘေးမဲ့တောမှ သစ်တောဦးစီးဌာနဝန်ထမ်းများသည် စီမံချက်ပါလုပ်ငန်းများ ဖြစ်သည့် အင်းအတွင်းနှင့် ဆက်စပ်ဧရိယာများတွင် တရားမဝင်လုပ်ငန်းများ လျော့နည်းပပျောက်စေရန်နှင့် ငှက်များဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်းမရှိစေရန်၊ သတ်မှတ်ထားသည့် ဇုန်စည်းကမ်းများအားလိုက်နာစေရန် ကင်းလှည့်ထိန်းသိမ်းခြင်း၊ ပတ်ဝန်းကျင်ကျေးရွာရှိ ကျောင်းများနှင့် ဒေသခံပြည်သူများအား ဆောင်းခိုငှက်များ ထိန်းသိမ်းခြင်းနှင့် ကင်းလှည့်ထိန်းသိမ်းရေး လုပ်ငန်းများတွင် ပူးပေါင်းပါဝင်လာစေရန် ပညာပေးဟောပြောခြင်း၊ ဆောင်းခိုငှက်နှင့် ဌာနေရေပျော်ငှက်မျိုးစိတ်များ တိုးပွားမှု၊ လျော့နည်းမှုနှင့် ပျံ့နှံ့ကျက်စားမှု စောင့်ကြည့်လေ့လာခြင်း ငှက်စာရင်းကောက်ယူခြင်းလုပ်ငန်းများကို ဆောင်ရွက်ရသည်။

ထို့အတူ အင်းပတ်ဝန်းကျင်ရှိ ရေနေပင်စာရင်းကောက်ယူခြင်း၊ ငါးမျိုးစိတ်စာရင်းကောက်ယူခြင်း၊ ရေအတိမ်အနက်နှင့် အရည်အသွေးတိုင်းတာခြင်းစသည့် နေရင်းဒေသ ပြန်လည်တည်ထောင်ခြင်း လုပ်ငန်းများကို နှစ်အလိုက် လုပ်ငန်းလျာထားချက်များချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

သစ်တောဦးစီးဌာနက ဝန်းကျင်ဂေဟာစနစ်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် ရေပျော်ဌာနေငှက်မျိုးစိတ် ၂၇ မျိုး၊ ဆောင်းခိုငှက်မျိုးစိတ် ၅၅ မျိုး၊ သစ်တောငှက်မျိုးစိတ် ၁၀၆ မျိုး စုစုပေါင်း

စာမျက်နှာ ၇ သို့ ■

ခရုစုတ်ငှက်

မကွေးတိုင်းဒေသကြီး၏ သီးနှံစိုက်စွမ်းအားတိုးမြှင့်ရေး ကြိုးပမ်းဆောင်ရွက်

နေပြည်တော် မေ ၃၀

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် မေ ၂၉ ရက် နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး မကွေးမြို့ ကံလှကျေးရွာ တောင်သူဦးဇော်မင်း၏ နေကြာမျိုးစေ့ထုတ်စိုက်ခင်းသို့ရောက်ရှိပြီး ဆီထွက်သီးနှံ တိုးချဲ့စိုက်ပျိုးရေး၊ တောင်သူများ၏ဝင်ငွေတွက်ခြေကိုက်မည့် အရည်အသွေးကောင်း မျိုးကောင်းမျိုးသန့်များ အသုံးပြုနိုင်ရေး၊ သွင်းအားစု အရင်းအနှီးရရှိရေးနှင့် နည်းပညာပြန့်ပွားရေးကို အလေးထားဆောင်ရွက်ကြရန်မှာကြားပြီး တောင်သူများ၏ တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တောင်တွင်းကြီးမြို့နယ် ဝက္ကသေးကျေးရွာအုပ်စု တောင်သူ ဦးမျိုးထွန်း၏ Drum Seeder စနစ်ဖြင့် စိုက်ပျိုးထားသည့် ရွှေမနော်စပါးမျိုး ဧက ၅၀ စိုက်ခင်းသို့ ရောက်ရှိပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံဆွေးနွေးသည်။ **(အပေါ်ယာပုံ)**

အလားတူ တောင်တွင်းကြီးမြို့နယ် ချောင်းနက်ကျေးရွာ စိုက်ပျိုးရေးဦးစီးဌာန သကြားထွက်သီးနှံဌာနခွဲ ကြံသီးနှံသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ(ကင်ပွန်းတောင်)နှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာန စက်မှုသီးနှံနှင့် နှစ်ရှည်ပင်များ သုတေသနဌာနခွဲ ကင်ပွန်းတောင် စိုက်ပျိုးရေးသုတေသနခြံများသို့ ရောက်ရှိပြီး ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေရှိပြီး ရေရှည်တည်တံ့သည့် အထွက်ကောင်းမျိုးများ တောင်သူများလက်ဝယ်အရောက် ဖြန့်ဖြူး၍ ပညာပေးလုပ်ငန်းများကို ခေတ်စနစ်နှင့်အညီ ပညာပေးဆောင်ရွက်ကြစေလိုကြောင်း မှာကြားသည်။

ထို့အတူ မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် နေကြာစိုက်တောင်သူများနှင့်တွေ့ဆုံ၍ ပြည်တွင်းစားသုံးသူများ သန့်ရှင်းပြီး ကျန်းမာရေးနှင့် ညီညွတ်သောစားသုံးဆီ စားသုံးနိုင်ရန်နှင့် ဖူလုံရန်၊ ဆီထွက်သီးနှံနေကြာ စိုက်ပျိုးထုတ်လုပ်လျက်ရှိသည့်တောင်သူများအနေဖြင့် အထွက်ကောင်း မျိုးကောင်းမျိုးသန့်များကို ရွေးချယ်၍ စိုက်စနစ်မှန်ကန်စွာ စိုက်ပျိုးကြမှသာ တောင်သူတစ်ဦးချင်းဝင်ငွေတိုးလာမည်ဖြစ်ကြောင်း မှာကြားသည်။

ဆက်လက်၍ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန နတ်မောက်မြို့နယ် ဘုန်းတော်ပြည့်ကျေးရွာအနီးရှိ နတ်မောက်ရေလွှဲဆည်သို့ ရောက်ရှိပြီး ဆည်ရေသောက်ဧရိယာအတွင်းရှိ စိုက်ကွင်းများတွင် ဒေသရေမြေ ရာသီဥတုနှင့် လိုက်လျောညီထွေပြီး တောင်သူများအတွက် ဝင်ငွေရတွက်ခြေကိုက်သီးနှံများ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် သီးနှံပုံစံများ ချမှတ်ဆောင်ရွက်ကြစေလိုကြောင်း မှာကြားပြီး ရေလွှဲဆည်မှ စိုက်ပျိုးရေပေးဝေနေမှုများနှင့် တမံကြီ့ခိုင်မှုကို ကြည့်ရှုစစ်ဆေးသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် နတ်မောက်မြို့နယ် တံခွန်တိုင်ကျေးရွာ တောင်သူ ဦးဘိုညိ၏ မြေပဲနှင့် နေကြာသီးညှပ်စိုက်ခင်းသို့ ရောက်ရှိပြီး တောင်သူများနှင့်တွေ့ဆုံ၍ ပြည်တွင်း စားသုံးဆီ ဖူလုံရေး၊ သွင်းကုန်အစားထိုးနိုင်ရေးအတွက် ဆီထွက်သီးနှံများကို တိုးချဲ့စိုက်ပျိုးရာတွင် ရေမြေဒေသ ရာသီဥတုနှင့်ကိုက်ညီပြီး အထွက်ကောင်းမျိုးသန့်များကို စိုက်စနစ်မှန်ကန်စွာ စိုက်ပျိုးကြရန်လိုကြောင်း သို့မှသာ တောင်သူတစ်ဦးချင်း အထွက်နှုန်းကောင်းပြီး ဝင်ငွေတိုးလာမည်ဖြစ်ကြောင်း ပြောကြားပြီး မြေပဲနှင့် နေကြာသီးညှပ်စိုက်ခင်းကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

မော်လမြိုင်ကျွန်းမြို့နယ်၌ မိုးရာသီအကြိုသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

မော်လမြိုင်ကျွန်း မေ ၃၀

ဧရာဝတီ တိုင်းဒေသကြီး မော်လမြိုင်ကျွန်း မြို့နယ်၌ သစ်တောသစ်ပင်များ စိမ်းလန်းစိုပြည်ရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအသိများ နိုးကြားစေရန်ရည်ရွယ်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် မြို့နယ်သစ်တောဦးစီးဌာနမှ ကျင်းပသော ၂၀၂၂ ခုနှစ် မိုးရာသီအကြို သစ်ပင်စိုက်ပွဲကို ယနေ့နံနက် ၁၀ နာရီက ကွမ်းခြံကုန်းကျေးရွာအုပ်စု ကွမ်းခြံကုန်းကျေးရွာ ရွာမဋ္ဌ ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲသို့ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသီဟဇော်၊ အတွင်းရေးမှူး ရဲမှူးမိုးစိန်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အရာရှိ ဦးမင်းဇော်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်သစ်တောဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းမင်းဌေးနှင့် ဝန်ထမ်းများ၊ ဌာနေပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ ကွမ်းခြံချောင်းကျေးရွာနေပြည်သူများစုပေါင်း၍ မန်ဂျန်ရှားပျိုးပင် ၃၀၀ နှင့် မဟော်ဂနီပျိုးပင် ၃၀၀ စုစုပေါင်းပျိုးပင် ၆၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြပြီး အဆိုပါ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲသို့ ဒေသခံပြည်သူ ၁၅၀ ခန့် တက်ရောက်စိုက်ပျိုးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ပေါက်ခေါင်းမြို့နယ်၌ မိုးရာသီအကြို စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ပေါက်ခေါင်း မေ ၃၀

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်၌ မြို့နယ်သစ်တောဦးစီးဌာနမှ ဦးဆောင်၍ ၂၀၂၂ ခုနှစ် မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့နံနက် ၉ နာရီက သဖန်းကိုင်း ကျေးရွာအုပ်စု မင်းလမ်း-စက်တုံး ကျေးရွာချင်းဆက်လမ်းဘေး ရှားပြင်ကြိုးဝိုင်းအကွက်အမှတ်(၁၇)၌ ကျင်းပသည်။

စိုက်ပျိုး

အဆိုပါ မိုးရာသီအကြိုသစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးသူမောင်နှင့် အဖွဲ့ဝင်များ၊ သစ်တောဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေမျိုးဝင်းနှင့် ဝန်ထမ်းများ၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ဒေသခံပြည်သူ စုစုပေါင်းအင်အား ၈၈ ဦးခန့်က ကျွန်းပင် ၉၀၊ ပိတောက် ၁၅ ပင်၊ ပျဉ်းကတိုး ၁၅ ပင်၊ ယင်းမာ ၁၅ ပင်၊ ရေတမာ ၁၅ ပင်၊ စိန်ပန်း ပင် ၂၀၊ ဗာဒံ ၁၅ ပင်၊ ကသစ် ၁၅ ပင် စုစုပေါင်းသစ်ပင် ၂၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

■ စာမျက်နှာ ၆ မှ

၁၈၅ မျိုး တည်ရှိသည်။ မိုးယွန်းကြီးအင်းဘေးမဲ့တောသို့ ကျရောက်ကျက်စားသည့် ဆောင်းခိုငှက်များသည် နှစ်စဉ် အောက်တိုဘာလကုန်မှ ဧပြီလအထိ အာရှဗဟိုပျံသန်းလမ်းကြောင်း (Central Asian Flyway) နှင့် အရှေ့အာရှ-ဩစတြေးလျ (East Asia Australasian Flyway) ပျံသန်းလမ်းကြောင်းတို့မှ ဝင်ရောက်လေ့ရှိသည်။

ခရုစုတ်၊ ခရုတုတ်၊ ခရုစုတ်ခေါင်းမည်း၊ စစ္စလီ၊ ငဟစ်၊ ငှက်ကျား၊ တောဝမ်းဘဲ၊ ငှက်ကြီးဝန်ပို၊ ကြိုးကြာခေါင်းနီ၊ ဘဲရစ်၊ မောက်တင်ဘဲ၊ ဘဲပြာကလေး၊ မြစ်တွေး၊ စင်ရော်၊ ဘဲအစရှိသည့် ငှက်မျိုးစိတ်များသည် အာရှဗဟိုပျံသန်းလမ်းကြောင်းမှ ဝင်ရောက်သည်။ ရေညှောင့်၊ ဒေါင်းလန်းခြေထောက်၊ တလိုင်းခေါင်း၊ ဂျေ့ဒွစ်၊ သောင်တင်းငှက်၊ ကြိုးကြာခေါင်းမည်း၊ ပို့ချုပ်ခေါင်းနီ (Ferruginous Duck)၊ ငှက်နှုတ်သီးလန် စသည့်ဆောင်းခိုငှက်မျိုးစိတ်များသည် အရှေ့အာရှ- ဩစတြေးလျ (East Asia Australasian Flyway) ပျံသန်းလမ်းကြောင်းမှ ဝင်ရောက်ကြောင်း သစ်တောဦးစီးဌာန သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သားငှက်ထိန်းသိမ်းရေးဌာနမှ သိရသည်။

"အင်းထဲကို လာရောက်ကျက်စားတဲ့ ငှက်မျိုးစိတ်ကတော့ ၁၈၅ မျိုး၊ ငှက်ကောင်ရေ ၃၀၀၀၀ နဲ့အထက် ရှိတယ်။ ဒီထဲမှာ မျိုးသုဉ်းဖို့ အန္တရာယ်ရှိတဲ့ငှက်မျိုးစိတ် ကြိုးကြာ (Sarus Crane-VU)၊ ငှက်ကြီးဝန်ပို (Spotbilled Pelican- NT)၊ ခရုစုတ်ခေါင်းမည်း (Black headed Ibis- NT)၊ ငှက်ကျား(Painted Stork-NT)၊ ဥပန်း(Oriental Darter – NT)၊ လင်းယုန်(Greater spotted Eagle-NT)၊ မြစ်တွေး (River Tem- NT)၊ ဂျေ့ဒွစ် (Black-tailed God-NT)၊ စာဘုန်းကြီး (Asian Golden Weaver – EN) ကိုးမျိုးနဲ့ ဆောင်းခိုငှက်မှတ်တမ်းသစ် (New record) ဒေါင်းလန်းခြေထောက်(White-headed Stilt)၊ ငှက်နှုတ်သီးလန် (Pied Avocent)၊ စင်ရော် (Pallas's Gull)၊ စင်ရော် (Heuglin's Gull)၊ မြစ်တွေး (Caspian Tern)၊ (Red- Breasted Mergansar)၊ (Northern Shoveler)၊ (Short-tailed Shearwater)၊ ကြိုးကြာခေါင်းမည်း(Common Crane) တွေကို မှတ်တမ်းတင်ထားရှိပါတယ်။ ဒါကြောင့် စနစ်တကျထိန်းသိမ်းစောင့်ရှောက်ဖို့ လိုအပ်တဲ့အတွက် ကျွန်မတို့ဌာနအနေနဲ့ ထိန်းသိမ်းရေးလုပ်ငန်း၊ သုတေသနလုပ်ငန်းတွေ ဆောင်ရွက်ရသလို ပတ်ဝန်းကျင်ကျေးရွာတွေကို အင်းကပေးတဲ့ ဂေဟစနစ်ကို နားလည်ထိန်းသိမ်းနိုင်အောင်လည်း အသိပညာပေးရပါတယ်"ဟု အုပ်ချုပ်ရေးမှူးက ပြောသည်။

သစ်တောဦးစီးဌာနအနေဖြင့် ကျေးရွာလူမှုရေး အသင်းအဖွဲ့အစည်းများ ပူးပေါင်းပါဝင်ရန်၊ ရေလုပ်သားအဖွဲ့က အင်း၏ထိန်းသိမ်းရေး လုပ်ငန်းများတွင် ပူးပေါင်းပါဝင်ရန်၊ ပြည်တွင်း၊ ပြည်ပ ဧည့်သည်များ သဘာဝဂေဟစနစ်များကို လေ့လာ၍ အပန်းဖြေအနားယူနိုင်ရန်၊ ဒေသခံများ၏ လူနေမှုဘဝများကို လေ့လာနိုင်ရန်အတွက် စီမံဆောင်ရွက်လျက်ရှိပြီး သုတေသနလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ၏ပထမဆုံး ရမ်ဆာရေဝပ်ဒေသ

မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည် မြန်မာနိုင်ငံ၏ပထမဆုံး ရမ်ဆာရေဝပ်ဒေသ(Ramsar Site) ဖြစ်ခြင်း၊ အရေးကြီးသော ငှက်ထိန်းသိမ်းရေးဧရိယာဖြစ်ခြင်းနှင့် အရှေ့-အာရှ-ဩစတြေးလျငှက်ပျံသန်းရာလမ်းကြောင်း၏ (Flyway Network Site) များဖြစ်ခြင်းတို့ကြောင့် ဆောင်းခိုရေပျော်ငှက်များနှင့် ဧီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့စေရန်အတွက် အစားအစာနှင့် စားကျက်များကို စဉ်ဆက်မပြတ် ထောက်ပံ့ပေးလျက်ရှိသည်။ ထို့ကြောင့် သစ်တောဦးစီးဌာနသည် ဘေးမဲ့တော ထိန်းသိမ်းရေးလုပ်ငန်းများကို တစ်ဖက်မှ ဆောင်ရွက်လျက်ရှိသကဲ့သို့ တစ်ဖက်မှလည်း ဒေသခံများအနေဖြင့် ဂေဟစနစ်ကို မှီတည်ပြီး အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများကို ရေရှည်အကျိုးရှိစွာ အသုံးပြုတတ်စေရန်နှင့် ထိန်းသိမ်းရေး အသိပညာမြင့်မားလာစေရန်တို့ကို ဟန်ချက်ညီစွာ ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြရေးသားလိုက်ရပါသည်။ ။

တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများအား ပြန်လည်ဖိတ်ခေါ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဦးတည်ချက် (၉) ရပ်ချမှတ်ဆောင်ရွက်လျက်ရှိရာ တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးဆိုသည့် လူမှုရေးဦးတည်ချက် တစ်ရပ်ကိုလည်း ထည့်သွင်းချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်၏ လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် မျိုးဆက်သစ်လူငယ်များ၏ ပညာရည်မြင့်မားရေးအတွက် ပညာသင်အခွင့်အလမ်းပုံမှန်ပြန်လည်ရရှိစေရေးကို အထူးအလေးထား ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

မျိုးဆက်သစ်လူငယ်များ၏ ပညာရေးကို ရှေးရှု၍ နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများကို ၁-၁၁-၂၀၂၁ ရက်နေ့တွင်လည်းကောင်း၊ အဆင့်မြင့်ပညာတက္ကသိုလ်/ ကောလိပ်များကို ၁၂-၅-၂၀၂၂ ရက်နေ့တွင်လည်းကောင်း ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ပါသည်။ ဆက်လက်၍ ၂၀၂၂-၂၀၂၃ ခုနှစ် ပညာသင်နှစ်အတွက် အခြေခံပညာသင်ကျောင်းများကို ၂-၆-၂၀၂၂ ရက်နေ့တွင် ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။

အနာဂတ်၏ခေါင်းဆောင်များ ဖြစ်လာကြမည့် မျိုးဆက်သစ်လူငယ်များ၏ ပညာရည်မြင့်မားရေးကို ဆောင်ရွက်ရာတွင် အခြေခံပညာရေးသည် များစွာအဓိကကျပါသည်။ အခြေခံပညာ သင်ကြားကြမည့် ကျောင်းသားလူငယ်များ ပညာရည်နှိုးကို အပြည့်အဝသောက်စို့နိုင်ရန်နှင့် အရည်အသွေးပြည့်ဝပြီး ဆရာ၊ တပည့် အချိုးမျှတသည့် သင်ကြားမှုစနစ်ဖြစ်စေရန်အတွက် အတွေ့အကြုံရှိ ဆရာ ဆရာမများ လိုအပ်ပါသည်။ ခြိမ်းခြောက်အကျပ်ကိုင်ခံရမှုကြောင့် လည်းကောင်း၊ ငြိမ်းချမ်းစွာ ဆန္ဒပြမှုများတွင် ပါဝင်ခဲ့မိသောကြောင့်လည်းကောင်း စိုးရိမ်ကြောင့်ကြမှုများကြောင့် တာဝန်မှကင်းကွာခဲ့ကြသော ပညာရေးဝန်ထမ်း ဆရာ ဆရာမများ၊ ဝန်ထမ်းစည်းကမ်းဖြင့် အရေးယူခံထားရသည့် ဆရာ ဆရာမများအနေဖြင့် နိုင်ငံသားမျိုးဆက်သစ်လူငယ်များအတွက် စေတနာ၊ ဝါသနာ၊ အနစ်နာဟူသော နာသုံးနာကို ရှေးရှု၍ သင်ကြားရေးတာဝန်များကို ပြန်လည်ထမ်းဆောင်နိုင်ရန်အတွက် မိမိတို့၏ သဘောဆန္ဒအလျောက် မိမိတို့နောက်ဆုံးတာဝန်ထမ်းဆောင်ခဲ့ရာ ကျောင်းတည်ရှိသည့် မြို့နယ်ပညာရေးမှူးရုံးသို့ဖြစ်စေ၊ မိမိတို့လက်ရှိနေထိုင်ရာဒေသရှိ နီးစပ်ရာ မြို့နယ်ပညာရေးမှူးရုံးသို့ဖြစ်စေ သတ်မှတ်ပုံစံများဖြည့်စွက်ရန်နှင့် အယူခံလွှာတင်သွင်းရန်တို့ အတွက် ၃၁ - ၅ - ၂၀၂၂ ရက်နေ့မတိုင်မီ သတင်းပို့ကြရန် ဖြစ်ပါသည်။

တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများအနက် တာဝန်ထမ်းဆောင်ရန် အကြောင်းအမျိုးမျိုးကြောင့် ခွင့်မဲ့ပျက်ကွက်နေသောဝန်ထမ်းများ၊ ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးဆဲ ဝန်ထမ်းများနှင့် အယူခံတင်သွင်းသည့် ဝန်ထမ်းများအား တာဝန်ပျက်ကွက်ခဲ့သည့် ကာလများကို လစာမဲ့ခွင့်အဖြစ်သတ်မှတ်၍ ကြီးလေးသော ရာဇဝတ်မှုကျူးလွန်ထားသူများမှအပ တာဝန်ပြန်လည်ထမ်းဆောင်နိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
သတင်းထုတ်ပြန်ရေးအဖွဲ့

ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့ ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပ

လားရှိုး မေ ၃၀

ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်နယ်ပညာရေးမှူးရုံး(ရုံးခွဲ) လားရှိုးမြို့၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပြည်နယ်အဆင့် ကျောင်းအပ်နှံရေးနေ့ကို မေ ၂၉ ရက် နံနက် ၉ နာရီက လားရှိုးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း မောချယ်ရီခန်းမ၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပြည်နယ်အဆင့် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ်က ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိမြို့နယ်ပေါင်း ၂၃ မြို့နယ်ကို ကျောင်းအပ်နှံရေးဆိုင်ရာ မြေစိုက်ပိုစတာများ၊ နံရံကပ်ပိုစတာများ၊ ညွှန်ကြားချက်များကို အချိန်မီဖြန့်ဝေပေးခဲ့ပြီး ကျောင်းအပ်နှံရေးလုပ်ငန်းများကို လူထုလှုပ်ရှားမှုအသွင်နှင့် ဆောင်ရွက်ခဲ့ပါကြောင်း၊ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များကို ပထမတန်းမှ ပဉ္စမတန်းအထိ မူလတန်းဆင့် ကလေးတိုင်းအတွက် တစ်ဦးလျှင် တစ်ဒါဇင်နှုန်းနှင့် ဗလာစာအုပ် ဒါဇင်ပေါင်း ၂၇၄၇၂၀ ကို ဖြန့်ဝေပြီးဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လားရှိုးမြို့ အကထ(၁)၊ အလက(၅)နှင့် အထက(၆) တို့တွင် အတန်းလိုက် ကျောင်းသားကျောင်းသူများ ကျောင်းလာရောက်အပ်နှံနေမှုကို ကြည့်ရှု၍ ဗလာစာအုပ်၊ ဘောပင်၊ ခဲတံတို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

လက်ပံတန်း၌ ကျောင်းအပ်နှံရေးနေ့ အခမ်းအနား ကျင်းပ

လက်ပံတန်း မေ ၃၀

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့ မအူကုန်ရပ်ကွက် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း နဝဒေးခန်းမ၌ မေ ၃၀ ရက် နံနက် ၉ နာရီက ကျောင်းအပ်နှံရေးအခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့အတွင်းရေးမှူး ရဲမှူးတင်ဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်ခင်စန်းမြင့်က မြို့နယ်၏ ကျောင်းအပ်နှံရေးဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးတင်စိုးရှိန်က ပညာရေးဝန်ကြီးဌာနမှ ကျောင်းသားကျောင်းသူများအတွက် ထောက်ပံ့သော ပုံနှိပ်စာအုပ်များအား မြို့နယ်ပညာရေးမှူးထံ ပေးအပ်ပြီး တက်ရောက်လာကြသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သက်ဆိုင်ရာကျောင်းအုပ် ဆရာကြီး၊ ဆရာမကြီးများသို့ စာအုပ်နှင့် စာရေးကိရိယာများ ပေးအပ်ကြကြောင်း သိရသည်။

အောင်ဆင့်

အင်းစိန်မြို့နယ်၌ ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပ

ရန်ကုန် မေ ၃၀

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ကျောင်းအပ်နှံရေးအခမ်းအနားကို ယနေ့နံနက် ၉ နာရီက အင်းစိန် အထက(၁)ရှိ ဧရာဝတီခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်မြောက်ပိုင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်က အမှာစကားပြောကြားပြီး အင်းစိန်မြို့နယ်ပညာရေးမှူး ဒေါ်ဝင်းဝင်းနွယ်က ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက ကျောင်းသားကျောင်းသူများအား နိုင်ငံတော်မှ အခမဲ့ဖြန့်ဝေသော ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ်၊ ခဲတံ၊ ဘောပင်၊ ကျောင်းဝတ်စုံများ၊ ကျောင်းသုံးပစ္စည်းများနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးသုံးပစ္စည်းများ ပေးအပ်ခဲ့သည်။

မြင့်ဦး

ခရမ်းမြို့နယ်၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပ

ခရမ်း မေ ၃၀

၂၀၂၂-၂၀၂၃ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း စိန်ရတုခန်းမ၌ ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်မှအခမဲ့ဖြန့်ဝေသော ကျောင်းသုံးပုံနှိပ်စာအုပ်၊ ဗလာစာအုပ်၊ ခဲတံ၊ ဘောပင်နှင့် ကျောင်းဝတ်စုံများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းနှင့် တာဝန်ရှိသူများက ကျောင်းသားကျောင်းသူများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

ကိုမင်း(ခရမ်း)

ရေကြည်မြို့နယ်၌ ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပ

ရေကြည် မေ ၃၀

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ပညာရေးမှူးရုံးရှိ နဝရတ်ခန်းမ၌ မေ ၃၀ ရက် နံနက်ပိုင်းက ကျောင်းအပ်နှံရေးနေ့ အခမ်းအနား ကျင်းပသည်။

ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းဝင်းက အခမ်းအနား အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြို့နယ်ပညာရေးမှူး ဆရာကြီး ဦးသန်းမော်က ကျောင်းအပ်နှံရေးနေ့ ဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

လှူဒါန်း

ထို့နောက် သက်ဆိုင်ရာတာဝန်ရှိသူများက နိုင်ငံတော်မှ ပံ့ပိုးသည့် ကျောင်းသုံးပုံနှိပ်ပြဋ္ဌာန်းစာအုပ်များကို လွှဲပြောင်းပေးအပ်ခြင်းနှင့် လက်ခံရယူခြင်း၊ ကျောင်းသုံးဗလာစာအုပ်များ လွှဲပြောင်းပေးအပ်ခြင်းနှင့် ကျောင်းသားကျောင်းသူများက လက်ခံရယူခြင်း၊ အလှူရှင်၊ စေတနာရှင်များက လှူဒါန်းသည့် အလှူငွေ၊ ကျောင်းဝတ်စုံနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းခြင်းနှင့် လက်ခံရယူခြင်းများကို ဆောင်ရွက်ခဲ့ကြပြီး ကျောင်းသားကျောင်းသူများက ဇာတိမာန်သီချင်းကို ဂုဏ်ပြုသီဆိုကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

သင်္ဘောကျွန်းမြို့နယ်၌ ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပ

ရန်ကုန် မေ ၃၀

ရန်ကုန် အရှေ့ပိုင်းခရိုင် သင်္ဘောကျွန်းမြို့နယ် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် မြို့နယ်လုံးဆိုင်ရာ ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက သင်္ဘောကျွန်း အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း သပြေခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ပညာရေးမှူး ဒေါ်စုစုခင်က ကျောင်းအပ်နှံရေးနေ့ အခမ်းအနားနှင့် ကျောင်းအပ်နှံမှုကို ရှင်းလင်းပြောကြားပြီး သင်္ဘောကျွန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးဇေဝဏ္ဏလှိုင်က အဖွင့်အမှာစကား ပြောကြားသည်။

ရန်ကုန် အရှေ့ပိုင်းခရိုင် ပညာရေးမှူး ဒေါ်စုစုခင်က ကျောင်းအပ်နှံမှု အခမ်းအနားနှင့် စပ်လျဉ်း၍ "အရှေ့ပိုင်းခရိုင်မှာလျာထားတဲ့ အင်အားက ၁၂၈၄၃၄ ဦး ဖြစ်ပြီးတော့ မေ ၂၉ ရက်အထိ အပ်နှံထားတဲ့အင်အားက ၁၅၃၂၆၅ ဦး ဖြစ်တဲ့အတွက် ကျောင်းသား ကျောင်းသူ ၂၄စဝ၁ ဦး ကျော်လွန်အပ်နှံထားပြီး ဖြစ်ပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းမတက်ဖြစ်တဲ့ ကလေးတွေ အားလုံးပညာသင်ယူတဲ့ အခွင့်အလမ်းမပျောက်စေဖို့အတွက် ကျွန်မတို့ ဆရာ ဆရာမတွေက နွေးထွေးစွာ ကြိုဆိုလျက်ရှိပါတယ်။ သားတွေ သမီးတွေအတွက် အကောင်းဆုံး စီမံဆောင်ရွက်ပေးဖို့ လျာထားဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့် ပညာသင်ယူမယ့်အရွယ် ကလေး တွေဟာ ပညာသင်ယူဖို့ အခွင့်အလမ်းမပျောက်ဖို့ ကျောင်းတွေရဲ့ရင်ခွင်၊ ဆရာ ဆရာမတွေရဲ့ ရင်ခွင်ကို ပြန်လည် ခိုလှုံလာဖို့အတွက် ဒီနေရာကနေ မေတ္တာရပ်ခံတိုက်တွန်းလိုပါတယ်" ဟု ပြောသည်။

ယင်းနောက် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာနမှ အခမ့်ထောက်ပံ့ပေးသည့် ကျောင်းသုံးပုံနှိပ်စာအုပ်၊ ဗလာစာအုပ်နှင့်စာရေးကိရိယာများကို ကျောင်းသား ကျောင်းသူများအား အရှေ့ပိုင်းခရိုင်ပညာရေးမှူး ဒေါ်စုစုခင်၊ သင်္ဘောကျွန်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့အဖွဲ့ဝင် ဦးဇေဝဏ္ဏလှိုင်နှင့် မြို့နယ်ပညာရေးမှူး ဦးသိန်းထွန်းတို့က ထောက်ပံ့ပေးအပ်သည်။

သင်္ဘောကျွန်းမြို့နယ်၌ အထက်တန်းကျောင်း ငါးကျောင်း၊ အထက်တန်းကျောင်း(ခွဲ) နှစ်ကျောင်း၊ အလယ်တန်းကျောင်း ငါးကျောင်း၊ မူလတန်းကျောင်း ၃၅ ကျောင်း စုစုပေါင်း ၄၇ ကျောင်း၊ ကိုယ်ပိုင်ကျောင်း ၁၃ ကျောင်းနှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ခြောက်ကျောင်းရှိသည်။ အရှေ့ပိုင်းခရိုင်၌ သင်္ဘောကျွန်းမြို့နယ် အပါအဝင် မြို့နယ် ၁၄ မြို့နယ်ရှိပြီး ကျောင်းပေါင်း ၄၇၅ ကျောင်းရှိကြောင်း သိရသည်။

သတင်းနှင့်ဓာတ်ပုံ - ရတီ

အနောက်မြောက်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံ၊ စာရေးကိရိယာနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ ပေးအပ်

နေပြည်တော် မေ ၃၀

၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားကြမည့် အနောက်မြောက်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံ၊ စာရေးကိရိယာနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ ပေးအပ်ခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ် ဇေယျာသီရိခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ် သန်းထိုက်နှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားကြမည့် မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းသား ကျောင်းသူ ၁၃၉၁ ဦးအတွက် ကျောင်းဝတ်စုံ၊ စာရေးကိရိယာနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ ပေးအပ်ရာ ကျောင်းသား ကျောင်းသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။

သတင်းစဉ်

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် မေ ၃၀

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

မိုး/ဇလ

မော်ဘီမြို့နယ်၌ မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပ

မော်ဘီ မေ ၃၀

ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ်တွင် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် မော်ဘီမြို့နယ် ပညာရေးမှူးရုံး၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးအောင်ကြည်နှင့် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးဝင်းစိုးက အခမ်းအနား ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ ခရိုင် ပညာရေးမှူး ဒေါက်တာသင်းမာလာက ကျောင်းအပ်နှံရေးနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက နိုင်ငံတော်မှထောက်ပံ့သည့် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသုံး ပြဋ္ဌာန်းစာအုပ်များ၊ ဗလာစာအုပ်များ၊ ခဲတံ၊ ဘောပင်များနှင့် ကျောင်းသုံး ပစ္စည်းများကို ကျောင်းသား ကျောင်းသူများထံ ပေးအပ်ခဲ့သည်။

ဉာဏ်ဟိန်း

မိုင်းရယ်မြို့၌ မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကျင်းပ

မိုင်းရယ် မေ ၃၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ယနေ့နံနက် ၉ နာရီက မိုင်းရယ်မြို့ အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ထို့နောက် အမှတ်(၃၅၀) အမြောက်တပ်ရင်းမှ ဒုတိယဗိုလ်မှူးကြီး တင်မောင်ဝင်းနှင့် ဗိုလ်မှူးမျိုးကျော်က ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးစာအုပ်များကို ပေးအပ်ရာ မြို့နယ် ဒုတိယပညာရေးမှူး ဦးမျိုးဇော်ဦးနှင့် အခြေခံပညာ အထက်တန်းကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးမြင့်တို့က လက်ခံရယူသည်။

မိုင်းရယ်မြို့နယ်၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် အခြေခံပညာကျောင်းပေါင်း ၁၀၁ ကျောင်းရှိရာမှ ၉၈ ကျောင်းဖွင့်လှစ်နိုင်မည်ဖြစ်ကြောင်း၊ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် မေ ၂၈ ရက်အထိ အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းများမှ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၀၁၀ ကျောင်းအပ်နှံပြီးစီးခဲ့ပြီး ဇွန် ၁ ရက်အထိ ကျောင်းအပ်လက်ခံလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ပညာရေးဝန်ကြီးဌာန

၂၀၂၂ -၂၀၂၃ ပညာသင်နှစ်

"ကျောင်းနေအရွယ်ကလေးအားလုံး
ပညာသင်ယူခွင့်ရရှိဖို့ ကျောင်းအပ်နှံကြပါစို့"

ကျောင်းအပ်နှံရေးသီတင်းပတ် ၂၀၂၂ ခုနှစ်၊ မေလ(၂၆)ရက်မှ ဇွန်လ (၁)ရက်ထိ

ပညာရေးဝန်ကြီးဌာန

၂၀၂၂ -၂၀၂၃ ပညာသင်နှစ်

"အသိပေးကြေညာချက်"

❖ ၅ နှစ်အရွယ် ကလေးများကို သူငယ်တန်း (KG) သို့ အပ်နှံရန်။

❖ ၆ နှစ်အရွယ် ကလေးများကို ပထမတန်း (Grade-1) သို့ အပ်နှံရန်။

သတိထားပါ မျောက်ကျောက်ရောဂါ

တင်ထက်ထက်ဇော်



၁၉၅၈ ခုနှစ်တွင် ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့ရှိ ဓာတ်ခွဲခန်းအတွင်းက မျောက်များတွင် ဗိုင်းရပ်စ်ရောဂါပိုးတစ်မျိုးကို စတင်တွေ့ရှိခဲ့သဖြင့် Monkeypox (မျောက်ကျောက်ရောဂါ)ဟု အမည်ပေးခဲ့ခြင်းဖြစ်ပါသည်။ အဆိုပါ ရှားပါးကူးစက်ရောဂါတစ်မျိုးဖြစ်သော မျောက်ကျောက်ရောဂါသည် အာဖရိကတိုက်၏ ကွန်ဂိုနိုင်ငံ၊ ၎င်းဒေသ၏ အလယ်ပိုင်းနှင့် အနောက်ပိုင်းနိုင်ငံရှိ အပူပိုင်းမိုးသစ်တောများတွင် ၁၉၇၀ ပြည့်လွန်နှစ်များက လူများ၌ စတင်ဖြစ်ပွားခဲ့ပြီး ၁၉၉၀ ပြည့်လွန်နှစ်များအတွင်း ပပျောက်သွားခဲ့သည်။

မျောက်ကျောက်ရောဂါသည် ၂၀၀၀ ပြည့်နှစ်နောက်ပိုင်းတွင် တောင်ဆူဒန်နှင့် အခြားအာဖရိကနိုင်ငံများ၌ ပြန်လည်ပေါ်ထွန်းလာခဲ့ပါသည်။ ၂၀၀၃ ခုနှစ် မေလတွင် အမေရိကန်ပြည်ထောင်စု ဝစ္စကိုဆင်ပြည်နယ်မှ ကလေးငယ်တစ်ဦး ခွေးကိုက်ခံရပြီးနောက် ထိုရောဂါကူးစက်ခံခဲ့ရသည်။ အမေရိကန်ပြည်ထောင်စု၌ဖြစ်ပွားခဲ့သော ယင်းကူးစက်ရောဂါသည် ဂါနာနိုင်ငံမှတင်သွင်းသော ကြွက်များကို ရောင်းချသည့် အိမ်မွေးတိရစ္ဆာန်စတိုးဆိုင်မှ စတင်ဖြစ်ပွားသည်ဟုလည်းဆိုကြသည်။

ယခုအခါ အဆိုပါ မျောက်ကျောက်ရောဂါကို ဗြိတိန်နိုင်ငံတွင် အများဆုံးတွေ့ရသည်။ ၂၀၂၂ ခုနှစ် မေလအစောပိုင်းတွင် နိုင်ဂျီးရီးယားနိုင်ငံသို့ ခရီးထွက်ခဲ့သော ဗြိတိန်နိုင်ငံသားသည် မေလ ၄ ရက်နေ့တွင် နေရပ်သို့ပြန်လည်ရောက်ရှိလာပြီး မေလ ၆ ရက်နေ့တွင် ဗိုင်းရပ်စ်ပိုးရှိကြောင်း တွေ့ရှိခဲ့သည်။ သြစတြေးလျှ၌ ကူးစက်ခံရသူတစ်ဦးမှာလည်း ဗြိတိန်နိုင်ငံမှ ပြန်လာပြီးနောက် ရောဂါလက္ခဏာများ ပြခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်

အာဖရိကနိုင်ငံအပြင် ဗြိတိန်၊ အမေရိကန်ပြည်ထောင်စု၊ ကနေဒါ၊ ပေါ်တူဂီ၊ စပိန်၊ ဆွီဒင်၊ အစ္စရေး၊ ဘယ်လ်ဂျီယံ၊ ပြင်သစ်၊ မော်ရိုကိုနှင့် သြစတြေးလျှအပါအဝင် ကမ္ဘာတစ်ဝန်းရှိ ၂၁ နိုင်ငံတွင် မျောက်ကျောက်ရောဂါ ကူးစက်ပြန့်ပွားနေပြီဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က အတည်ပြုကြေညာခဲ့သည်။ ထိုပြင်မျောက်ကျောက်ရောဂါ ဖြစ်ပွားလေ့ရှိသည့် နိုင်ငံများ၏ပြင်ပ၌ မေလ ၇ ရက်နေ့မှစ၍ ထိုရောဂါဖြစ်ပွားသူ အရေအတွက်သည် ယခုအခါ ၂၂၈ ဦး၊ ရောဂါဖြစ်နိုင်ခြေလူနာ နှစ်ဦးနှင့် သံသယဖြစ်ဖွယ် လူနာ ၈၂ ဦး ရှိလာပြီဖြစ်ကြောင်း၊ သို့သော် သေဆုံးသူ မရှိသေးကြောင်းနှင့် အဆိုပါရောဂါ ပြန့်ပွားမှုကထိန်းချုပ်နိုင်သည့် အခြေအနေတွင်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က မေလ ၂၅ ရက်နေ့တွင် ထပ်မံထုတ်ပြန်ထားသည်။

ယခုဖြစ်ပွားနေသည့်အခြေအနေကို မည်ကဲ့သို့ ထိန်းချုပ်နိုင်မှုနှင့်ပတ်သက်၍ အဖွဲ့ဝင်နိုင်ငံများကို အကြံဉာဏ်များပေးနိုင်ရန် ဆွေးနွေးပွဲများကို ကျင်းပနေကြောင်း၊ ယခုလို အာဖရိကဒေသအပြင် ဘက်နိုင်ငံများ၌ မျောက်ကျောက်ရောဂါ ဖြစ်ပွားမှုသည် အလွန်ရှားပါးသည့်ဖြစ်စဉ်ဖြစ်ပြီး အထူးသဖြင့် ဥရောပဒေသတွင် အဖြစ်များနေကြောင်း WHO က ဆိုပါသည်။ မျောက်ကျောက်ရောဂါ လက္ခဏာများတွင် ဖျားပြီးနောက် အရည်ကြည်ဖုများ ထွက်ခြင်းတို့ပါဝင်ပြီး ထိုလက္ခဏာမှာ အနောက်အာဖရိက မျိုးရိုးဗီဇဖြစ်ကြောင်း၊ သေဆုံးနိုင်ခြေမှာ တစ်ရာခိုင်နှုန်းရှိကြောင်းနှင့် ရောဂါဇာစ်မြစ်ဖြစ်ရာ အာဖရိကဒေသတွင် ထိုရောဂါကို သေချာစွာ မကုသပါက ဗဟိုအာဖရိကဒေသတွင် သေဆုံးနိုင်ခြေမှာ ၁၀ ရာခိုင်နှုန်းမှ ၁၁ ရာခိုင်နှုန်းအထိ မြင့်မားနိုင်သည်ဟု သိရသည်။

ရောဂါလက္ခဏာများ

မျောက်ကျောက်ရောဂါ၏ ကနဦးလက္ခဏာများမှာ ဦးခေါင်း ပြင်းထန်စွာကိုက်ခြင်း၊ ချောင်းဆိုးခြင်း၊ ကြွက်သားများနာကျင်ခြင်း၊ ရောင်ရမ်းခြင်း၊ ဖျားနာခြင်း၊ မောပန်းနွမ်းနယ်ခြင်း၊ လည်ပင်းအကျိတ်များ ရောင်ရမ်းခြင်း၊ နောက်ကျောနာကျင်ခြင်း၊ လည်ပင်း၊ ချိုင်းကြားနှင့် ပေါင်ခြံရှိ ပြန်ရည်ကျိတ်များ ရောင်ရမ်းကြီးထွားခြင်း၊ ၎င်းနောက်တွင် မျက်နှာ၊ ခြေ၊ လက် စသည့်တစ်ကိုယ်လုံးအနှံ့ အရေပြားဇာ၏ အပေါ်ယံလွှာများပေါ်တွင် အရည်ကြည်ဖုများ ပေါက်လာသည်။ ယင်းအဖုအကွက်များသည် ကိုယ်လုံးပေါ်မှာထွက်ခြင်းထက် မျက်နှာ၊ ခြေ၊ လက်တို့ပေါ်တွင် ပို၍ထွက်တတ်သည်။

ရောဂါလက္ခဏာများ ပြပြီးနောက် ရက်အနည်းငယ်ကြာပြီးနောက် ကိုယ်ပေါ်ရှိ ပြန်ရည်ကျိတ်များ ရောင်ရမ်းကြီးထွားခြင်း၊ ဝင်းနောက်တွင် မျက်နှာ၊ ခြေ၊ လက် စသည့်တစ်ကိုယ်လုံးအနှံ့ အရေပြားဇာ၏ အပေါ်ယံလွှာများပေါ်တွင် အရည်ကြည်ဖုများ ပေါက်လာသည်။ ယင်းအဖုအကွက်များသည် ကိုယ်လုံးပေါ်မှာထွက်ခြင်းထက် မျက်နှာ၊ ခြေ၊ လက်တို့ပေါ်တွင် ပို၍ထွက်တတ်သည်။

နှိုင်းယှဉ်ကြည့်ရာ၌ ရောဂါကူးစက်ခံရသူများ၏ ၉၅ ရာခိုင်နှုန်းက မျက်နှာ၊ ၇၅ ရာခိုင်နှုန်းက လက်ဖဝါး၊ ခြေဖဝါး၊ ၇၀ ရာခိုင်နှုန်းက ပါးစပ်(ခံတွင်း)၊ ၃၀ ရာခိုင်နှုန်းက လိင်အင်္ဂါ၊ ၂၀ ရာခိုင်နှုန်းက မျက်စိပေါ်တွင် ပေါက်တတ်ကြောင်း သိရပါသည်။ ဝင်းအရည်ကြည်ဖုသည် ဆက်လက်၍ အဝါရောင်အနုစ် ပြည်ဖုများဖြစ်လာပြီးနောက် ခန္ဓာကိုယ်အနှံ့မှ အဖု၊ အရည်ကြည်ဖုများ ပေါင်းစပ်သွားပြီး ရောဂါပျောက်ကာခါနီးတွင် အရေပြားအနာဖေးများ အလွှာလိုက် ကွာကျသွားသည်။ အဆိုပါ ရောဂါလက္ခဏာများကို ရောဂါပိုးနှင့် စတင်ထိတွေ့သည့် အချိန်မှ နှစ်ပတ်ခန့်အတွင်း ဖြစ်ပေါ်နိုင်ပြီး ရောဂါလက္ခဏာ၏ ကြာချိန်မှာ ပုံမှန်အားဖြင့် နှစ်ပတ်မှ လေးပတ်ခန့်အထိ ဖြစ်သည်။

နောက်ဆက်တွဲဆိုးကျိုးအနေဖြင့် အဆုတ်ရောဂါ၊ ဦးနှောက်ရောင်ရောဂါများ ဖြစ်တတ်ပြီး မျက်ကြည်လွှာပိုးဝင်ခြင်းများလည်း ဖြစ်တတ်သည်ဟု သိရသည်။

ကူးစက်ပုံ

မျောက်ကျောက်ရောဂါသည် ရောဂါပိုးရှိသော တိရစ္ဆာန်မှသော်လည်းကောင်း၊ လူမှသော်လည်းကောင်း ကူးစက်နိုင်ပါသည်။ ထိုဗိုင်းရပ်စ်သည် အာဖရိကရှိ ကိုက်ဖြတ်တတ်သော တိရစ္ဆာန်အမျိုးအစားဖြစ်ကြသည့် ကြွက်၊ ရှဉ့်၊ ပူးများကြားတွင် ပုံမှန်အားဖြင့် ပျံ့နှံ့တတ်သည်။ တိရစ္ဆာန်မှတစ်ဆင့် လူသို့ ကူးစက်နိုင်ခြေကို လျှော့ချနိုင်ရန် တောရိုင်းတိရစ္ဆာန်များနှင့် အကာအကွယ်မရှိဘဲ ထိတွေ့ခြင်းကို ရှောင်ကြဉ်ရပါမည်။ ရောဂါရှိသော လူ (သို့မဟုတ်) တိရစ္ဆာန်တို့၏ ပျက်စီးနေသော အရေပြား၊ အသက်ရှူလမ်းကြောင်း (သို့မဟုတ်) အကျိအချွဲ အမြှေးပါးများ (မျက်လုံး၊ နှာခေါင်း၊ ပါးစပ်) မှတစ်ဆင့် ခန္ဓာကိုယ်ထဲသို့ ကူးစက်ဝင်ရောက်နိုင်သည်။ လူမှလူသို့ ကူးစက်ခြင်းမှာ အသက်ရှူလမ်းကြောင်းဆိုင်ရာ အမှုန်အမွှားမှတစ်ဆင့် ကူးစက်တတ်သည်။

ထို့ပြင် ချုံပုတ်အရွက်များကို ကိုင်တွယ်မိခြင်း၊ ရောဂါကူးစက်ဖြစ်ပွားနေသော လူ (သို့မဟုတ်) တိရစ္ဆာန်နှင့် အနီးကပ်ထိခြင်း၊ တိရစ္ဆာန်ကိုက်ခံရခြင်း (သို့မဟုတ်) ခြစ်မိခြင်း၊ ရောဂါဖြစ်နေသော အနာခွက်များကို ထိတွေ့ကိုင်မိခြင်း၊ ရောဂါပိုးရှိသူ၏ ကိုယ်မှထွက်သော (သုက်၊ သွေး) အရည်များ၊ အရေပြားပေါ်တွင် အနီအဖုအပိမ့်ထွက်သူများ အသုံးပြုခဲ့သော အဝတ်အထည်၊ အိပ်ရာ၊ စောင်စသည့် အသုံးအဆောင်များမှတစ်ဆင့်လည်း ကူးစက်ပျံ့နှံ့နိုင်ပါသည်။ ထို့ကြောင့် အဆိုပါရောဂါနှင့် အမြင့်ဆုံး ကူးစက်ထိတွေ့ခဲ့သူသည် ရက်သတ္တသုံးပတ်ကြာ သီးသန့်ခွဲခြားနေထိုင်ရမည်ဟု ဘယ်လ်ဂျီယံနိုင်ငံနှင့် အင်္ဂလန်ကျန်းမာရေးသုတေသီများက အကြံပြုချက်အသစ်ကို ထုတ်ပြန်ထားသည်။

အချုပ်အားဖြင့်ဆိုသော် လတ်တလော ပြည်ပနိုင်ငံများတွင် ပျံ့နှံ့နေသည့် မျောက်ကျောက်ရောဂါသည် အာဖရိကတိုက်အလယ်ပိုင်းနှင့် အနောက်ပိုင်းဝေးလံခေါင်သီသောနေရာတွင် ဖြစ်ပွားသော ဗိုင်းရပ်စ်ဖြစ်သဖြင့် မြန်မာနိုင်ငံတွင် ဖြစ်ပွားနိုင်ခြေလွန်စွာနည်းပါးသည့်အပြင် လူများကြား လွယ်လင့်တကူ ကူးစက်ပျံ့နှံ့နိုင်ခြေမရှိပေ။ ထို့ပြင် အရှေ့တောင်အာရှဒေသနှင့် မိမိတို့ အိမ်နီးချင်းနိုင်ငံများတွင်လည်း ရောဂါဖြစ်ပွားသူ မရှိသေးပေ။ ထို့ကြောင့် အလွန်အမင်းကြောက်လန့်စရာ မဟုတ်ပေ။ ကျန်းမာရေးဝန်ကြီးဌာနက ဆက်လက်စောင့်ကြည့်ကာ နိုင်ငံအတွင်း ရောဂါစောင့်ကြပ်ကြည့်ရှုမှုစနစ်ကိုလည်း ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိခြင်းမှာ အားတက်ဖွယ်ဖြစ်ပါသည်။

မည်သို့ပင်ဆိုစေကာမူ လက်ရှိအခြေအနေ၌ မျောက်ကျောက်ရောဂါအတွက် သီးသန့်ကာကွယ်ဆေး ဖော်စပ်ထုတ်လုပ်ထားခြင်း မရှိသေးပေ။ ရောဂါကူးစက်ခံရသူ အများစုသည် ရက်သတ္တနှစ်ပတ်မှ လေးပတ်အတွင်း ပြန်လည်ကောင်းမွန်လေ့ရှိသော်လည်း ကလေးငယ်များ၊ နာတာရှည်ရောဂါအခံရှိသူနှင့် ကိုယ်ခံအားလျော့နည်းသူများမှာ ရောဂါပြင်းစွာ ခံစားရတတ်ပါသည်။ သို့သော် ရေကျောက် (chickenpox)နှင့် ကျောက်ကြီးရောဂါ (smallpox)များ ဖြစ်ပွားစေသောပိုးနှင့် မျောက်ကျောက်ရောဂါကို ဖြစ်ပွားစေသော ပိုးတို့

“လက်ရှိအခြေအနေ၌ မျောက်ကျောက်ရောဂါအတွက် သီးသန့်ကာကွယ်ဆေး ဖော်စပ်ထုတ်လုပ်ထားခြင်း မရှိသေးပေ။ ရောဂါကူးစက်ခံရသူအများစုသည် ရက်သတ္တနှစ်ပတ်မှ လေးပတ်အတွင်း ပြန်လည်ကောင်းမွန်လေ့ရှိသော်လည်း ကလေးငယ်များ၊ နာတာရှည်ရောဂါအခံရှိသူနှင့် ကိုယ်ခံအားလျော့နည်းသူများမှာ ရောဂါပြင်းစွာ ခံစားရတတ်ပါသည်။ သို့သော် ရေကျောက် (chickenpox)နှင့် ကျောက်ကြီးရောဂါ (smallpox)များ ဖြစ်ပွားစေသောပိုးနှင့် မျောက်ကျောက်ရောဂါကို ဖြစ်ပွားစေသော ပိုးတို့အကြား သွင်ပြင်လက္ခဏာနှင့် ဖွဲ့စည်းပုံတူညီသဖြင့် ရေကျောက်ရောဂါ၊ ကျောက်ကြီးရောဂါ ကာကွယ်ဆေးထိုးနှံ့ပြီးနောက် မျောက်ကျောက်ရောဂါ ဗိုင်းရပ်စ်ကို ၈၅ ရာခိုင်နှုန်း ကာကွယ်နိုင်မည်ဟုသိရ”

အကြား သွင်ပြင်လက္ခဏာနှင့် ဖွဲ့စည်းပုံတူညီသဖြင့် ရေကျောက်ရောဂါ၊ ကျောက်ကြီးရောဂါ ကာကွယ်ဆေးထိုးနှံ့ပြီးနောက် မျောက်ကျောက်ရောဂါ ဗိုင်းရပ်စ်ကို ၈၅ ရာခိုင်နှုန်း ကာကွယ်နိုင်မည်ဟု သိရပါသည်။

သို့ပါ၍ ပြည်သူများအနေဖြင့် အထူးသတိပြုရမည်မှာ မြန်မာနိုင်ငံ၏ ပူပြင်းသောရာသီ၌ ကလေးငယ်အများစုတွင် ရေကျောက်ရောဂါ ဖြစ်ပေါ်လေ့ရှိတတ်သဖြင့် အကယ်၍ ၎င်းရောဂါ ဖြစ်ပေါ်ခံစားရပါက မျောက်ကျောက်ရောဂါဟု တလွဲမတွေးသင့်၊ မကြောက်ရွံ့သင့်ဘဲ နားလည်တတ်ကျွမ်းသူ သက်ဆိုင်ရာ ဆရာဝန်ဖြင့် ပြသစေလိုပါကြောင်း အကြံပြုလိုပါသည်။ ။

ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၁ ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၁၆ ရာခိုင်နှုန်းရှိ

ကိုဗစ် - ၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၃၀-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၉-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃၀-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၀၂၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၁) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၁၆) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၁၉၈,၀၅၈) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၃,၃၂၆) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၅) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၂,၂၇၆) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၁၂ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာ ကျောင်းသား/ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www. moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၃၀-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ဓာတ်ခွဲဌာနအမည်	စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း	ပိုးတွေ့ လူနာသစ်
ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ	(၂၄၂) ခု	(၁) ဦး
နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ	(၂) ခု	-
ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀)	(၁၇၃) ခု	(၉) ဦး
နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀)	(၂) ခု	-
ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ	(၁,၀၈၄) ခု	-
နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ	(၄၉၆) ခု	-
နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ	(၅,၀၃၀) ခု	(၁) ဦး
စုစုပေါင်း	**(၇,၀၂၉) ခု**	**(၁၁) ဦး**

ကမ္ဘာနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

စဉ်	နိုင်ငံအမည်	ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ	ရောဂါပိုး ကင်းစင်သွားသူ	ပိုးတွေ့ သေဆုံးလူနာ
၁။	အမေရိကန်	၈၅၇၁၆၂၁၄	၈၂၁၀၈၃၅၂	၁၀၃၁၂၇၃
၂။	အိန္ဒိယ	၄၃၁၅၃၇၄၉	၄၂၆၁၃၄၄၀	၅၂၄၆၁၁
၃။	ဘရာဇီး	၃၀၉၅၃၅၇၉	၂၉၉၄၄၅၈၅	၆၆၆၄၉၆
၄။	ပြင်သစ်	၂၉၄၇၉၄၃၈	၂၈၁၁၆၆၄၆	၁၄၈၁၂၉
၅။	ဂျာမနီ	၂၆၂၉၃၀၂၄	၂၅၂၁၆၂၀၀	၁၃၉၁၃၂
၆။	ဗြိတိန်	၂၂၂၇၇၆၉၆	၂၁၉၁၄၂၅၀	၁၇၈၄၆၅
၇။	ရုရှား	၁၈၃၂၇၈၃၇	၁၇၇၃၃၈၇၀	၃၇၉၀၂၉
၈။	တောင်ကိုရီးယား	၁၈၀၈၆၄၆၂	၁၇၆၇၀၅၁၉	၂၄၁၆၇
၉။	အီတလီ	၁၇၃၈၈၈၇၇	၁၆၅၁၀၂၆၀	၁၆၆၅၆၉
၁၀။	တူရကီ	၁၅၀၇၀၈၆၄	၁၄၉၆၉၃၃၀၅	၉၈၉၅၇

အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

စဉ်	နိုင်ငံအမည်	ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ	ရောဂါပိုး ကင်းစင်သွားသူ	ပိုးတွေ့ သေဆုံးလူနာ
၁။	ဗီယက်နမ်	၁၀၇၁၈၃၆၉	၉၄၅၆၅၅၄	၄၃၀၇၈
၂။	အင်ဒိုနီးရှား	၆၀၅၄၆၃၃	၅၈၉၅၁၀၇၆	၁၅၆၅၈၆
၃။	မလေးရှား	၄၅၀၃၇၃၄	၄၄၄၃၆၇၆	၃၅၆၆၅
၄။	ထိုင်း	၄၄၄၆၅၀၂	၄၃၇၃၉၇၀	၃၀၀၀၁
၅။	ဖိလစ်ပိုင်	၃၆၉၀၄၅၁	၃၆၂၇၅၄	၆၀၄၅၅
၆။	စင်ကာပူ	၁၂၉၅၉၂၀	၁၂၁၆၆၁၂	၁၃၈၃
၇။	မြန်မာ	၆၁၃၃၂၆	၅၉၂၂၇၆	၁၉၄၃၄
၈။	လာအို	၂၀၉၉၇၅	၂၀၈၃၄၄	၇၅၆
၉။	ဘရူနိုင်း	၁၄၈၃၉၅	၁၄၆၆၃၉	၂၂၃
၁၀။	ကမ္ဘောဒီးယား	၁၃၆၂၆၂	၁၃၃၂၀၁	၃၀၅၆

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

နေပြည်တော် မေ ၃၀

အကောက်ခွန်ဦးစီးဌာနသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများကို ရေကြောင်း၊ လေကြောင်း၊ ဆိပ်ကမ်းနှင့် နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကုမ္ပဏီ ၁၁ ခုမှ Cerox-A 500 Tablet ၄၉၂၃ ခု၊ Micosonazole Nitrate BP ၁၆၀၀၊ Xytrex 10 Tablet ၁၉၂၀၊ Relcer Tablet ၅၅၈၇ ခု၊ Deriva MS Gel 15G ၇၈၇၂ ခု၊ Relcer Tgel ၈၃၂၃ ခု၊ Derise 25 Injection ၂၀၊ Derise 40 Injection ၂၀၊ Rilast 100 Concentrate ၁၀ ခု၊ Rilast 500 Concentrate ၁၀ ခု၊ Actitop (Capsule) ၁၀၀၀၊ Zurig 40 Tablet ၃၆၇၂ ခု၊ Martians With Imunactiv Tablet ၁၄၄၀၀၊ BR Imson Plus Eye Drop ၅၀၊ Vydee 5MG Injection ၅၀၊ Moxiopt 0.5% Eye Drops ၅၀၊ Travson 0.004% Eye Drops ၅၀၊ Enhancin 1G Tablet ၃၈၀၀၊ Zobactum Powder For Injection ၈၃၅၀၊ Tridosil 500 Tablet ၃၅၀၀၀၊ Ricovir 300MG Tablet ၅၅၉၇ ခု၊ Tenepan (3x10's) Tablet ၁၄၄၅၀၊ ဆိပ်ကမ်းများမှ ဆေးဝါးမျိုးစုံ ၂၃ မျိုး ၃၁၃၆၃ ဒသမ ၇၉ ကီလိုဂရမ်နှင့် နယ်စပ်(ချင်းရွှေဟော်)တွင် ကုမ္ပဏီတစ်ခုမှ Cetirizine Tablet ၃၄၄၀၀၊ Amox-500 Capsule ၃၄၄၀၀၊ Diclo Tablet ၆၃၀၀၊ VE-400 Capsule ၄၀၀၀၀၊ Diclo Injection ၇၈၂၄၀၊ Rani Injection ၂၉၈၀၊ Yi Xin Infusion Set ၉၃၂၀၊ Haoxi Infusion Set ၈၃၂၀၊ Hanma Disposable Syringe (3ML)၁၄၈၅၀ တို့ကို ထုတ်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၌ ကိုဗစ်-၁၉ ကပ်ရောဂါအလွန်ကာလ စီးပွားရေးပြန်လည်နာလန်ထူရေးဆိုင်ရာအစီအမံ ချမှတ်

ရှန်ဟိုင်း မေ ၃၀

တရုတ်နိုင်ငံရှန်ဟိုင်းမြို့၌ ကိုဗစ်-၁၉ ကပ်ရောဂါ အလွန်ကာလ စီးပွားရေးပြန်လည်နာလန်ထူရေးဆိုင်ရာ အစီအမံများကို ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှန်ဟိုင်းဒေသန္တရ အစိုးရက ယမန်နေ့တွင်ကြေညာခဲ့သည်။

ယခုဆောင်ရွက်မည့်အစီအစဉ်အရ စီးပွားရေးလုပ်ငန်းများအား ငွေကြေးထောက်ပံ့ခြင်းဖြင့် စီးပွားရေးလုပ်ငန်းကဏ္ဍများ၏ လုပ်ငန်းလုပ်ဆောင်မှုနယ်ပယ်ကို ချဲ့ထွင်သွားမည်ဖြစ်ကာ တစ်ချိန်တည်းမှာပင် ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ရေးနှင့် ယန်ဇီမြစ်ဝကျွန်းပေါ်ဒေသရှိ စက်မှုလုပ်ငန်းများအတွက် ထောက်ပံ့ရေးလမ်းကြောင်း တည်ငြိမ်မှုရှိစေရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

စီစဉ်ဆောင်ရွက်

ထို့ပြင် ရှန်ဟိုင်းရှိ သတ်မှတ်ချက်များနှင့်ပြည့်စုံသည့် စီးပွားရေးလုပ်ငန်းများအား မြေငှားရမ်းခအပါအဝင် အခွင့်များ လျှော့ချပေးမည်ဖြစ်ပြီး ပြည်ပမှ ရင်းနှီးမြှုပ်နှံသည့် စီးပွားရေးလုပ်ငန်းများကို အွန်လိုင်းမှ ဆောင်ရွက်နိုင်ရန် တာဝန်ရှိသူများက စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ

အာဖဂန်ဒုက္ခသည် ၁၀၀၀ ကျော် နေရပ်သို့ ပြန်လည်ရောက်ရှိ

ကဘူးလ် မေ ၃၀

အာဖဂန်နစ္စတန်နိုင်ငံမှ ဒုက္ခသည်စုစုပေါင်း ၁၀၉၄ ဦးသည် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ပါကစ္စတန်နိုင်ငံနှင့် အီရန်နိုင်ငံတို့မှ မေ ၂၉ ရက်တွင် နေရပ်သို့ ပြန်လည် ရောက်ရှိခဲ့ပြီဖြစ်ကြောင်း အာဖဂန်နစ္စတန်နိုင်ငံ ဒုက္ခသည်များနှင့် နေရပ် ပြန်လည်ပို့ဆောင်ရေးဝန်ကြီးဌာနက မေ ၃၀ ရက်တွင် အတည်ပြုပြောကြားသည်။

အီရန်နိုင်ငံမှ အာဖဂန်ဒုက္ခသည် ၈၅၄ ဦးသည် အာဖဂန်နစ္စတန်နိုင်ငံ နီမရော့ဇ် ပြည်နယ်မြောက်ပိုင်းရှိ နယ်စပ်ဖြတ်ကျော် စစ်ဆေးရေးဂိတ်မှတစ်ဆင့် ပြန်လည် ရောက်ရှိလာခဲ့ခြင်းဖြစ်ပြီး ပါကစ္စတန်နိုင်ငံမှ အထောက်အထားမဲ့ အာဖဂန်ဒုက္ခသည် ၂၄၀ သည် အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာပြည်နယ် မြောက်ပိုင်းသို့ ရောက်ရှိလာခဲ့ခြင်းဖြစ်ကြောင်း အဆိုပါဒုက္ခသည်များနှင့် နေရပ် ပြန်လည်ပို့ဆောင်ရေးဝန်ကြီးဌာနက ပြောကြားသည်။

ပြောကြား

အာဖဂန်နစ္စတန်နိုင်ငံသို့ ပြန်လည်ရောက်ရှိလာသူများအနက်မှ ၂၅၀ အားလူသားချင်းစာနာထောက်ထားမှု အကူအညီများလက်ခံရရှိရန် ကုလသမဂ္ဂ ရွှေ့ပြောင်း နေထိုင်သူများဆိုင်ရာ အေဂျင်စီသို့ လွှဲပြောင်းထားကြောင်း အာဖဂန်နစ္စတန်နိုင်ငံ ဒုက္ခသည်များနှင့် နေရပ်ပြန်လည်ပို့ဆောင်ရေး ဝန်ကြီးဌာနက ပြောကြားသည်။

၂၀၂၁ ခုနှစ် သြဂုတ်လ နောက်ပိုင်းမှ စတင်ကာ အဓိကအားဖြင့် အိမ်နီးချင်းနိုင်ငံများမှ အာဖဂန်နစ္စတန်နိုင်ငံသို့ ပြန်လည်ရောက်ရှိလာခဲ့သည့် အာဖဂန်နစ္စတန် ဒုက္ခသည်အရေအတွက်သည် ၆၅၃၀၀၀ ကျော် ရှိပြီဖြစ်ကြောင်းလည်း အာဖဂန်နစ္စတန်နိုင်ငံ ဒုက္ခသည်များနှင့် နေရပ် ပြန်လည်ပို့ဆောင်ရေးဝန်ကြီးဌာနက ပြောကြားသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အလင်းသစ်

■

အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၄၃ ဒသမ ၁၅ သန်းကျော်ရှိလာ

နယူးဒေလီ မေ ၃၀

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၇၀၆ ဦးထပ်မံတွေ့ရှိသဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၄၃၁၅၅၇၄ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးအချက်အလက်များအရ သိရသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူ ၂၅ ဦးထပ်တိုးလာခြင်းကြောင့် အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၅၂၄၆၁၁ ဦးရှိလာကြောင်း သိရသည်။

လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာစုစုပေါင်း ၁၇၆၈၉ ဦးရှိကြောင်းနှင့် လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၂၀၇၀ ထပ်မံတွေ့ရှိသဖြင့် အဆိုပါရောဂါမှ ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၄၂၆၁၃၄၄၀ ရှိလာကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်

ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၈၅၅ ဦး ထပ်မံတွေ့ရှိ

ဟနွိုင်း မေ ၃၀

ဗီယက်နမ်နိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၈၅၅ ဦး ထပ်မံတွေ့ရှိခဲ့ကြောင်းနှင့် ၎င်းကူးစက်ခံရသူ အရေအတွက်သည် မေ ၉ ရက်တွင် ကူးစက်ခံရသူ အရေအတွက်ထက် ၆၇၉ ဦးအထိ လျော့ကျခဲ့ကြောင်း ဗီယက်နမ်ကျန်းမာရေး ဝန်ကြီးဌာနက ပြောကြားသည်။

လက်ရှိတွင် ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၀၆၈၁၂၄၄ ဦးရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၄၃၀၅၈ ဦးရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည် ကျန်းမာလာသဖြင့် ဆေးရုံမှ ဆင်းခွင့်ရရှိသူပေါင်း ၉၃၂၄၉၃၄ ဦးရှိပြီး ယင်းအရေအတွက်သည် ကူးစက်ခံရသူ စုစုပေါင်း၏ ၈၇ ရာခိုင်နှုန်းရှိကြောင်း ဗီယက်နမ်ကျန်းမာရေး ဝန်ကြီးဌာနက ပြောကြားသည်။

ပြောကြား

ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၂၁၅ ဒသမ ၈ သန်းကျော် အသုံးပြုပြီးဖြစ်ကြောင်းနှင့် အဆိုပါ အသုံးပြုခဲ့သည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများအနက် အသက် ၁၈ နှစ်နှင့်အထက် ရှိသူများအား ကာကွယ်ဆေး အလုံးရေ ၁၉၆ ဒသမ ၆ သန်းနီးပါး ထိုးနှံပေးခဲ့ကြောင်း ဗီယက်နမ် ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အလင်းသစ်

ဒေသတွင်း ပြီးပြည့်စုံသည့်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက်အရ တရုတ်နှင့် အာဆီယံ ပူးပေါင်းဆောင်ရွက်မှုမြင့်တက်လာ

ဟိုင်နန် မေ ၃၀

ဒေသတွင်းပြီးပြည့်စုံသည့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက်သည် တရုတ်နိုင်ငံနှင့် အာဆီယံတို့အကြား ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုမြှင့်တင်နိုင်ကြောင်း ကျွမ်းကျင်သူများက ပြောကြားသည်။

တရုတ်နိုင်ငံနှင့်အာဆီယံအကြား စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်မှုများဆက်လက်မြင့်တက်နေကြောင်း ဟိုင်နန်အခြေစိုက် တရုတ်နိုင်ငံမှ အဖွဲ့အစည်းတစ်ခုဖြစ်သည့် ပြုပြင်ပြောင်းလဲရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအင်စတီကျူမှ အကြီးအကဲ ချီဖူလင်က ဟိုင်နန်မြို့တွင်ကျင်းပသည့် သုတေသနဖိုရမ်တွင်ပြောကြားသည်။

ယခုနှစ် ပထမသုံးလအတွင်း တရုတ်နှင့် အာဆီယံအကြား ကုန်သွယ်မှုပမာဏသည် ၄၇ ဒသမ ၂ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

၂၀၂၀ ပြည့်နှစ်အတွင်း တရုတ်နိုင်ငံနှင့် အာဆီယံတို့အကြား ကုန်သွယ်ရေးပမာဏ အမြင့်ဆုံးသို့ရောက်ရှိခဲ့သည်။ တရုတ်နှင့် အာဆီယံတို့အကြားရှိ အလားအလာကောင်းမွန်သော အင်အားတောင့်တင်း ခိုင်မာသည့်ဈေးကွက်ကိုလည်း ဒေသတွင်း ပြီးပြည့်စုံသည့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက်က အားဖြည့်ကူညီလျက်ရှိကြောင်း ချီက ပြောကြားသည်။ ထို့ပြင် ဒေသတွင်း ပြီးပြည့်စုံသည့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက် လုပ်ငန်းမူဘောင်အရလည်း တရုတ်နိုင်ငံအနေဖြင့် အာဆီယံနိုင်ငံများအတွက် စီးပွားရေးတံခါးကို ပိုမိုကျယ်ပြန့်စွာဖွင့်လှစ်ထားနိုင်ကြောင်း တရုတ်ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံကွန်ဖရင့် အမျိုးသားကော်မတီမှ ဒုတိယညွှန်ကြားရေးမှူး ဇိုင်ဒီယင်ကပြောကြားသည်။ ဒေသတွင်း ပြီးပြည့်စုံသည့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက်အား အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံနှင့် တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား၊ ဩစတြေးလျှနှင့် နယူးဇီလန်နိုင်ငံတို့ဖြင့် ဖွဲ့စည်းထားသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့ အမေရိကန်ဒေါ်လာ ၃၂ သန်း အာဖဂန်နစ္စတန်နိုင်ငံ လက်ခံရရှိ

ကဘူးလ် မေ ၃၀

အာဖဂန်နစ္စတန်နိုင်ငံသည် မေ ၃၀ ရက်တွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့ အမေရိကန်ဒေါ်လာ ၃၂ သန်းကို ထပ်မံလက်ခံရရှိခဲ့ကြောင်းနှင့် နိုင်ငံတကာအသိုက်အဝန်းကလည်း အာဖဂန်နစ္စတန်နိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့များ ဆက်လက်ပေးအပ်လျက်ရှိကြောင်း သိရသည်။

အာဖဂန်နစ္စတန်နိုင်ငံ ဗဟိုဘဏ်သည် ယခင်က လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့ နှစ်ကြိမ်ရရှိခဲ့ပြီးဖြစ်ကြောင်းနှင့် မေ ၈ ရက်နှင့် ၉ ရက်တို့တွင် တစ်ကြိမ်လျှင် အမေရိကန်ဒေါ်လာ ၃၂ သန်းစီရရှိခဲ့ပြီးဖြစ်ကြောင်း သိရသည်။

အာဖဂန်နစ္စတန်နိုင်ငံ ဗဟိုဘဏ်သည် ပြည်တွင်းငွေကြေးကို တည်ငြိမ်အောင် ဆောင်ရွက်လျက်ရှိကြောင်းနှင့် လက်ရှိတွင် အာဖဂန်နစ္စတန်နိုင်ငံသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့ စုစုပေါင်းအမေရိကန် ဒေါ်လာ ၉၆ သန်းလက်ခံရရှိခဲ့ပြီးဖြစ်ကြောင်း သိရသည်။

အာဖဂန်နစ္စတန်နိုင်ငံအား ပြီးခဲ့သည့်နှစ် ဩဂုတ်လလယ်ပိုင်းက တာလီဘန်တို့ စတင်အုပ်ချုပ်ခဲ့ပြီးနောက်ပိုင်း အမေရိကန် နိုင်ငံကလည်း အာဖဂန်နစ္စတန်နိုင်ငံ ဗဟိုဘဏ်လက်ခံရရှိမည့် အမေရိကန်ဒေါ်လာ ကိုးဘီလီယံကျော်ကို ထိန်းချုပ်ထားခဲ့ကြောင်း သိရသည်။

ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အလင်းသစ်

ဘရာဇီးနိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သေဆုံးသူ ၅၆ ဦးအထိရှိလာ

ရီယိုဒီဂျနေးရိုး မေ ၃၀

ဘရာဇီးနိုင်ငံ ပါနမ်ဘူကိုပြည်နယ် အရှေ့မြောက်ပိုင်း၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သေဆုံးသူစုစုပေါင်း ၅၆ ဦးအထိရှိလာခဲ့ကြောင်း ဘရာဇီးအာဏာပိုင်များက မေ ၂၉ ရက်တွင် ပြောကြားသည်။

အဆိုပါ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဖြစ်ပေါ်ခဲ့သည့် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများကြောင့် ၅၆ ဦး ပျောက်ဆုံးနေဆဲဖြစ်ကြောင်းနှင့် လူပေါင်း ၄၀၀၀ နီးပါးအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးနိုင်ခဲ့ကြောင်း သိရသည်။

ဘရာဇီးနိုင်ငံ ပါနမ်ဘူကိုပြည်နယ် အရှေ့မြောက်ပိုင်းရှိ မြို့တော် ရီစီဖီသည် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုဒဏ် အများဆုံးခံခဲ့ရပြီး အဆိုပါမြို့တွင် လူပေါင်း ၃၀ ကျော်သေဆုံးခဲ့ကြောင်း သိရသည်။

ယင်းသို့ ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများ ဖြစ်ပွားခဲ့ခြင်းကြောင့် လက်ရှိအခြေအနေကို အကဲဖြတ်ဆောင်ရွက်နိုင်ရန် ဘရာဇီးသမ္မတ ဘိုလ်ဆိုနာရိုက မေ ၃၀ ရက်တွင် အဆိုပါဒေသများသို့ သွားရောက်ခဲ့ကြောင်း သိရသည်။

မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် အိမ်နီးချင်း အာလာဂို့စ်ပြည်နယ်တွင်လည်း ထိခိုက်မှုရှိခဲ့ပြီး နှစ်ဦးသေဆုံးကာ ၇၀၀၀ ခန့်အား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးနိုင်ခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ပါနမ်ဘူကိုပြည်နယ်ရှိ မြို့ကိုးမြို့မှ အာဏာပိုင်အဖွဲ့အစည်းများက အရေးပေါ်အခြေ အနေကြေညာရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အလင်းသစ်

တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၆၁၃၉ ဦးထပ်မံတွေ့ရှိ

ဆိုးလ် မေ ၃၀

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၆၁၃၉ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် အဆိုပါရောဂါကူးစက်ခံရသူ စုစုပေါင်း ၁၈၀၈၆၄၄၂ ဦးရှိလာကြောင်း တောင်ကိုရီးယားကျန်းမာရေးအာဏာပိုင်များက မေ ၃၀ ရက်တွင် ပြောကြားသည်။

ထို့ပြင် လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကြောင့်သေဆုံးသူ ကိုးဦးထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၂၄၁၆၇ ဦးရှိလာကြောင်း တောင်ကိုရီးယား ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးအေဂျင်စီက ပြောကြားသည်။ အဆိုပါတစ်ရက် အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူအရေအတွက်သည် နိုင်ငံအတွင်း သေဆုံးသူစုစုပေါင်း၏ သုည ဒသမ ၁၃ ရာခိုင်နှုန်းရှိကြောင်းသိရသည်။

နိုင်ငံလူဦးရေ၏ ၈၆ ဒသမ ၉ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံ့မှုခံယူပြီးဖြစ်ကြောင်းနှင့် ၆၄ ဒသမ ၉ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး တတိယအကြိမ် အပိုဆောင်းထိုးနှံ့ပေးပြီးဖြစ်ကြောင်း သိရသည်။

ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အလင်းသစ်

အင်ဒိုနီးရှားနိုင်ငံရှိ ရေယာဉ်နစ်မြုပ်မှုမှ လွတ်မြောက်သူများအား ထပ်မံကယ်ဆယ်နိုင်ခဲ့

ဂျကာတာ မေ ၃၀

အင်ဒိုနီးရှားနိုင်ငံတောင်ပိုင်း ဆူလာဝေစီပြည်နယ်အတွင်းရှိ ပင်လယ်ပြင်၌ဖြစ်ပွားသော ရေယာဉ်နစ်မြုပ်မှုမှ လွတ်မြောက်လာသည့်ဒုက္ခသည် ၁၄ ဦးအား ထပ်မံကယ်တင်နိုင်ခဲ့သဖြင့် လက်ရှိအချိန်တွင် အဆိုပါဖြစ်စဉ်မှ ကယ်တင်နိုင်ခဲ့သူ ၃၁ ဦးရှိပြီဖြစ်ကြောင်း အင်ဒိုနီးရှားအမျိုးသားရှာဖွေကယ်ဆယ်ရေးရုံးမှ ပြောခွင့်ရသူ ယူဆက်လာတက်က ပြောကြားသည်။

လက်ရှိအချိန်တွင် ကယ်ဆယ်နိုင်ခဲ့သူများအား တောင်ပိုင်းဆူလာဝေစီပြည်နယ်ရှိ ဆိပ်ကမ်းများသို့ ပို့ဆောင်ထားကြောင်း၊ အဆိုပါရေယာဉ်သည် ခရီးသည် ၄၂ ဦးတင်ဆောင်လာသည်ဟု အချက်အလက်များအရ သိရကြောင်း၊ လက်ရှိတွင် ၁၁ ဦး ပျောက်ဆုံးနေကြောင်း ၎င်းက ပြောကြားသည်။

အဆိုပါကယ်ဆယ်ရန် ကျန်ရှိနေသူများကို ဆက်လက်ရှာဖွေ ကယ်ဆယ်သွားမည်ဖြစ်ပြီး ကယ်ဆယ်ရေးလုပ်ငန်းများကို ခုနစ်ရက်ကြာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။

အဆိုပါ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများတွင် ရေတပ်၊ ရဲတပ်ဖွဲ့နှင့် သင်္ဘောသားများအပါအဝင် ရေယာဉ်အများအပြား ပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ယင်းရေယာဉ်သည် ဆူလာဝေစီပြည်နယ် မကာဆာရေလက်ကြားတွင် ကြီးမားသည့်လှိုင်းလုံးများရိုက်ခတ်မှုကြောင့် စက်ချွတ်ယွင်းကာ တိမ်းမှောက်ခြင်းဖြစ်ကြောင်း ရှာဖွေကယ်ဆယ်ရေးရုံးမှ ထိပ်တန်းတာဝန်ရှိသူ ဝါဟာစ်ဒီဂျေကပြောကြားသည်။ အဆိုပါရေယာဉ်သည် ဆူလာဝေဆီပြည်နယ် မြို့တော် မကာဆာမြို့ ပါအိုတီရီဆိပ်ကမ်းမှ ဆူလာဝေစီပြည်နယ် ပန်ကေဂျီနီခရိုင်ရှိ ဆိပ်ကမ်းတစ်ခုသို့ ထွက်ခွာလာခြင်းဖြစ်သည်။

ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ

အစ္စရေးနိုင်ငံ၌ ဒုတိယမြောက် မျောက်ကျောက်ရောဂါ ကူးစက်ခံရသူတွေ့ရှိ

ဂျေရုဆလင် မေ ၃၀

အစ္စရေးနိုင်ငံ၌ ဒုတိယမြောက် မျောက်ကျောက်ရောဂါကူးစက်ခံရသူ တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက မေ ၂၈ ရက်တွင် အတည်ပြုပြောကြားသည်။

အသက် ၃၀ အရွယ် အမျိုးသားတစ်ဦးကို နိုင်ငံအလယ်ပိုင်းရှိ ရှီဗားဆေးရုံသို့တင်ပို့ခဲ့ရာ မျောက်ကျောက်ရောဂါ ကူးစက်ခံရသည်ကို စမ်းသပ်တွေ့ရှိရကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

နိုင်ငံအတွင်း မျောက်ကျောက်ရောဂါ ပထမဆုံးကူးစက်ခံရသူကို မေ ၂၁ ရက်တွင် တဲလ်အဗစ်မြို့ရှိ အိုင်ချီလော့စ်ဆေးရုံ၌ စတင်တွေ့ရှိခဲ့သည်။ အစ္စရေးကျန်းမာရေးဝန်ကြီးဌာနသည် လက်ရှိအချိန်တွင် မျောက်ကျောက်ရောဂါနှင့်ပတ်သက်၍ တစ်ကမ္ဘာလုံးမှရရှိသည့် ကျန်းမာရေးဆိုင်ရာ အချက်အလက်များကို စုဆောင်းထားရှိပြီး ကျန်းမာရေးပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါမျောက်ကျောက်ရောဂါသည် တောရိုင်းတိရစ္ဆာန်များသာမက လူသားများသို့လည်း ကူးစက်မှုရှိသည်။ ယင်းရောဂါ၏လက္ခဏာများမှာ အရေပြားပေါ်တွင် အစက်အပြောက်များထွက်ခြင်း၊ ကိုယ်အပူချိန်မြင့်တက်ခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်သားများကိုက်ခဲခြင်း၊ ခန္ဓာကိုယ်နောက်ပိုင်းကိုက်ခဲခြင်း၊ ပြန်ရောကျိတ်ရောင်ရမ်းခြင်း၊ အအေးမိခြင်းနှင့် အားအင်ကုန်ခန်းခြင်းတို့ဖြစ်သည်။

ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ

တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်း၊ စားသောက်ကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် မေ ၃၀

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မေ ၂၉ ရက်တွင် ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ်(တံတားကျိုး)စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် တစ်စီးပေါ်၌ တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်နှင့် စားသောက်ကုန်ပစ္စည်းများ(ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၁ဒေါ်လာ)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် မော်တော်ယာဉ် တစ်စီး(ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၅ဝ၀၀၀၀)ကို လည်းကောင်း၊ ထပ်မံ၍ မော်တော်ယာဉ် နှစ်စီးပေါ်၌ တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းနှင့် ရေအပူပေးစက်များ(ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၉၂၀၀၀)ကို လည်းကောင်း **စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၄ဝ၈ဝ၀၀၀** ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ကရင်ပြည်နယ် ကော့ကရိတ်(တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ သိမ်းဆည်းရမိသည့် လူသုံးကုန်ပစ္စည်းများကို တွေ့ရစဉ်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ်အတွင်း တရားမဝင် ကျွန်းခွဲသားနှင့် ပျဉ်းကတိုးခွဲသား ၇ ဒသမ ၃၃၄၈ တန်(ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၉၈၈၀၄၀)နှင့် အဆိုပါ သစ်များတင်ဆောင်လာသော မော်တော်ယာဉ် နှစ်စီး(ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၃ဝ၀၀၀၀၀) **စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၃ဝ၉၈၈၀၄ဝ** ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မေ ၃ဝ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း တရားမဝင် သစ်မျိုးစုံ ၄ ဒသမ ၃၉၈၄ တန် **(ခန့်မှန်းတန်ဖိုး ငွေ ၁၆၃၄၈၈၈ ကျပ်)**ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မေ ၂၉ ရက်နှင့် ၃ဝ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ **အမှုတွဲ ၁၂ မှု (ခန့်မှန်းတန်ဖိုး ငွေ ၆၂၇ဝ၂၈၄၈ ကျပ်)**ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင် ကော်မတီမှ သိရသည်။ **သတင်းစဉ်**

မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် မေ ၃ဝ

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၈ ရက် ည ၇ နာရီခွဲတွင် ကွမ်းလုံမြို့နယ် ဟိုလီကျေးရွာအုပ်စု ဟိုလီကျေးရွာအနီး ကွမ်းလုံ-ဟိုလီသွားကားလမ်းတွင် စိုးလေး မောင်းနှင်ပြီး အိုက်အောင်(ခ)အိုက်ခန်း လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာဖွေရာ ဘိန်းဖြူ သုည ဒသမ ဝ၃၃ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၅၇၀ ကိုလည်းကောင်း။

ကျွန်းအား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

ထို့အတူ မေ ၂၉ ရက် ညနေ ၆ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ဆန်ဆိုင်း(ခ)ရပ်ကွက် မြို့ပတ်လမ်းတွင် ကျယိုး ကို မသက်ဘ်ဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈ဝ၀ဝ သိမ်းဆည်း ရမိခဲ့ပြီး ကွင်းဆက်အရ ည ၇ နာရီ ၁၅ မိနစ်တွင် တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာအုပ်စု ချစ်ထူကျေးရွာနေ ဘိုဂျေ၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ဝ၈ ကီလိုနှင့် ဘိန်း ၁ ဒသမ ၃ ကီလိုတို့ကို လည်းကောင်း။

အလားတူ ယင်းနေ့ နံနက် ၆ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းဆတ်မြို့နယ် ဟိုနားကျေးရွာအုပ်စု ဟိုနားကျေးရွာလမ်းဆုံအနီး မိုင်းဆတ်- မိုင်းပျဉ်းသွားကားလမ်းတွင် ကျွန်း မောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာဖွေရာ ဘိန်းဖြူ ၃ ဒသမ ၅ ကီလိုကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

"ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် မေ ၃ဝ

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်မှ "၂ဝ၂၂-၂ဝ၂၃ ပညာသင်နှစ်အတွက် ခြိမ်းခြောက်မှုများကြားက ပညာရှာကြမယ့် အနာဂတ်ရဲ့ မျိုးဆက်သစ်များ"ခေါင်းစဉ်ဖြင့် ဇွန် ၁ ရက်မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည် ဖြစ်ပါသည်။

အလားတူ လာမည့်အပတ်ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် "စစ်ကိုင်းတိုင်းဒေသကြီးကလေးမြို့တွင် PDF အမည်ခံ အကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် အမှတ်(၈)အခြေခံပညာအထက်တန်းကျောင်းရှိ စာသင်ကျောင်းဆောင် နှစ်ဆောင်နှင့် စာသင်ခုံများ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ရသည့်ဖြစ်စဉ်"နှင့်ပတ်သက်သည့် ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁ဝ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉ဝ၉၉၅၅၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

ခုဝ-၅-၂ဝ၂၂ အင်္ဂါနေ့

MRTV HD

- ၀၆:၀၀ မေတ္တာသုတ်၊ရတနာသုတ်၊တောရွက်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ အိမ်ကရေစီဆိုသည်မှာ
- ၀၉:၃၅ ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၃:၃၀ MRTV National News
- ၁၆:၃၅ မြန်မာ့ရိုးရာ၀ါးလက်မှုပညာ
- ၁၈:၄၅ နိုင်ငံ့အနာဂတ်ထွန်းလင်းတောက်ပဖို့ ကျောင်းအပ်နှံကြပါစို့
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ (၃၀)ဗြာမဝံလာ (ဦးနန်းဝင်းရေးသားပူဇော်တင်ဆက်သည်) 'ပတိရူပဒေသဝါဒသာစ'
- ၁၉:၃၀ နိုင်ငံတော်လမ်းတွဲ 'ဘတ်ဓကက်ဘောအက်ဆေး' (အပိုင်း-၉)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း ပိုးလေဝသအခြေအနေ
- ၂၁:၀၀ သံစဉ်ဝေဖြာစတီရီယိုတေးကဗျာ
- ၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဖြည့်ဖုံခြင်းအိမ်ဝက်' (အပိုင်း-၅)
- ၂၂:၃၅ ရုပ်မြင်သံကြားဇာတ်လမ်း 'ချစ်သောဘာဘီ'

mtv

- 07:02 Evergreen Classic: Thatta Htar Na (Sein Lei Lei)
- 07:10 Colourful Threads
- 07:17 Let's Taste Delicious Insects: Silkworm Croquett
- 07:43 Impressionist Myanmar Master Artist - U Lun Gywe
- 08:01 Myanmar Traditional Instruments (MYANMA DRUM)
- 08:27 Great Shwedagon - Nine Wonders Around The Platform Of Shwedagon Pagoda
- 08:39 Family of Toys
- 09:01 News
- 09:26 Global Partnership for Brighter Future: Samoa Pavilion at Expo 2020 Dubai
- 09:34 Talent Show on a Maze of Xylophones
- 09:39 Karaweik Palace - A Symbol Of Glorious Myanma Culture
- 09:55 Goldsmith

MRTV NRC

- **အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)** သာယာလှပသင်ခြေကျွန်းအလှ
- **ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)** ပြိုင်းချစ်ခြင်းအင်ဒေါ့အသက်နှင့်ဒိန်ရိုးရာ
- **အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)** ရိုးရာအိမ်ချက်ဟင်းတစ်ခွက်
- **၀ (၁၆:၀၀ မှ ၁၈:၀၀)** လွှင်ငယ်ပြိုမ့်သို့အလည်တစ်ခေါက်
- **ချင်း (လိုင်ဒိုး) (၀၈:၀၀ မှ ၀၉:၀၀)** သင်ယယ်၊ရေးယယ် တို့ချင်းစာ(အပိုင်း-၄၀)
- **ကချင် (၁၈:၀၀ မှ ၂၀:၀၀)** ဆွေသီနောင်များ:ဘာသာစကားပြင့်ချစ်ကြည်ဧပမည် (အပိုင်း-၁)
- **ချင်း (ချီး) (၀၉:၀၀ မှ ၁၀:၀၀)** ညောင်စေးပြုလုပ်ခြင်း
- **ကယား (၂၀:၀၀ မှ ၂၂:၀၀)** ဒေသတစ်လျှောစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၁၆)
- **မွန် (၁၀:၀၀ မှ ၁၂:၀၀)** နော်ဘူးဘာသာတောင်းထောင်
- **ဝေကကရင် (၂၂:၀၀ မှ ၂၃:၀၀)** ဘွဲ့ကရင်တိုင်းရင်းသားတို့ထိန်းသိမ်းထားသော ရိုးရာတူရိယာများ
- **ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)** ရခိုင်ဘာသာစကားပြောကြရအောင်(အပိုင်း-၁)

MRTV NEWS

- ၀၆:၀၀ အဖွင့်၊တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၁၀ နိုင်ငံတကာသတင်း (LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၁:၄၅ ရွှေလမြင်လေကမ္ဘာမြေ
- ၁၃:၁၀ နိုင်ငံတကာသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၈:၁၀ နိုင်ငံတကာသတင်း (LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၂:၀၀ ပြည်တွင်းသတင်း (LIVE)

MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊အလ
- ၀၉:၁၀ ဥပဒေရေးရာအကြောင်းဇာတ်လမ်းတို 'ငပေ့ငရွေးချယ်ရေး'
- ၁၀:၀၀ ပြည်ထောင်စုလွှတ်တော်ပွဲတော်မရှင် ၏ကြေညာချက်သတင်းများ
- ၁၀:၁၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၄)
- ၁၁:၀၀ နိုင်ငံတကာလွှတ်တော်ပွဲများအကြောင်း (သီရိလင်္ကာနိုင်ငံ)(အပိုင်း-၂)
- ၁၁:၁၀ အတွေးအမြင် (အပိုင်း-၄)

MRTV FARMERS

- ၀၆:၀၀ အဖွင့်၊နိုင်ငံတော်သီချင်း
- ၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
- ၀၆:၂၅ အထွက်ကောင်းစပါးများထုတ်လုပ်ရာ တောင်သူများလည်းပါဝင်လာ
- ၀၇:၄၅ လယ်ကြားငါးကန်နှင့် တိုင်းရင်းငါးမျိုးချုန်လုပ်ငွေးမြှုပ်ခြင်း
- ၀၇:၅၀ အားမာန်ဝင့်ကြွားလွန်ကျော်ခြင်ခွေမ်းအား
- ၀၉:၂၅ သိကောင်းစရာစပါးဘက်ဗီဒီယိုများ ရွက်စင်းရောဂါ

MRTV SPORTS

- ၀၆:၀၀ အဖွင့်
- ၀၆:၁၀ အခြေခံအားကစားနည်းစနစ်များ
- ၀၇:၀၀ Sports News
- ၀၇:၁၀ Soccer View/ Weekly Sports Info
- ၀၇:၄၅ အားကစားလောကထဲက သုတို့အကြောင်း
- ၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိပ် ဘောလုံးပွဲဝင်ပွဲများ
- ၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို ဇနေ့တနင်္လာနေ့မှစ၊ ၀ နာရီ(၀၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ၁၃ ရပ်ကွက်၌ ဖြစ်ပွားခဲ့သည့် ဆွဲကြိုးလုယက်မှုတွင် ကျူးလွန်ခဲ့သူများအား လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် မေ ၃၀

ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် ၁၃ ရပ်ကွက် ရှင်ထွေးညိုလမ်းရှိ လမင်းလက်ဖက်ရည်ဆိုင်ရှေ့၌ မေ ၁၉ ရက် ညနေ ၃ နာရီခန့်တွင် ပစ်ခတ်မှုဖြစ်ပွားပြီး အဆိုပါမြို့နယ်နေ အမျိုးသမီးတစ်ဦး၏ ဆွဲကြိုးကို လုယက်ယူဆောင်ထွက်ပြေးသွားခဲ့သူများအား မေ ၂၈ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ခန့်တွင် လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဆွဲကြိုး လုယက်ယူဆောင်မှုနှင့် ပတ်သက်၍ ကျူးလွန်သူများ မောင်းနှင်အသုံးပြုခဲ့သည့် မော်တော်ယာဉ်သွားလာရာ လမ်းတစ်လျှောက်ရှိ CCTV များမှ တစ်ဆင့် အသုံးပြုသည့် မော်တော်ယာဉ်ကို ဖော်ထုတ်တွေ့ရှိခဲ့ရပြီး အဆိုပါယာဉ်မှာ ကြည့်မြင်တိုင်မြို့နယ်နေ သော်ဇင်အောင်(ဘ)ဦးလှိုင်က ၄ားရမ်းအသုံးပြုထားသည့် မော်တော်ယာဉ်ဖြစ်ကြောင်း သိရှိရသဖြင့် ရှာဖွေဖော်ထုတ်ဖမ်းဆီးခဲ့ရာ ၎င်းနှင့်အတူ အောင်ပိုင်စိုး(ဘ)ဦးစံသောင်းတို့ကို ကြည့်မြင်တိုင်မြို့နယ် ကမ်းနားလမ်းနှင့် ဗားကရာလမ်းဆုံအနီး၌ ပစ္စတိုသေနတ် တစ်လက်၊ LUGER ၉ မမ ကျည်ဝဃ တောင့်တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အောင်ပိုင်စိုး

သော်ဇင်အောင်

ဝတုတ်(ခ) ကျော်ကျော်(ခ) ကျော်တင်

ဝင်းထွန်း(ခ) ထွန်းဝင်း

ကျော်သူ(ခ)ကျော်ကြီး

ဂင်းတို့သည် ဆွဲကြိုးလုယက်မှုကို ကျူးလွန်ပြီး အဆိုပါဆွဲကြိုးအား လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ် ၁၀၃ မှတ်တိုင်အနီး၌ ငွေကျပ် ကိုးသိန်းဖြင့် ရောင်းချခဲ့ကြောင်း သိရှိရပြီး လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိသူများအား တရားဥပဒေနှင့်အညီ အမှုဖွင့်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

လည်းကောင်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ၆ ရပ်ကွက်နေ ဝင်းထွန်း(ခ)ထွန်းဝင်း(ဘ)ဦးသောင်းဟန်ကို ၎င်း၏နေအိမ်၌လည်းကောင်း၊ ထန်းတပင်မြို့နယ် ရိုးလေးကျေးရွာနေ ကျော်သူ(ခ)ကျော်ကြီး(ဘ)ဦးစိုးမောင်ကို ၎င်း၏နေအိမ်၌လည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သည်။

ကျောင်းအပ်လက်ခံမှုများဆောင်ရွက်နေသည့် ကျောင်းအုပ်ဆရာကြီးတစ်ဦးအား CDF အမည်ခံအကြမ်းဖက်သမားများက ဖမ်းဆီးခေါ်ဆောင်

နေပြည်တော် မေ ၃၀

မြို့နယ်အချို့၌ အနာဂတ်မျိုးဆက်သစ်လူငယ်များနှင့် Human Resources(HR) လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာသင်ကြားမှုများ ဆောင်ရွက်ပေးလျက်ရှိသည့် စာသင်ကျောင်းများအား PDF အမည်ခံအကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်းများကို လုပ်ဆောင်လျက်ရှိသည့်အပြင် နိုင်ငံ့ဝန်ထမ်းပီသစွာ စာပေသင်ကြားပေးလျက်ရှိသည့် ဆရာ ဆရာမများအား ဖမ်းဆီးခေါ်ဆောင်ခြင်းနှင့် ရက်စက်စွာလုပ်ကြံသတ်ဖြတ်ခြင်းများကိုပါ လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ချင်းပြည်နယ် ဖလမ်းမြို့ တလန်လိုရပ်ကွက်နေ ထုတ်လိုင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ကြီးဖြစ်သူ ဦးကိုအောင်ကျော်(ဘ)ဦးတလွန်ကိမ်းသည် ကျောင်းဖွင့်လှစ်ရန်အတွက် မေ ၂၅ ရက်မှစ၍ ဒုတိယကျောင်းအုပ်ဖြစ်သူ ထုတ်လိုင်ကျေးရွာရှိ ဦးမှန်ဟင်းခိုင်(ဘ) ဦးလျန်ထန်း၏နေအိမ်၌ တည်းခိုနေထိုင်၍ ကျောင်းအပ်လက်ခံခြင်းများ ဆောင်ရွက်စဉ် မေ ၂၇ ရက် ည ၈ နာရီခန့်တွင် လက်နက်ငယ်များကိုင်ဆောင်ထားသည့် CDF အမည်ခံအကြမ်းဖက်သမားများ ရောက်ရှိလာပြီး ဦးကိုအောင်ကျော်အား ဒလန်ဟုစွပ်စွဲကာ ကျေးရွာ၏တောင်ဘက်သို့ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သိရသည်။

ထိုသို့ ဖမ်းဆီးခေါ်ဆောင်သွားသည့် အကြမ်းဖက်သမားများနောက်သို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုက်လံပိတ်ဆို့ရှာဖွေခြင်းများ ဆောင်ရွက်လျက်ရှိပြီး အဆိုပါ အကြမ်းဖက်သမားများကို ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

ကျောက်တံခါးမြို့နယ်၌ မိုးရာသီအကြိုသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ကျောက်တံခါး မေ ၃၀

ပဲခူး တိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် မြို့ချောင်း ကျေးရွာအုပ်စု ရန်ကုန်-မန္တလေး အမြန်လမ်း ၈၇ မိုင် ၆ ဖာလုံအနီး ရဲနွယ်ပျိုးဥယျာဉ်၌ ယမန်နေ့ နံနက် ၈ နာရီခွဲက ၂၀၂၂ ခုနှစ် မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညွှန့်ဆွေနှင့် မြို့နယ် သစ်တောဦးစီးအရာရှိ ဦးစိုးမင်းပိုင်တို့က ပျိုးပင်များ ပေးအပ်ခဲ့သည်။

ထို့နောက် တက်ရောက်လာကြသော မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သတ်မှတ်နေရာများ၌ မဟော်ဂနီပင် ၅၀၊ မန်ဂျန်ရှားပင် ၅၀၊ ပိတောက်ပင် ၅၀ တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

ခင်ကိုကို(ကျောက်တံခါး)

* ကျောဖုံးမှ

အရင်းအမြစ်တိုးတက်ရေးအတွက် ကြိုးပမ်းခဲ့သော်လည်း NUG၊ PDF အမည်ခံ အကြမ်းဖက်သမားများသည် ၎င်းတို့၏ နိုင်ငံရေးအစွန်းရောက် အယူဝါဒများကို လက်ကိုင်ထား၍ ကျောင်းတက်ရောက်ကြသည့် ကျောင်းသား ကျောင်းသူများ၊ ပညာသင်ကြားပေးကြသည့် ဆရာ ဆရာမများနှင့် ပညာရေးဝန်ထမ်းများအား ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ရက်စက်စွာ သတ်ဖြတ်ခြင်း၊ ပညာရေးအဆောက်အအုံများ၊ စာရွက်စာတမ်းများ၊ ပညာရေးအထောက်အကူ ပစ္စည်းများကို မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းများ၊ လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခြင်းများကို နေရာတချို့၌ ကျူးလွန်လုပ်ဆောင်လျက်ရှိကြသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ မေ ၂၉ ရက် နံနက် ၉ နာရီခန့်တွင် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် အသုံးပြုရန်အတွက် ကျောင်းသုံးဗလာစာအုပ်များနှင့် ပုံနှိပ်စာအုပ်များပါဝင်သော ပီနံအိတ် ၄၁ အိတ်နှင့် စက္ကူချပ်ဖာ ၄၁ ဖာတို့ကို စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် ပညာရေးမှူးရုံးမှ ဖောင်းပြင်မြို့နယ် ပညာရေးမှူးရုံးသို့ ပို့ဆောင်ရန် မော်လိုက်-ဖောင်းပြင် ကုန်တင်ရေယာဉ်ဖြင့် ပို့ဆောင်ပေးခဲ့ကြောင်း၊ အဆိုပါ ရေယာဉ်သည် မွန်းလွဲ ၂ နာရီခန့်တွင် မော်လိုက်မြို့နယ် ယုဝကျေးရွာအနီးသို့အရောက်၌ လက်နက်ငယ်များ ကိုင်ဆောင်ထားသည့် PDF အမည်ခံ အကြမ်းဖက်သမား ၂၀ ခန့်က ရေယာဉ်အား တားဆီးကာ ကျောင်းသုံးဗလာစာအုပ်များနှင့် ပုံနှိပ်စာအုပ်များကို လုယက်ယူဆောင်၍ ရေယာဉ်အား ဆက်လက်ထွက်ခွာစေခိုင်းခဲ့ကြောင်း သိရသည်။

PDF အမည်ခံ အကြမ်းဖက်သမားများ လုယက်ယူဆောင်သွားသည့် ကျောင်းသုံးဗလာစာအုပ်များနှင့် ပုံနှိပ်စာအုပ်များသည် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် ကျောင်းသား ကျောင်းသူများ အသုံးပြုရန်အတွက် ပေးပို့သည့် စာအုပ်များဖြစ်ပြီး ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၁၀၀၀ (အုပ် ၁၂၀၀၀)၊ Grade-11 သင်ရိုးအတွက် စာရိတ္တနှင့် ပြည်သူ့နီတိပုံနှိပ်စာအုပ် ၂၅၀၀၊ ရူပဗေဒပုံနှိပ်စာအုပ် ၁၁၀၀ နှင့် ရူပဗေဒ လက်တွေ့ပုံနှိပ်စာအုပ် ၁၁၀၀ စုစုပေါင်း ပုံနှိပ်စာအုပ် ၄၇၀၀ ပါဝင်ကြောင်း သိရသည်။

အလားတူ မေ ၂၄ ရက် ညနေ ၆ နာရီ ၁၀ မိနစ်ခန့်တွင်လည်း တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် အောက်သရက်ချောင်း ကျေးရွာ၏ အရှေ့မြောက်ဘက် မီတာ ၂၀၀၀ ခန့် အကွာရှိ ထားဝယ် - မြိတ် ပြည်ထောင်စုလမ်းမကြီး ပေါ်၌ မြိတ်ခရိုင်အတွင်းရှိ စာသင်ကျောင်းများသို့ ဖြန့်ချိမည့် ကျောင်းသုံးပုံနှိပ်စာအုပ်များ သယ်ဆောင်လာသည့် ၁၂ ဘီးယာဉ် နှစ်စီးအား PDF အမည်ခံ အကြမ်းဖက်သမားများက တားဆီးရပ်တန့်၍ ကျောင်းသုံးပုံနှိပ်စာအုပ်များ ထည့်ထားသည့် ဆာလာအိတ် ၁၅၉၇ ထုပ်အနက်မှ ဆာလာအိတ် ၄၈ ထုပ်ကို ကားလမ်းဘေးသို့ချ၍ မီးရှို့ဖျက်ဆီးခဲ့ကြသည်။

ထို့အတူ မေလ ၁၁ ရက်နေ့ ည ၁၀ နာရီတွင်လည်း စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် တုန်းပေါကျေးရွာရှိ တုန်းပေါအခြေခံပညာအလယ်တန်းကျောင်းသို့ PDF အကြမ်းဖက်သမား သုံးဦးခန့် ရောက်ရှိလာပြီး ကျောင်းဝင်းအတွင်းသို့ ဝင်ရောက်၍ နှစ်ထပ်စာသင်ကျောင်းဆောင်ရှိ ကျောင်းအုပ်ကြီး ရုံးခန်းနှင့် စာသင်ခန်းတစ်ခန်းအတွင်းမှ ပစ္စည်းများအား ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ထိုသို့ ကျောင်းသား ကျောင်းသူများ၏ ပညာသင်ယူခွင့်ကို ဟန့်တား၍ အနှောင့်အယှက်ဖြစ်စေရန် ကျောင်းသုံးစာအုပ်များကို လုယက်ယူဆောင်သွားသည့် PDF အမည်ခံအကြမ်းဖက်သမားများအား ဖမ်းဆီးရမိရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးရန်ကင်းကွာ လွန်ချမ်းသာ

မြန်မာနိုင်ငံက ဘင်္ဂလားဒေ့ရှ်သို့ တစ်လလျှင်ရေထွက်ကုန်တန်ချိန် ၈၀၀ မှ ၁၀၀၀ ကျော်အထိ ကုန်စည်စီးဆင်းလျက်ရှိ

ရန်ကုန် မေ ၃၀

နိုင်ငံတော်က စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍကို အလေးပေးဆောင်ရွက်လျက်ရှိပြီး စိုက်ပျိုးမွေးမြူရေးလုပ်ကိုင်သူများ၏ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်စေရန် ရည်မှန်းဆောင်ရွက်လျက်ရှိရာ ရေထွက်ကုန်တင်ပို့မှုတွင် ရခိုင်ပြည်နယ် နယ်စပ်ဂိတ်မှ ဘင်္ဂလားဒေ့ရှ်သို့တစ်လလျှင် ရေထွက်ကုန်တန်ချိန် ၈၀၀ မှ ၁၀၀၀ ကျော်အထိ ကုန်စည်စီးဆင်းလျက်ရှိကြောင်း သိရသည်။

ဧပြီလတွင် ဘင်္ဂလားဒေ့ရှ်ဘက်မှ ရေထွက်ကုန်တင်သွင်းမှုလျော့နည်းခဲ့ခြင်းသည် ရာမာဒန်ဥပုသ်ကာလဖြစ်ခြင်းကြောင့်ဖြစ်ပြီး မေလ ပထမပတ်မှစ၍ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့ရှိ ငါးမြစ်ချင်း မွေးမြူသူများထံမှ ရေလမ်း၊ ကုန်းလမ်း ပုံမှန်ကုန်စည်စီးဆင်းမှုဖြင့် နယ်စပ် ကုန်စည်စီးဆင်းမှု ပြန်လည်အသက်ဝင်ခဲ့သည်။ လက်ရှိရင်ဆိုင်နေရသောစက်သုံးဆီဈေးမတည်ငြိမ်မှုကြောင့် ပို့ဆောင်ရေးစရိတ် ကြီးမြင့်လာခြင်း၊ ရောင်းချသော ကုန်စည်ဈေးနှုန်းတိုးမြင့်ရရှိမှုမရှိခြင်း၊ မွေးမြူရေးအစာစရိတ်မြင့်မားခြင်းတို့ကို ရင်ဆိုင်နေရသော်လည်း တစ်ဖက်နိုင်ငံမှ ဝယ်လိုအားရှိနေသော ရေထွက်ကုန်ကို စဉ်ဆက်မပြတ်တင်ပို့နိုင်မှုဖြင့် လုပ်ငန်းလည်ပတ်နိုင်ရန် ငါးမွေးမြူရေးသမားများ ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

ရေထွက်ကုန်တိုက်ရိုက် တင်ပို့နိုင်သော နယ်စပ်ဂိတ်တစ်ခုဖြစ်သည့် ရခိုင်ပြည်နယ် စစ်တွေနှင့် မောင်တောတို့သို့ ရန်ကုန်မြို့မှ ငါးမြစ်ချင်း ပိသာချိန် ၁၀၀၀ ခန့် နေ့စဉ်တင်ပို့လျက်ရှိပြီး ကျန်တိုင်းဒေသကြီး နှစ်ခုမှလည်း ရေလမ်းနှင့် ကုန်းလမ်းတို့မှ တင်ပို့လျက်ရှိကြောင်း သိရသည်။

“တစ်ပိုင်တစ်နိုင်မွေးမြူသူတွေက စစ်တွေနဲ့ မောင်တောကို ကားနဲ့ တင်လာပြီး စက်လှေပေါ်မှာ အခြားကုန်တွေနဲ့ ပေါင်းတင်ပြီးတော့မှ

တစ်ဖက်နိုင်ငံကိုပို့တယ်။ ရန်ကုန်က လုပ်ငန်းကြီးမွေးမြူသူတွေက ငါးသယ်စက်လှေနဲ့တင်ပြီး စစ်တွေမှာ အစစ်အဆေးခံပြီးတော့မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံ တက္ကနက်ဆိပ်ကမ်းကို တိုက်ရိုက်သွားတယ်။ အပြန်ရေလယ်မှာ ငါးရက်စောင့်ဆိုင်းပြီး ကျွန်းမာရေးစစ်ဆေးမှု အောင်မြင်ရင် ရန်ကုန်ကို ပြန်ခွင့်ပြုတယ်။ ဆီဈေးတက်လာပေမယ့် ကုန်ချိန်ဘယ်လောက်ပို့မယ်ဆိုတဲ့ စာချုပ်ကြောင့်ဖြစ်မယ်။ ကုန်သည်ကတော့ ငါးမြစ်ချင်းကို ဆက်တိုက်ပို့နေကြတယ်။ ပုံမှန်ကုန်စည်စီးဆင်းနေပါတယ်။ ငါးမွေးမြူသူတွေအတွက် ဘင်္ဂလားဒေ့ရှ်နယ်စပ်ဂိတ်ဟာ အရေးပါပါတယ်။ ကန်မှာ ဖမ်းဆီးရမယ့်အချိန်မှာ ဖမ်းဆီးပြီး ချက်ချင်းတင်ပို့ခြင်းဟာ မွေးမြူသူနဲ့ စားသုံးသူ နှစ်ဦးနှစ်ဖက် အကျိုးရှိတယ်။ ဒီလ ရေထွက်ကုန်တန်ချိန် ၈၀၀ ကနေ ၁၀၀၀ ကျော်အထိ ကုန်စည်စီးဆင်းနေပါတယ်” ဟု ရခိုင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသက်ဦးက ပြောသည်။

ရခိုင်ပြည်နယ်တွင် စစ်တွေမြို့၊ ရွှေမင်းဂံဂိတ်နှင့် မောင်တောမြို့ ကညင်ချောင်းဂိတ်တို့၌ ပြည်ပပို့ကုန် ရေထွက်ကုန်နှင့် ကုန်ခြောက်များကို ပူးပေါင်းအဖွဲ့ကစစ်ဆေးပြီး နိုင်ငံတော်သို့ နှစ်ရာခိုင်နှုန်း အခွန်ဆောင်၍လည်းကောင်း၊ ရေထွက်ကုန် စင်းလုံးပြတ်တင်ပို့သော စက်လှေများကို နှစ်ရာခိုင်နှုန်း၊ လှေအတွက် ငါးဒေါ်လာနှင့် မှတ်ပုံတင်ကြေး ဒေါ်လာ ၅၀ ကို မြန်မာငွေဖြင့် အခွန်သွင်း၍ ရေထွက်ကုန်များ တင်ပို့ခွင့်ပြုလျက်ရှိကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်သို့ ငါးမြစ်ချင်းကို အဓိကတင်ပို့လျက်ရှိပြီး ကုန်ခြောက်အဖြစ် ကြက်သွန်၊ မန်ကျည်းသီး၊ ချင်း၊ စီးသီးခြောက်နှင့် အခြားကုန်ခြောက်အချို့ကို တင်ပို့လျက်ရှိကာ သွင်းကုန်အဖြစ် ပလေကပ်ပုဆိုး၊ ပလတ်စတစ်ဂါလီပုံး၊ ညှပ်ဖိနပ်၊ လူသုံးကုန်နှင့် ဆောက်လုပ်ရေးသုံးပစ္စည်းအချို့ ဝင်ရောက်မှုဖြင့် သွင်းကုန်ထက် ပို့ကုန်များသော နိုင်ငံခြားဝင်ငွေရရှိနေသည့် နယ်စပ်ဂိတ်တစ်ခုဖြစ်သည်။

ပြီးခဲ့သော မီနီဘတ်ဂျက်ခြောက်လတွင် မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ကုန်တန်ချိန် စုစုပေါင်း ၁၁၀၀၀ ကျော်တင်ပို့နိုင်ခဲ့ရာ အမေရိကန်ဒေါ်လာ ၁၁ သန်းကျော်ရရှိခဲ့ပြီး ယခင်က အမေရိကန်ဒေါ်လာ ၄ ဒသမ ၇ သန်း ရရှိခဲ့သည်။ ယခုအခါ ရေထွက်ကုန် တိုးမြင့်တင်ပို့နိုင်မှုဖြင့် ယခင်ထက် နိုင်ငံခြားဝင်ငွေ ၅ ဒသမ ၃ သန်းခန့် ပိုမိုရရှိခဲ့သည်။ ဧပြီလတွင် ကုန်စည် စီးဆင်းမှုအေးစက်ခဲ့သော ရခိုင်ပြည်နယ် ဘင်္ဂလားဒေ့ရှ် နယ်စပ်ကုန်သွယ်ရေးသည် မေလတွင် ပြန်လည်အသက်ဝင်လာခဲ့ပြီဖြစ်ကြောင်း သိရသည်။

သတင်း- ညိမ်းသူ၊ ဓာတ်ပုံ - ကနူး

အာဆီယံဉာဏ်စမ်းပဟေဠိ(နိုင်ငံအဆင့်) ပြိုင်ပွဲ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ကိုယ်စားပြု ကျောင်းသား ကျောင်းသူများ ရေးဖြေနှင့်လူတွေ့စစ်ဆေးခြင်းများ ပြုလုပ်

ရန်ကုန် မေ ၃၀

ဒသမအကြိမ်မြောက် အာဆီယံဉာဏ်စမ်းပဟေဠိ (နိုင်ငံအဆင့်) 10th ASEAN Quiz –National Level) ပြိုင်ပွဲသို့ တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးမှ ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ကြသည့် ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူ ၃၄ ဦးသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ အထက-၁ (စမ်းချောင်း)၌ ရေးဖြေစာမေးပွဲ ဖြေဆိုခြင်းနှင့် မွန်းလွဲပိုင်းတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ လူတွေ့စစ်ဆေးခြင်းများ ပြုလုပ်ကြသည်။

အဆိုပါရေးဖြေနှင့် လူတွေ့စစ်ဆေးခြင်းများကို အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးဆိုင်ရာ အသိုက်အဝန်း (APSC)၊ အာဆီယံစီးပွားရေးဆိုင်ရာ အသိုက်အဝန်း (AEC) နှင့် အာဆီယံလူမှုရေး-ယဉ်ကျေးမှုဆိုင်ရာအသိုက်အဝန်း (ASCC) မဏ္ဍိုင် (၃) ရပ်တို့၏ တာဝန်ခံဝန်ကြီးဌာနများမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူ အဆင့်မြင့်အရာရှိကြီးများ၊ ရန်ကုန်ပညာရေးတက္ကသိုလ် အင်္ဂလိပ်စာဌာနနှင့် ရန်ကုန်တက္ကသိုလ်၊ နိုင်ငံတကာ ဆက်ဆံရေးဌာနတို့မှ ကျွမ်းကျင်ပညာရှင်များဖြင့် ဖွဲ့စည်းထားသည့် အကဲဖြတ်ဒိုင်အဖွဲ့က စိစစ်အကဲဖြတ်ပေးကြသည်။

ရွေးချယ်

ယနေ့ယှဉ်ပြိုင်ကြသည့် ကျောင်းသား ကျောင်းသူ ၃၄ ဦး၏ ရေးဖြေနှင့် လူတွေ့ စစ်ဆေးမှု ရမှတ်များကို စုပေါင်းပြီး အမှတ်အများဆုံးရရှိကြသည့် ကျောင်းသား ကျောင်းသူ ၁၀ ဦးအား အကဲဖြတ်ဒိုင်အဖွဲ့က စိစစ်၍ဆုံးဖြတ်ခဲ့ရာ အထက(၁)ဒဂုံမှ မောင်ဇော်ဘုန်းသန့်၊ အထက(၁)ဘားအံမှ မနှင်းပွင့်အောင်၊ အထက(၁)ဒဂုံမှ မဟေမာန်ဝင့်အောင်၊ အထက(၁)ဒဂုံမှ မစိုးရတီထွန်း၊ အထက(တပ်ကြီးကုန်း)မော်ဘီမှ မဟေဝန်းဝဿန်၊ အထက(၁)ဒဂုံမှ မရွှန်းလွဲဝေ၊ အထက(၈) အောင်မြေသာစံ မန္တလေးမှ မမေသဲဖြူအုန်း၊ အထက(၁)ဒဂုံမှ မောင်ပြည့်စုံချမ်းသာ၊ အထက(၁)ဒဂုံမှ မောင်ဟိန်းလင်းထက်နှင့် အထက(၁)ဘားအံမှ မောင်မျိုးဇက်အောင်တို့အား ရွေးချယ်ခဲ့သဖြင့် ယင်းကျောင်းသား ကျောင်းသူများသည် ဇွန် ၁ ရက်တွင် ရန်ကုန်မြို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ရိုက်ကူးရေးအစီအစဉ်ဖြင့် ကျင်းပမည့် 10th ASEAN Quiz (National Level) ပြိုင်ပွဲသို့ ဆက်လက်ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။

အာဆီယံဉာဏ်စမ်း ပဟေဠိပြိုင်ပွဲများကို အာဆီယံဒေသတွင်းနိုင်ငံများ၏ ယဉ်ကျေးမှု၊ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ဗဟုသုတများကို အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ လူငယ်များနှင့် ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန်၊ အာဆီယံဆိုင်ရာ ဗဟုသုတများကို မျိုးဆက်သစ်လူငယ်များ ပိုမိုသိရှိနားလည်နိုင်စေရန်၊ အာဆီယံနိုင်ငံများအကြား မိတ်ဆွေဖြစ် ဆက်ဆံရေးများ၊ အပြန်အလှန်နားလည်မှုများကို မြှင့်တင်နိုင်စေရန်၊ အာဆီယံ၏ ရည်မှန်းချက်ပန်းတိုင်ကို သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပြည်သူများ အတူလက်တွဲ ကြိုးပမ်းဆောင်ရွက်ရန် ရည်ရွယ်ချက်များဖြင့် (၂)နှစ်လျှင်တစ်ကြိမ် အာဆီယံအဖွဲ့ဝင်နိုင်ငံများက အိမ်ရှင်အဖြစ် အလှည့်ကျကျင်းပလျက်ရှိရာ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင်ကျင်းပမည့် အာဆီယံဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည်ဖြစ်ပြီး ယခုကျင်းပလျက်ရှိသည့် အာဆီယံဉာဏ်စမ်းပဟေဠိ (နိုင်ငံအဆင့်)ပြိုင်ပွဲတွင် အမှတ်အများဆုံးရရှိသူသုံးဦးတို့မှာ ဒသမအကြိမ်မြောက် အာဆီယံဉာဏ်စမ်းပဟေဠိ (ဒေသတွင်းအဆင့်)(10th ASEAN Quiz – Regional Level) ပြိုင်ပွဲသို့ မြန်မာနိုင်ငံကိုယ်စားပြုပြီး ပါဝင်ယှဉ်ပြိုင်ကြရမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း ကြံသီးနှံခင်းသစ် ၇၆၀၆ ဧက စိုက်ပျိုးသွားမည်

မန္တလေး မေ ၃၀

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိမြို့နယ်လေးမြို့နယ်၌ကြံသီးနှံခင်းသစ် ၇၆၀၆ ဧကကို လျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကြံခင်းသစ်စိုက်ဧကပေါင်း ၇၆၀၆ ဧက

အဆိုပါကြံသီးနှံခင်းသစ်များကို ပြင်ဦးလွင်ခရိုင်အတွင်း မြို့နယ်လေးမြို့နယ်မှ တောင်သူများကို မျိုးကောင်းမျိုးသန့်များဖြန့်ဖြူးပြီး မြို့နယ်အလိုက် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ ပြင်ဦးလွင်ခရိုင်အတွင်းရှိ မတ္တရာတွင် ၆၀၆ ဧက၊ စဉ်ကူးတွင် ဧက ၄၀၀၀၊ သပိတ်ကျင်းတွင် ဧက ၁၀၀၀၊ တကောင်းတွင် ဧက ၂၀၀၀ တို့ဖြစ်ပြီး ကြံခင်းသစ်စိုက်ဧကပေါင်း ၇၆၀၆ ဧကကို စိုက်ပျိုးရန်လျာထားဆောင်ရွက်နေကြောင်း မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ခိုင်မိုမိုဇင်က ပြောကြားသည်။

“ကြံသီးနှံက မြေတွင်းအစိုဓာတ်ကို ကြိုက်နှစ်သက်တဲ့ သီးနှံဖြစ်ပါတယ်။ အရမ်းမခြောက်သွေ့လွန်း၊ မပူလွန်းတဲ့နေရာတွေမှာ စိုက်ပျိုး ဖြစ်ထွန်းပါတယ်။ အစိုဓာတ်တွေစပြီးရတဲ့ နိုဝင်ဘာလနဲ့ ဒီဇင်ဘာလမှာစပြီး စိုက်ပျိုးမှာပါ။ တောင်သူတွေအဆင်ပြေစွာ စိုက်ပျိုးနိုင်ဖို့အတွက် ဌာနမှစမ်းသပ်ကွက်၊ စံပြကွက်များပြုလုပ်ပြသပြီး မျိုးကောင်းမျိုးသန့်များ ဖြန့်ဝေပေးခြင်း၊ သကြားစက်ရုံတွေနဲ့ တောင်သူတွေကြားညှိနှိုင်းပြီးတော့ ကြိုတင်စိုက်ပျိုးစရိတ်ချေးငွေ သဘောမျိုးအနေနဲ့ ကန်ထရိုက်လယ်ယာစနစ် (Contract Farming) ဆောင်ရွက်ပေးထားပါတယ်။ ကြံကိုစနစ်တကျစိုက်ပျိုးပြီး ပြုစုပျိုးထောင်ပေးမယ်ဆိုရင် ဝင်ငွေကောင်းတဲ့ သီးနှံတစ်ခုဖြစ်တဲ့အတွက် တောင်သူတွေအနေနဲ့ စိုက်ပျိုးသင့်ပါတယ်။ ကြံတွေရဲ့အရည်အသွေးမကျဆင်းစေရေးနဲ့ တောင်သူတွေရဲ့ဝင်ငွေတွေကို အပြည့်အဝရရှိစေဖို့အတွက်လည်း နည်းပညာပေးလုပ်ငန်းတွေ လုပ်ဆောင်နေပါတယ်” ဟု ၎င်းကပြောပြသည်။

မျိုးကွဲပေါင်း ၁၈ မျိုး

အဆိုပါကြံစိုက်ပျိုးရာတွင် ကြံသီးနှံမျိုးကွဲပေါင်း ၁၈ မျိုးရှိပြီး တိုင်းဒေသကြီးအတွင်း၌ ၎င်းမျိုးကွဲများ အားလုံးကို စိုက်ပျိုးလျက်ရှိကြောင်း၊ ဒေသမျိုးရင်းအနေဖြင့် CO–775၊ F–15C၊ ရေဆင်း (၁)၊ VMC– 74၊ 527 နှင့် ရေဆင်း(၂)ဟူ၍ ဒေသမျိုးငါးမျိုးနှင့် အခြားအထွက်ကောင်းမျိုး ၁၃ မျိုးရှိကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

ပန်းအိပ်မက်တို့ကို ရှင်သန်စေသူ စာရေးဆရာမကြီး “မစန္ဒာ”

(ယမန်နေ့မှအဆက်)

နိုင်ငံခြားဘာသာများသို့ ပြန်ဆိုခဲ့သောစာအုပ်များ

ဆရာမရေးသားခဲ့သည့် လုံးချင်းဝတ္ထုရှည်၊ ဝတ္ထုတိုအချို့ကို အင်္ဂလိပ်၊ ရုရှား၊ ဂျပန်၊ ထိုင်း၊ ဂျာမန် ဘာသာများသို့ ပြန်ဆိုခြင်းခံရသည်။ ပထမဆုံး ဘာသာပြန်ဆိုခြင်းခံရသောဝတ္ထုမှာ “ပေါက်ပင် ဘာကြောင့်ကိုင်းရတယ်”ဝတ္ထုဖြစ်ပြီး တရားဝန်ကြီးချုပ်ဦးမြင့်သိန်းက ၁၉၆၉ ခုနှစ်တွင် “The Pauk Tree” အမည်ဖြင့် လုပ်သားပြည်သူ့နေ့စဉ်သတင်းစာတွင် ဘာသာပြန်ဆိုခဲ့သည်။

အခြားစာရေးဆရာများနှင့် စုစည်းထားသည့် ဝတ္ထုတိုများကို ဘာသာပြန်ဆိုခံရသည့်အပြင် လုံးချင်းစာအုပ်များအဖြစ် “နက်ဖြန်ခါ”ဝတ္ထုနှင့် Umbrella (ထီး)ကို အင်္ဂလိပ်ဘာသာသို့၊ ကွက်လပ်ကလေးဖြည့်ပေးပါနှင့် ဂျိမ်းဂျိမ်းဂျူတ်ဂျူတ် ဂျိမ်းဂျူတ်ဂျူတ် ဝတ္ထုတို့ကို ဂျပန်ဘာသာသို့၊ “ဘဝအိပ်မက် ပန်းအိပ်မက်” ဝတ္ထုကို ထိုင်းဘာသာနှင့် တရုတ်ဘာသာသို့ ပြန်ဆိုခဲ့ပြီး အခြားမဂ္ဂဇင်းဝတ္ထုတိုများကိုလည်း ဂျပန်၊ ဂျာမန်၊ ရုရှားနှင့် အင်္ဂလိပ်ဘာသာတို့သို့ ပြန်ဆိုခဲ့သည်။ အချို့ဝတ္ထုများကို အင်္ဂလိပ်ဘာသာပြန်ဆိုရ၍ အင်္ဂလန်နိုင်ငံ၌ မြန်မာစာသင်ကြားသော ကျောင်းသားများကို သင်ကြားပို့ချပေးခဲ့သည်ဟု သိရသည်။ ဆရာမ၏ဝတ္ထုတို ၁၁ ပုဒ်ကို စုစည်း၍ “Upstream and Other Stories” အမည်ဖြင့် ဆရာ S.M နှင့် KAHEMARAT တို့ကလည်းကောင်း၊ ဆဋ္ဌမမြောက်ရန်သူနှင့် အခြားဝတ္ထုတိုများစာအုပ်ကို The Six Enimies and Other Stories အမည်ဖြင့် ဆရာမ Mra Hninsi မြနှင်းဆီက အင်္ဂလိပ်ဘာသာသို့ ဘာသာပြန်ဆိုခဲ့သည်။

အနှစ်သက်ဆုံးစာအုပ်များ

ဆရာမ မစန္ဒာ၏ အနှစ်သက်ဆုံးစာအုပ်များမှာ ဆရာတော်ဦးဇောတိက၏ “အရှုပ်ထဲမှာ ရှင်းအောင်နေ”၊ နန္ဒ၏ “ငုံသွေး ငုံဝေး ငုံဇရောဝတီ”၊ ရန်ကုန်ဘဆွေ၏ “မြန်မာပြည်သား”၊ ရွှေဥဒေါင်း၏ “စုံထောက်ဦးစံရှား”၊ ဆရာဇော်ဂျီ၏ “ဇော်ဂျီကဗျာ ပေါင်းချုပ်”၊ မန်းတင်၏ “မြို့ပိုင်မောင်ပြုံးချို”၊ ကြယ်နီ၏ “ကိုတံငါ”၊ ဂျာနယ်ကျော်မမလေး၏ “မုန်း၍မဟူ”၊ မြသန်းတင့်၏ “လေရူးသုန်သုန်”၊ ဒေါက်တာမတင်ဝင်း၏ “ကုန်းဘောင်ကိုဆန်၍” စာအုပ်များ ဖြစ်ကြပါသည်ဟု ဆရာမ၏အင်တာဗျူးတစ်ခုတွင် ဖော်ပြထားပါသည်။



စာပေဆိုင်ရာခံယူချက် တစ်စိတ်တစ်ဒေသ

ဆရာမ၏စာပေခံယူချက် တစ်စိတ်တစ်ဒေသကို အင်တာဗျူးတစ်ခုတွင်... “နာမည်ကြီးချင်လို့ ဖြစ်စေ၊ ငွေလိုချင်လို့ဖြစ်စေ အဲဒီအကြောင်းနှစ်ချက်ကြောင့်တော့ ကျွန်မ စာကိုမရေးပါဘူး။ ကျွန်မယုံကြည်တာကို ကျွန်မခံစားရတဲ့အတိုင်းပဲ မှန်တယ်လို့ထင်တဲ့ ရှုထောင့်မှာရပ်တည်ပြီး ရေးပါတယ်။

အဲဒီလိုရေးခဲ့တဲ့အတွက် လက်ခုပ်သြဘာသံတွေကို အများကြီးကြားဖူးပါတယ်။ ကဲ့ရဲ့ပြစ်တင်သံတွေကိုလည်း ကြားခဲ့ဖူးပါတယ်။ အတွေးချင်း အမြင်ချင်း မတူရကောင်းလားရယ်လို့ အနုပညာသမား အချင်းချင်းအုပ်စုဖွဲ့ပြီး တိုက်ခိုက်တာကိုလည်း ခံခဲ့ရဖူးပါတယ်။ ကျွန်မဟာ ပုထုဇဉ်တစ်ယောက်မို့ ခံခဲ့ရတာကို တုန်လှုပ်မိတာ အမှန်ပါပဲ။ ဒါပေမဲ့ ကျွန်မ မယုံကြည်တာကို လက်ခုပ်သြဘာသံကြားချင်လို့ ဟန်ဆောင်ခံစားပြီး မရေးဖူးသလို ယုံကြည်တဲ့အချက်ကိုလည်း ကဲ့ရဲ့ပြစ်တင်ဝေဖန်ခံရမှာစိုးလို့ဆိုပြီး မရေးဘဲ မနေခဲ့ပါဘူး။ တိုင်းပြည်နဲ့ လူမျိုးအတွက် ကောင်းတယ်၊ မှန်တယ်လို့ ယုံကြည်တဲ့လမ်းပေါ် မှာ ကျွန်မ တစ်ယောက်တည်းပဲဖြစ်ပါစေ ဆက်ပြီးလျှောက်မှာပါပဲ”ဟု ထုတ်ဖော်ပြောကြားခဲ့ပါသည်။

ထို့ပြင် ဝတ္ထုရေးသားဖွဲ့ဆိုမှုနှင့်စပ်လျဉ်း၍ ... “ဝတ္ထုဟူသည်မှာ မိမိ၏အတွေးအာရုံ၊ မိမိ၏ခံယူချက်၊ မိမိ၏ရင်ထဲမှာရှိနေသော ခံစားမှုတို့ကို စာဖတ်သူအား ပြောပြခြင်းဖြစ်သည်” ဟု ကျွန်မယူဆပါသည်။ မိမိ၏ဇာတ်ဆောင်များ သဘာဝကျကျရှင်သန်လှုပ်ရှားပြီး စာဖတ်သူ၏ ရင်ထဲသို့ စီးမျောရောက်သွားရန် အားထုတ်ရပါသည်။

ငယ်စဉ်က ငယ်စိတ်နှင့် ခပ်ပျော်ပျော်ရေးခဲ့သည်များရှိသော်လည်း သက်ကြီးပိုင်းသို့ ရောက်လာသောအခါ စိတ်တွေလည်း ငြိမ်လာပါသည်။ ထို့ကြောင့် စာရေးရာ၌ စာဖတ်သူ၏ရင်ထဲတွင် တစ်စုံတစ်ရာ ကျန်ရစ်ခဲ့အောင် အချိန်ပေးပြီး ဖတ်ရက္ချိုးနပ်အောင် တတ်နိုင်သမျှကြိုးစားပါသည်” ဟု ဆိုခဲ့ပါသည်။

ဆရာမ၏ စာပေလက်ရာများအပေါ် သုံးသပ်ချက်များ

ဆရာကြီးမင်းယုဝေက “မစန္ဒာ၏ဝတ္ထုတိုများတွင်ပါဝင်သော အကြောင်းအရာများသည် စိတ်ကူးယဉ်အချစ်ဝတ္ထုမျိုး မဟုတ်သည့်အပြင် ဘဝသရုပ်ဖော်၊ ခေတ်သရုပ်ဖော်၊ မေတ္တာသရုပ်ဖော်ဝတ္ထုများ ဖြစ်သောကြောင့် ထူးခြားကြောင်း၊ မစန္ဒာသည် ဝတ္ထုရေးအတတ်ပညာ၌ ထူးချွန်ကြောင်း” မှတ်ချက်ပြုခဲ့သည်။

ဆရာဝင်းငြိမ်းကလည်း “မစန္ဒာသည် စာအရေးအသား ကောင်းသည်။ စာဖတ်သူကို စိတ်ဓာတ်မကျစေရန် ခေတ်အခြေအနေကို ပေါ်လွင်အောင် ဟာသကလေးဖြင့် ရေးတတ်သည်။ ဆရာမ၏ဝတ္ထုများတွင် ရိုးသားမှုကိုတွေ့နိုင်ပြီး လူအချင်းချင်းဆက်ဆံရေး၊ စကားအချီအချ၊ စရိုက် စသည့်အချက် အလက်များကို သိမ်မွေ့စွာတင်ပြနိုင်သည်” ဟု ဝေဖန်ခဲ့ပါသည်။

စာရေးဆရာသုမောင်က “သူ၏အကြိုက်နှစ်သက်ဆုံးဝတ္ထုများတွင် မစန္ဒာ၏ မဂ္ဂဇင်းဝတ္ထုရှည်များစာအုပ်ပါဝင်သည်။ စာရေးသူသည် အမျိုးသမီးဖြစ်ပါလျက် ဖိုမဝါဒ ဘက်လိုက်မှုမရှိခြင်း၊ ဇာတ်ကောင်စရိုက်ကို ဖော်ကျူးရာ၌ တကယ့်အရှိလူသားများ၏ စိတ်သန္တာန်များ အလိုလိုပေါ်လွင်ခြင်း၊ ဖတ်သူကိုယ်တိုင်ကြုံတွေ့ဖူးသော ဖြစ်ရပ်များ၊ အတွင်းစိတ်များကို ရေးသူက သိနှင့်ပြီးနေသလောက် ထင်ရခြင်းတို့ကြောင့် ထိုစာအုပ်ကို နှစ်သက်ရခြင်း ဖြစ်သည်”ဟု ရေးသားခဲ့ပါသည်။

ဆရာအောင်သင်းကလည်း “မြန်မာဝတ္ထုတိုများတွင်း၌ မစန္ဒာ၏ဝတ္ထုတိုများထဲတွင် “ရေခဲခြစ်နှင့် ရေခဲချစ်” ဝတ္ထုတိုကို ကြိုက်နှစ်သက်သည်။ ထိုဝတ္ထု၏ ထူးခြားချက်မှာ ရေးဟန်သွက်လက်မြူးကြွခြင်း ဖြစ်သည်။ ဝတ္ထု၏ဇာတ်ကောင်ဖြစ်သော လင်မယားနှစ်ယောက်၏ ပဋ္ဌိပဂ္ဂဿကို ရေးဖွဲ့ထားပုံမှာ အလွန်ပျော်စရာကောင်းလှသည်။ ကျွန်တော်သဘောကျသောအချက်မှာ ဇာတ်ကောင်စရိုက်နှင့် လိုက်ဖက်သော စကားသံနှင့် အမူအရာ သရုပ်ဖော်မှုဖြစ်သည်။ ဤဝတ္ထုကောင်းခြင်းမှာ ဇာတ်ကောင်များ၏ စရိုက်နှင့်ဘဝများ ပေါ်လွင်ခြင်းကြောင့်ဖြစ်သည်”ဟု ရေးသားခဲ့ပါသည်။

ဆရာမ၏ စိတ်နေစိတ်ထား

ကျွန်မတို့က “မမချို” ဟုခေါ်သော ဆရာမ၏ အမည်ရင်းမှာ ဒေါ်ချိုချိုတင် ဖြစ်သည်။ မမချိုနှင့် မရင်းနှီးခင် ကျွန်မတို့မှာ မမချို၏ဖခင်ကြီး ဦးထွန်းတင် (စာရေးဆရာကြီးမန်းတင်) နှင့် ဦးစွာရင်းနှီးခဲ့ရပါသည်။ ဆရာကြီးမန်းတင်မှာ အငြိမ်းစားသံအမတ်ကြီး၊ ပြန်ကြားရေးဌာန အတွင်းဝန်၊ သတင်းနှင့်စာနယ်ဇင်း ဦးဆောင်ညွှန်ကြားရေးမှူး၊ နိုင်ငံတော်ကောင်စီဝင်ဖြစ်ပြီး စာရေးဆရာအဖြစ် ထင်ရှားသူဖြစ်သည်။ စာပေဗိမာန်တွင် အကြံပေးအရာရှိအဖြစ် ထမ်းဆောင်ခဲ့ပြီး မြန်မာနိုင်ငံ စာပေလုပ်သားအဖွဲ့ဥက္ကဋ္ဌတာဝန်ကိုလည်း ထမ်းဆောင်သည်။ ထို့ကြောင့် စာပေဗိမာန်ရုံးတွင် ရုံးခန်းရှိသည်။ နေ့စဉ်မဟုတ်သော်လည်း တစ်ပတ်သုံးရက်ခန့် ရုံးလာတတ်သည်။ ထိုအချိန်က ဆရာမမှာ “ဂျီဟောသူ”၊ “ငယ်သူမို့ မသိပါ” စသည့် ဝတ္ထုများ ဖြင့် စတင်ကျော်ကြားနေပြီး ကျွန်မတို့ အသည်းစွဲ ဆရာမ ဖြစ်နေခဲ့ပြီဖြစ်သည်။ ဆရာကြီးရုံးခန်းသို့ ဆရာမရောက်လာသည့်အခါ သွားရောက်ငေးမောရသည်။

နောက်ပိုင်းတွင် ဆရာမသည် ဖခင်၏စာပေ အမွေကိုဆက်ခံကာ စာပေဗိမာန်၏ မြန်မာစာပေ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်လာသည်။ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီဝင်၊ စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့ဝင်၊ ပခုက္ကူဦးအုံးဖေစာပေဆု ရွေးချယ်ရေးအဖွဲ့ဝင်အဖြစ် စာပေဗိမာန်ရုံးသို့ မကြာခဏရောက်ခဲ့သည်။ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့၏ ဗဟို အမှုဆောင်ကော်မတီဝင် ဖြစ်လာသောအခါ ပို၍ အရောက်အပေါက် များလာခဲ့သည်။ ဗိသုကာ ပညာနှင့် စာပေအနုပညာကို တစ်ပြိုင်တည်း အောင်မြင်စွာ ဆောင်ရွက်နေသူအဖြစ် လေးစားအားကျခဲ့ရသည်။ ဆရာမကိုယ်တိုင်လည်း စာရေးဆရာမဘဝကို မြတ်နိုးကာ ဗိသုကာဘဝကိုလည်း တန်ဖိုးထားသည်ဟု ဆိုပါသည်။

ဆရာမ၏စာများမှတစ်ဆင့် ဆရာမ၏နှလုံးသားနှင့် စေတနာကို မြင်ဖူးခဲ့သည်။ လူနှင့် ဝန်းကျင်အပေါ် စာနာစိတ်နှင့်အတူ ကောင်းမွန်သော လူ့အဖွဲ့အစည်းအဖြစ် တည့်မတ်စေရန် ကြိုးပမ်းအားထုတ်မှုကို သူ၏စာပေလက်ရာများမှတစ်ဆင့် ထင်လင်းစွာတွေ့ရသည်။ လူချင်းခင်မင်ခွင့်ရသောအခါ ဆရာမ၏ ဖြူစင်ပွင့်လင်းသော စိတ်နေစိတ်ထား ရိုးသားဖြောင့်မတ်မှုနှင့်အတူ ပတ်ဝန်းကျင်ကို ကူညီစောင့်ရှောက်လိုသည့် မေတ္တာပြည့်ဝသူအဖြစ် လေးစားရသည်။

စာပေအဖွဲ့အစည်းများ၊ အစည်းအဝေးများတွင် မမချိုနှင့် တွဲဖက်ဆောင်ရွက်ခဲ့ရာမှ ဆရာမ၏စိတ်နေစိတ်ထားကို သိမြင်လာခဲ့ရသည်။ အဆောက်အအုံသစ်ကြီးတစ်ခုတွင် စာပေဆိုင်ရာ အစည်းအဝေးတစ်ခုကျင်းပရာ “အဲဒါ မမဆွဲတဲ့ ဒီဇိုင်းပေါ့” ဟု အသံတိုးတိုးဖြင့် ပြောပြဖူးသည်။ ဆရာမသည် ခင်ပွန်းဖြစ်သူ ဗိသုကာဦးစန်းမောင်နှင့်တွဲဖက်၍ ဒဂုန်စင်တာ၊ ပုလဲကွန်ဒို၊ ဝါဝါဝင်းတာဝါ၊ ထွန်းဖောင်ဒေးရှင်းဘဏ်အပါအဝင် အခြားအဆောက်အအုံများစွာကို ဒီဇိုင်းရေးဆွဲခဲ့သူဖြစ်သည်။ **စာမျက်နှာ ၁၈ သို့** ■

> **“စာပေနဲ့ ပတ်သက်လို့ကတော့ လူငယ်တွေမကဘဲ လူကြီးတွေပါ အားလုံးစာဖတ်ကြပါလို့ ပြောချင်ပါတယ်။ ကျွန်မကြားဖူးတာက ကံချင်းတူရင် ဉာဏ်ရှိတဲ့သူက သာတယ်၊ ကံနဲ့ဉာဏ်တူရင် ဝီရိယရှိတဲ့သူက သာတယ်၊ ကံဉာဏ်ဝီရိယတူရင် စာဖတ်တဲ့သူက သာတယ်တဲ့။ စာကြည့်တိုက်တွေနဲ့ အင်တာနက်ကို အကျိုးရှိရှိ အသုံးချသူများလာရင် ကျွန်မတို့တိုင်းပြည် အများကြီးတိုးတက်လာမှာပါဟု မှတ်သားဖွယ် ပြောကြားခဲ့”**

ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃၁-၅-၂၀၂၂

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး	ကျိုင်းတုံ
92 Ron	၂၂၂၅	၂၂၇၅	၂၂၆၅	၂၂၃၅	၂၂၇၀	၂၂၉၅	၂၂၈၀	၂၂၆၀	၂၃၅၀	၂၃၆၅	၂၂၆၅	၂၂၇၅	၂၃၁၀	၂၃၁၀	၂၃၁၀	၂၅၃၀	၂၅၈၅
95 Ron	၂၃၄၀	၂၃၈၅	၂၃၈၅	၂၃၅၀	၂၃၈၅	၂၄၀၅	၂၃၉၀	၂၃၇၀	၂၄၆၅	၂၄၈၀	၂၃၇၅	၂၃၉၅	၂၄၂၀	၂၄၂၀	၂၄၂၅	၂၆၄၅	၂၆၅၀
HSD (500 ppm)	၂၃၃၀	၂၃၇၅	၂၃၇၀	၂၃၃၅	၂၃၇၅	၂၃၉၅	၂၃၉၀	၂၃၆၀	၂၄၇၅	၂၄၇၀	၂၃၆၅	၂၃၇၅	၂၄၁၀	၂၄၁၀	၂၄၁၅	၂၆၃၀	၂၇၄၀
HSD (50 ppm)	၂၃၅၅	၂၄၀၅	၂၄၀၀	၂၃၆၅	၂၄၀၀	၂၄၂၅	၂၄၂၀	၂၃၉၀	၂၅၀၅	၂၅၀၀	၂၃၉၅	၂၄၀၅	၂၄၄၀	၂၄၄၀	၂၄၄၀	၂၆၆၀	၂၇၇၀
HSD (10 ppm)	၂၃၅၅	၂၄၀၅	၂၄၀၀	၂၃၆၅	၂၄၀၀	၂၄၂၅	၂၄၂၀	၂၃၉၀	၂၅၀၅	၂၅၀၀	၂၃၉၅	၂၄၀၅	၂၄၄၀	၂၄၄၀	၂၄၄၀	၂၆၆၀	၂၇၇၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၁၂၂	၂၁၉၈
95 Ron	၂၂၃၁	၂၃၀၉
HSD (500 ppm)	၂၂၂၁	၂၂၉၅
HSD (50 ppm)	၂၂၄၉	၂၃၂၃
HSD (10 ppm)	၂၂၄၉	၂၃၂၃

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေး တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀۹۷- ၄၀۹၈၈၁၊ ၀۹-۹۹۹۹၁၁၁၁

၀۹۷- ၄၁၁၁၂۹၊ ၀۹-۴۴၀۴၃၃၅၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

❍ **နေ့တင်ဟမ်ဖောရက်စ်မှ**

ပထမဆုံးအကြိမ်အဖြစ် တန်းတက်ခွင့်ရရှိခဲ့တာဖြစ်ပြီး ဟက်ဒါဖီးလ်အသင်းနဲ့ ပွဲစဉ်မှာ ပွဲကစားချိန် ၄၃ မိနစ်မှာ ဟက်ဒါဖီးကစားသမား ကိုလ်ဝဲလ်ရဲ့ ကိုယ့်ဂိုးကိုယ်သွင်းယူမိခဲ့တဲ့ ဂိုးနဲ့ နေ့တင်ဟမ်ဖောရက်စ်အသင်းက အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလီဂ်သို့ တန်းတက်ခွင့်ရရှိခဲ့တာလည်း ဖြစ်ပါတယ်။

နေ့တင်ဟမ်ဖောရက်စ်အသင်းဟာ အသင်းရဲ့သမိုင်းကြောင်းတစ်လျှောက်မှာ အောင်မြင်မှုတွေ ရရှိထားခဲ့တဲ့အသင်းဖြစ်ပြီး အသင်းသမိုင်းတစ်လျှောက် အင်္ဂလန် ပထမတန်းချန်ပီယံဆုဖလား တစ်ကြိမ်၊ အက်ဖ်အေဖလား နှစ်ကြိမ်၊ လီဂ်ဖလား လေးကြိမ်တို့ကို ဆွတ်ခူးထားနိုင်ခဲ့တဲ့အပြင် ချန်ပီယံလီဂ်ဖလား နှစ်ကြိမ်နဲ့ ဥရောပစူပါ ဖလား တစ်ကြိမ် စသဖြင့် အသီးသီးဆွတ်ခူးထားနိုင်ခဲ့တဲ့အသင်းလည်း ဖြစ်ပါတယ်။

ငွေကြယ်

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း(အမျိုးသား/အမျိုးသမီး)ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်

နေပြည်တော် မေ ၃၀

၂၀၂၂ ခုနှစ် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း(အမျိုးသား/အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ ပြုလုပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အမျိုးသားပြိုင်ပွဲ မိတ္ထီလာတပ်နယ်အသင်းနှင့် ကျောက်ပန်းတောင်းအသင်းတို့၏ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း ဘော်လီဘောပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အမျိုးသား အသင်း ၁၃ သင်းနှင့် ပြိုင်ပွဲဝင်အမျိုးသမီး အသင်း ၁၃ သင်းဖြင့် အုပ်စု လေးစုစီခွဲကာ ဇွန် ၃ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

■ **စာမျက်နှာ ၁၇ မှ**

မြန်မာနိုင်ငံစာရေးဆရာအသင်းနှင့် ဂျပန်နိုင်ငံ၊ ရှန်ဟီစေတနှ၁ဝန်ထမ်းအဖွဲ့ (SVA)တို့ ပူးတွဲ၍ ကလေးစာပေဖွံ့ဖြိုးရေး အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရာ ဆရာမလည်း ပါဝင်တက်ရောက်သည်။ အလုပ်ရုံဆွေးနွေးပွဲအတွင်း ဆရာမသည် အခြားလူငယ်များနည်းတူ ကိုယ်တိုင်ဇာတ်လမ်းရေး၊ ကိုယ်တိုင်သရုပ်ဖော်ပြီး ပြန်လည်တင်ဆက်သည်။ သင်တန်းဆင်းပွဲ၌ ဆရာမက "အခုလို ကလေးစာပေ သင်ကြားခွင့်ရတာ (SVA) ကို ကျေးဇူးတင်မိတယ်။ တကယ်တော့ ကျွန်မအတွက် ကလေးစာပေဖန်တီးရတာဟာ ဝတ္ထုရေးရတာထက် ပိုပြီးခက်တယ်၊ ကြိုးစားပြီး ကလေးစာပေတွေရေးနိုင်ဖို့ ကြိုးစားပါဦးမယ်" ဟု ပြောကြားခဲ့သည်ကို အမှတ်ရမိသည်။

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့၊ မြန်မာနိုင်ငံစာရေးဆရာအသင်းတို့တွင် ဗဟိုအမှုဆောင်ကော်မတီဝင်မှ ဥက္ကဋ္ဌနေရာအထိ တာဝန်ထမ်းဆောင်ခဲ့ရာ ကျရာတာဝန်ကို ကျေပွန်စွာထမ်းဆောင်တတ်သူဖြစ်သည်။ စာဆိုတော်နေ့ သက်ကြီးပူဇော်ပွဲ အခမ်းအနားတွင် ဧည့်ခံကျွေးမွေးရေးဥက္ကဋ္ဌ တာဝန်ဖြင့် မြို့တော်ခန်းမ မြက်ခင်းပြင်တွင် မုန့်ဟင်းခါးဖြင့် ဧည့်ခံရာနေရာသို့ မိုးမလင်းမီ ရောက်နှင့်နေပြီး ဖြစ်သည်။

စာပေဆုရွေးချယ်ရေးအဖွဲ့များတွင်လည်း မိမိ ဘာသာရပ်တွင် တိကျစွာစိစစ်ရွေးချယ်၏။ ဆန္ဒာဂတိ၊ ဘယာဂတိကင်းစွာ ဆုံးဖြတ်တတ်သကဲ့သို့ မိမိရွေးချယ်မှုအပေါ် အပြည့်အဝ တာဝန်ယူတတ်သူ ဖြစ်သည်။ မရမကတောင်းခံသော မဂ္ဂဇင်းစာမူများကို အချိန်ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မိမိ၏ များပြားလှသော တာဝန်များအတွင်းမှ မဖြစ်ဖြစ်အောင် ရေးပို့တတ်၏။

ဆရာမသည် ဘဝသရုပ်ဖော်ဖွဲ့၊ မေတ္တာဖွဲ့ ဝတ္ထုများကို ရေးသားရာတွင် မိမိ၏အတွေ့အကြုံ၊ အဖြစ်အပျက်များကို အခြေခံ၍ ရေးသားလေ့ရှိသည်ဟု ထင်မိပါသည်။ အဘယ့်ကြောင့်ဆိုသော် ပြင်ပတွင်လည်း မိမိ၏ မိဘမောင်နှမ မိသားစုများနှင့် စည်းလုံးပျော်ရွှင်စွာ နေထိုင်လေ့ရှိသကဲ့သို့ မိတ်ဆွေသူငယ်ချင်းများအပေါ်တွင် ပြုံးရွှင်သောမျက်နှာဖြင့် ရင်းနှီးနွေးထွေးစွာ ပေါင်းသင်းဆက်ဆံသူ ဖြစ်ပါသည်။ မိတ်ဆွေများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းကူညီတတ်သူဖြစ်သဖြင့် စာရေးဆရာ အသိုင်းအဝိုင်းက ကြီးငယ်မဟူ ဆရာမကို လေးစားချစ်ခင်ကြပါသည်။ မိမိ၏ စာဖတ်ပရိသတ်ကိုလည်း တန်ဖိုးထားသူဖြစ်ပါသည်။

အမျိုးသားစာပေတစ်သက်တာစာပေဆု ချီးမြှင့်ခံရမှုနှင့်ပတ်သက်၍ ဆရာမကို ကြေးမုံသတင်းစာက တွေ့ဆုံမေးမြန်းရာတွင် -

"တစ်သက်တာ စာပေဆုဆိုတာ ကိုယ်တစ်သက်လုံး နှစ်ပေါင်းများစွာ ရေးသားခဲ့တဲ့ စာတွေအပေါ်မှာ အကဲဖြတ်ပြီး ရွေးချယ်တာဖြစ်လို့ ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ တိုင်းပြည်လည်း အေးချမ်းမယ်၊ ပြည်သူအများလည်း ကျန်းမာပျော်ရွှင်နေကြမယ်ဆိုရင်တော့ ပိုပြီးပျော်ရွှင်မိမှာပါ။ စာပေနဲ့ ပတ်သက်လို့ကတော့ လူငယ်တွေမကပဲ လူကြီးတွေပါ အားလုံးစာဖတ်ကြပါလို့ ပြောချင်ပါတယ်။ ကျွန်မ ကြားဖူးတာက ကံချင်းတူရင် ဉာဏ်ရှိတဲ့သူက သာတယ်၊ ကံနဲ့ဉာဏ်တူရင် ဝီရိယရှိတဲ့သူက သာတယ်၊ ကံဉာဏ်ဝီရိယတူရင် စာဖတ်တဲ့သူက သာ တယ်တဲ့။ စာကြည့်တိုက်တွေနဲ့ အင်တာနက်ကို အကျိုးရှိရှိ အသုံးချသူများလာရင် ကျွန်မတို့ တိုင်းပြည် အများကြီးတိုးတက်လာမှာပါ"ဟု မှတ်သားဖွယ် ပြောကြားခဲ့ပါသည်။

ဆရာမသည် ခင်ပွန်းဖြစ်သူ ဗိသုကာ ဦးစန်းမောင်၊ သားသမီးများ၊ မောင်နှမများနှင့်အတူ အမှတ် ၁၇၃ ကျွန်းရွှေမြိုင်လမ်း ၂၃ ရပ်ကွက် သုဝဏ္ဏ သဃီန်းကျွန်းမြို့နယ် ရန်ကုန်မြို့တွင် နေထိုင်လျက် ရှိပါသည်။

ယခုအခါ ဆရာမသည် အသက် (၇၅) နှစ်အရွယ် စာရေးသက် နှစ် ၆၀ နီးပါးရှိပြီဖြစ်သော်လည်း ဆရာမ မစန္ဒာ၏ လက်ရာများမှာ ယခုတိုင် စာဖတ်ပရိသတ်၏ရင်ထဲတွင် နေပျိုလင်းလက်ဆဲ ဖြစ်ပါသည်။ ဆရာမ၏ ဝတ္ထုရှင်ခုနှစ်သံများမှတစ်ဆင့် ဘဝအမောကို နှစ်သိမ့် အားဖြည့်နေကြရဆဲ ဖြစ်ပါသည်။ ချစ်ခင်လေးစားရသော ဆရာမ မစန္ဒာ အသက်ရှာ ကျော်ရှည်လျက် စာပေမြတ်နိုးသူများအတွက် စိတ်ခွန်အားဖြည့်ဝတ္ထုများ ဆက်လက်ရေးဖွဲ့နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သလျက် ဂုဏ်ပြုရေးသားအပ်ပါသည်။ ။

ကိုးကားသည့်စာအုပ်စာရင်း

၁။ ဝတ္ထုရှည်စာတမ်းများ၊ ၂၀၂၁၊ စာပေဗိမာန်

၂။ စာရေးဆရာမ မစန္ဒာ စာစုစာရင်း (၁၉၆၅-၂၀၀၇)၊ မမာလာမျိုးမြတ်၊ ၂၀၀၉

၃။ ဆရာမ မစန္ဒာ ရေးသားခဲ့သောစာအုပ်များ

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနုံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနလင်္ဂနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

ယမန်နေ့မှအဆက်

လီလီ၏ဖခင်သည် ဆံပင်အလှပြင်ဆိုင်တစ်ဆိုင်ကို ပိုင်ဆိုင်ထားခဲ့သည်။ ယင်းနေရာမှာ အလှအပတို့ စုဝေးသောနေရာ၊သို့မဟုတ်အလှအပကိုရှာဖွေတွေ့ရှိနိုင်သောနေရာ၊ သို့မဟုတ် ပိုမိုလှပစေရန် ပြုပြင်ခြယ်မှုန်းနိုင်သောနေရာ။

နန်းကိန္နရီ၏ အတော်ချည်းရိုးသားသော ဆံပင်ပုံစံကို လီလီက ပြုပြင်စေသည်။ မကြာခဏဆိုသလို ဆံပင်ကို ပုံစံအမျိုးမျိုး ဖြစ်စေသည်။ တစ်ပတ်တစ်ခါဆိုသလို နန်းကိန္နရီ၏ ခေါင်းတွင် လှပသစ်လွင်သော၊ ထူးခြားဆန်းပြားသော ဆံထုံးပုံစံတို့ ရှိတတ်သည်။

အဝတ်အစား အရောင်အသွေး အဆင်အယင်ကိုလည်း လီလီကပင် ပြုပြင်ပေးသည်။ နည်းပေးလမ်းပြ ပြုတတ်သည်။

အကယ်၍ ယခုအခါ အငြိမ့်အဖွဲ့မှ လူတစ်ယောက်ယောက် သို့မဟုတ် ယခင်က သိကျွမ်းရင်းနှီးဖူးသူ တစ်ယောက်ယောက်ကသာ နန်းကိန္နရီအား အမှုမဲ့အမှတ်မဲ့ တွေ့ရှိရပါက မှတ်မိနိုင်လိမ့်မည်မထင်။ နန်းကိန္နရီပါဟု ဖွင့်မပြောလျှင် နှုတ်ဆက်ဝံ့မည်မဟုတ်။

သည်အထိ နန်းကိန္နရီ ပြောင်းလွဲနေသည်။

လီလီသည် သူ့အား ထိုမျှအထိ ပြောင်းလွဲစေသည်သာ မဟုတ်သေး။ အတန်းမှလစ်ထွက်လျက် ရုပ်ရှင်ကြည့်ခြင်းမျိုး၊ အင်းလျားစောင်းမှာ သွားထိုင်နေခြင်းမျိုးကိုလည်း သင်ကြားပေးသည်။ ပြီး ယောက်ျားကလေး တစ်ယောက်စနှစ်ယောက်စနှင့် ရင်းနှီးကျွမ်းဝင်စေရန် ဖန်တီးကာ သက်တော်စောင့်ဖြစ်လာစေခြင်း၊ ဖိတ်ခေါ်သောအကြည့်ဖြင့်ယောက်ျား တကာတို့အား စိတ်ဝင်စားစေခြင်း စသောပညာရပ်များကိုလည်း လီလီ တတ်ကျွမ်းသည်။

အကယ်၍ ယင်းကိစ္စများတွင်သာ နန်းကိန္နရီ စိတ်ပါဝင်စားမည်ဆိုလျှင် ဆရာထက် တပည့်က လက်စောင်းထက်ပေလိမ့်မည်။ လီလီကိုယ်တိုင် အောချယူရပေလိမ့်မည်။

စင်စစ် သည်ပညာရပ်မျိုးကို နန်းကိန္နရီ အငြိမ့်စင်မှာရှိစဉ်က အဌာရသအနေနှင့် တတ်မြောက်ခဲ့ရသည်။

ဆူနေသောလူသိုက်ကို ငြိမ်သက်စေခဲ့ရဖူးသည်။ ရန်ဖြစ်အံ့ဆဲဆဲကာလ၌ ပွဲကို ထိန်းခဲ့ရဖူးသည်။ ကာလသားများ၏ ဩဘာလက်ခုပ်သံကိုလည်း ညံစေခဲ့ရဖူးသည်။ မျက်ဝန်းတစ်ချက် ဝှေ့ရုံမျှဖြင့် ဣန္ဒြေသိက္ခာ အရှိဆုံးဆိုသူအား အငြိမ့်စင်ပေါ်သို့ အရောက်ခေါ်ယူနိုင်စွမ်းရှိခဲ့သည်။

ယင်းပညာရပ်များကို အသက်မွေးဝမ်းကျောင်းရန်မှတစ်ပါး စိတ်ဝင်စားမှုနည်းပါး၍သာ တော်ပေတော့မည်။

မည်သို့ဆိုစေ လူတို့သည် နန်းကိန္နရီအား အနည်းနှင့် အများဆိုသလို စိတ်ဝင်စားကြသည်သာဖြစ်သည်။ အလွန်တရာ အေးဆေး တည်ငြိမ်ပါသည်ဆိုသော၊ ကျောင်းစာမှတစ်ပါး အခြားသူတို့၏ အရေးအခင်းကို စိတ်မဝင်စားပါဆိုသော သူတို့ပင် သူနှင့်ပတ်သက်လာပါက တစ်ခွန်းစ နှစ်ခွန်းစလောက်တော့ စေ့ငုတတ်ကြမြဲပင်။

တချို့က ဝမ်းစာအတွက် ပညာရှာကြသည်။ ထိုသူတို့သည် အများအားဖြင့် ရိုးသားကြိုးကုတ်ကြသည်။ အချို့ကား ထင်ပေါ်ကျော်ကြားလိုခြင်းအတွက်၊ သို့မဟုတ် တစ်စုံတစ်ခုသော အတိုင်းအတာအတွက် ပညာရှာကြသည်။ ထိုသူတို့သည် အများအားဖြင့် လျှပ်ပေါ်တတ်ကြပေသည်။

လောလောဆယ် အခြေအနေအရ နန်းကိန္နရီမှာ ဒုတိယတန်းစားတွင် ပါဝင်သည်။ လူတကာ၏ နှုတ်ဖျားတွင် ရေပန်းစားတတ်သည်မှာလည်း ယင်းအမျိုးအစားတွင် ပါဝင်၍ ဖြစ်ပေသည်။

နန်းကိန္နရီ၏ အမည်သည် ရေပန်းစားသောအမည်တွင် ပါသည်။ ထင်ပေါ်ကျော်ကြားခြင်း ရှိသည်။

အနည်ကျ အနည်ထိုင်လာပြီဖြစ်၍ လည်း သည်လောကကို မကြောက်တော့။ မဝံ့မရဲရှိရခြင်းမျိုးလည်း ဖြစ်ပေါ်မလာတော့ပေ။ နန်းကိန္နရီကား လောကတစ်ခုတွင် လွယ်ကူစွာ အသားတကျ ကျင်လည်နိုင်စွမ်းရှိသူပေတကား။

ယခုတလော မျိုးထွန်းသိန်းအပေါ် နန်းကိန္နရီ မကျေနပ်။

သည်လူသည်ဥပေက္ခာပြုစွမ်းနိုင်လွန်းသည် ထင်မိ၏။ မျက်နှာချင်းမဆိုင်မိခဲ့သည်မှာ ကြာပြီ။ မျက်နှာချင်းဆိုင်မိလေတော့လည်း သူ့မှာ အလွန်အရေးတကြီးနိုင်သော ကိစ္စရပ်တွေ ရှိနေတတ်သည်။ သုတ်သုတ်ပျာပျာ ရှိနေတတ်သည်။

မျိုးထွန်းသိန်းနှင့် စပ်လျဉ်း၍ နန်းကိန္နရီ စိတ်လှုပ်ရှားရသည်မှာလည်း အခါခါ အကြိမ်ကြိမ်ပင်။ သည်ကိစ္စ၌ အဓိကလက်သည်မှာ လီလီ။

လီလီသည် နန်းကိန္နရီမှ တစ်ဆင့် မျိုးထွန်းသိန်းနှင့် သိကျွမ်းရသူဖြစ်သည်။ အမှန်တွင် နန်းကိန္နရီသည် လီလီနှင့် မျိုးထွန်းသိန်းကို မိတ်ဆက်ပေးချင်စိတ်မရှိခဲ့။ မသိကျွမ်းစေချင်ခဲ့။ မျက်နှာချင်းဆုံမိ၍သာ မတတ်သာသဖြင့် မိတ်ဆက်ပေးခဲ့ရသည်။

ထိုစဉ်က လီလီ ဣန္ဒြေမရဖြစ်နေပုံကို ကြည့်ကာ ပထမဆုံးအကြိမ်အဖြစ် လီလီ့ကို မုန်းမိသလိုရှိသည်။ လီလီ၏ အကြည့်ရဲတင်းပုံ၊ နှုတ်သွက်လျှာသွက် စကားပြောတတ်ပုံတို့ကို ရွံရှာမိသည်။

“လီလီ၊ ဒါ ကိုမျိုးထွန်းသိန်း” ဟု မိတ်ဆက်ပေးလိုက်သည်။

သည်စဉ်က လီလီသည် ဝမ်းသာရွှင်ပျသည်။ သူကစ၍ လက်ကမ်းပေးကာ လက်ဆွဲနှုတ်ဆက်သည်။ လက်ကို တော်တော်နှင့် လွှတ်မပေး။ တစ်ဖက်လူ စိတ်အနှောင့်အယှက်ဖြစ်ရလောက်အောင် ကြာရှည်စွာ ကိုင်ထားသည်။

လီလီသည် တောင်မေးမြောက်မေးနှင့် ချက်ချင်း သမီးရည်းစားဖြစ်တော့ မလောက် ရင်းရင်းနှီးနှီးကြီး ပေါင်းပစ်လိုက်သည်။

အကယ်၍ မျိုးထွန်းသိန်းကသာ လီလီ့ကို အားတုံ့အားနာ စကားပြန်ပြောခြင်း မျိုးမဟုတ်ဘဲ စိတ်ဝင်တစားနှင့် လိုက်လိုက်လျောလျောရှိခဲ့ပါက နန်းကိန္နရီ သည်နေရာတွင်ပင် ထိုင်ငိုမိမည်လား မပြောတတ်။

မျိုးထွန်းသိန်းနှင့် ခွဲခွာကြပြီးနောက် လမ်းတွင် အမျိုးသမီးက စပ်စုနေပြန်သေးသည်။

“ကိုမျိုးထွန်းသိန်းကို ယူဘယ်တုန်းက သိတာလဲဟင်”

“ကြာလှပြီ၊ သူက ကိုယ့်အစ်ကို ဝမ်းကွဲပဲ ဥစ္စာ”

နန်းကိန္နရီက လီလီမပြောသာစေရန် အစ်ကိုဝမ်းကွဲအဖြစ် ပြောလိုက်သည်။

“ယူ့မှာ အစ်ကိုဝမ်းကွဲရှိတယ်လို့ အရင်က မကြားမိပါဘူး”

သည်စကားအတွက် နန်းကိန္နရီ စနိုးစနောင့်ဖြစ်ရသည်။

“အိုး ... ကိုယ်က အမိကို ကိုယ့်မှာရှိတဲ့ ဆွေမျိုးတွေ အကုန်စပ်ပြရဦးမှာလား”

နန်းကိန္နရီ ဘုဆတ်ဆတ်ဆိုမိသည်။ သူမစကားကို လီလီက ရယ်ပစ်လိုက်သည်။

“ဒါမျိုးတွေ ရိုးပါပြီကွာ။ မောင်နှမဝမ်းကွဲ မောင်နှမဝမ်းကွဲနဲ့ အတော်ကြာ ဘင်္ဂလားမောင်နှမတွေ ဖြစ်သွားတာများလှပါပြီ”

သည်စကားအတွက် နန်းကိန္နရီ ခံပြင်းသလို ခံစားရသည်။

“တော်စမ်းပါ။ ကိုယ်အကောင်းပြောတာကို အမိမယုံဘူးပေါ့လေ”

“ယုံနိုင်စရာကိုး။ ယူကဖြူဖြူ၊ ဟိုကညိုညို၊ ဆွေမျိုးတော်လောက်အောင် ရှုပ်ချင်းအင်မတန်ဆင်တာကိုး”

“အို ... ဒါတော့ တစ်မိသားထဲမှာတောင် တစ်ယောက်နဲ့ တစ်ယောက် မတူတာ ရှိသေးတာပဲဥစ္စာ။ မယုံချင်နေပါ”

လီလီသည် နန်းကိန္နရီကို ပြုံး၍ကြည့်သည်။

“ကဲ ... ထားပါကွယ်။ ယူ့စကားကို ယုံတယ်ပဲထားပါတော့။ ဒီကနေ့စပြီး ယူနဲ့ကိုယ် သူငယ်ချင်းမဟုတ်တော့ဘူး။ သမီးယောက်မလို့ သဘောထားလိုက်တော့မယ်နော်”

လီလီက သည်စကားကိုဆိုလေလျှင် နန်းကိန္နရီ၏ရင်မှာ ဝန်တိုမစ္ဆရိယစိတ်ဖြင့် ပူလောင်လာသလို ခံစားရသည်။

“သူဟာလေ ကိုယ့်အိပ်မက်ထဲက အတိုင်းပဲဆရာ”

“ဟင်”

“ကိုယ်တကယ်ပြောတာ။ သူ့ကိုတွေ့လိုက်ရတော့ ကိုယ် အံ့အားသင့်နေတာ တွေ့လား။ အဲဒါ သူဟာ ကိုယ့်အိပ်မက်ထဲကလူနဲ့ တူလွန်းလို့ပေါ့ ”

နန်းကိန္နရီသည် လီလီအား ရူးသွပ်သွားလေပြီလား အထင်နှင့် ကြည့်နေမိသည်။

“ဟုတ်တယ်။ သူနဲ့ တွေ့လိုက်ရတော့ ကိုယ့်ရင်တွေ ခုန်လိုက်တာ။ တစ်ကိုယ်လုံးအေးစက်သွားတာပဲ။ ကိုယ့်လက်တွေ ဆိုရင်လည်း တဆတ်ဆတ်တုန်လို့။ အဲဒါ ဘာဖြစ်လို့လဲ သိလား။ ကိုယ်လေ ငယ်ငယ်လေးကတည်းက ဆုံးဖြတ်ထားခဲ့တာ ရှိတယ်။ ကိုယ်ယူမယ့်အမျိုးသားဟာ အရပ်ရှည်ရမယ်။ အသားညိုရမယ်။ ယောက်ျားပီသရမယ်။ တောလ၊ ဒတ်အဲန်ဟင့်ဆန်းပေါ့။ ဥပမာ ရော့ဂ်ဟမ်ဆန်တို့လိုပေါ့။ ဒါမှမဟုတ် ဂရေဂရီပက်တို့လိုပေါ့။ အဲဒီလူမျိုးကို ရွေးရမယ်လို့ စိတ်ကူးထားတာ။ အဲဒီချစ်သူကို အမြဲ အတွေးအိပ်မက်မက်နေတာ။ ကိုမျိုးထွန်းသိန်းဟာလေ ကိုယ့်အတွေးထဲကအတိုင်းပဲ။ ကိုယ့်အိပ်မက်ထဲက အတိုင်းပဲ။ ဒီကနေ့ သူနဲ့တွေ့လိုက်ရတာ သိပ်ပျော်တာပဲ ယောက်မရာ”

လီလီကတော့ သိချင်မှသိမည်။ နန်းကိန္နရီသည် လီလီ၏ တစ်ကိုယ်လုံးကို ဖျစ်ညှစ်ခြေမွှပစ်လိုက်ချင်သည်။ အပိုင်းပိုင်း အတစ်တစ် ဖြတ်တောက်ပစ်လိုက်ချင်သည်။ အဘယ်ကြောင့် လူတစ်ယောက် အပေါ် သည်အထိ အမုန်းပွားမိကြောင်း ထိုစဉ်က နန်းကိန္နရီမသိ။ မတွေးတတ်။

လီလီသည် တစ်စုံတစ်ခုကို တွေးတောဟန်ပြုသည်။ မျက်တောင်များကိုပုတ်ခတ်ပုတ်ခတ် လုပ်သည်။ မျက်ဝန်းကို ဝှေ့ဝိုက်လိုက်သည်။ ချက်ချင်းဆိုသလိုပင် သူ့မ၏ မျက်နှာမှာ ညှိုးလျှသွားသည်။

“ဒါပေမဲ့” ဆိုကာ စကားဖြတ်ထားသည်။ အတန်ကြာ စဉ်းစားနေသေးသည်။

နန်းကိန္နရီသည် လီလီပြောမည့်စကားကို စိတ်စောစွာ နားစွင့်မိသည်။

ဆက်လက်ဖော်ပြပါမည်။

ဆရာမောင်သိန်းဆိုင်၏ “ရေနုံ့သာခင်ခင်ကြီး” စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

“လူတို့သည် နန်းကိန္နရီအား အနည်းနှင့်အများဆိုသလို စိတ်ဝင်စားကြသည်သာဖြစ်သည်။ အလွန်တရာ အေးဆေးတည်ငြိမ်ပါသည်ဆိုသော၊ ကျောင်းစာမှတစ်ပါး အခြားသူတို့၏ အရေးအခင်းကို စိတ်မဝင်စားပါဆိုသော သူတို့ပင် သူမနှင့်ပတ်သက်လာပါက တစ်ခွန်းစ နှစ်ခွန်းစလောက်တော့ စေ့ငုတတ်ကြမြဲပင်။ တချို့က ဝမ်းစာအတွက် ပညာရှာကြသည်။ ထိုသူတို့သည် အများအားဖြင့် ရိုးသားကြိုးကုတ်ကြသည်။ အချို့ကား ထင်ပေါ်ကျော်ကြားလိုခြင်းအတွက်၊ သို့မဟုတ် တစ်စုံတစ်ခုသော အတိုင်းအတာအတွက် ပညာရှာကြသည်။ ထိုသူတို့သည် အများအားဖြင့် လျှပ်ပေါ်. . .”

ချမ်းသာမှ ကြီးပွားမည်

ပီမိုးနင်း

လူမှုနိုင်ငံတော်၏ အကြီးဆုံးသောရည်ရွယ်ချက်သည် စိတ်ချမ်းသာခြင်းဖြစ်လေသည်။ စိတ်ချမ်းသာမှ ကိုယ်လည်းကျန်းမာ၏။ ကိုယ်မကျန်းမာက စိတ်မချမ်းသာနိုင်ပေ။ သို့ဖြစ်လေရာ စိတ်၏ချမ်းသာခြင်းသည်ကား ပထမရည်ရွယ်ချက်။ ကိုယ်၏ကျန်းမာခြင်းကား ဒုတိယရည်ရွယ်ချက်ဟုဆိုလျှင် မှားမည်မဟုတ်ပေ။

ထိုရည်ရွယ်ချက်နှစ်ခုကို အမြဲရှေးရှုကာ ထိုရည်ရွယ်ချက်နှစ်ခုကို မရလျှင် လူဖြစ်ကျိုးမနပ်ပေ။ ဤလူ့ဘဝသည် ငရဲပြည်နှင့် ခြားတော့မည်မဟုတ်ဟု အမြဲဆင်ခြင် အသက်မွေးမြူသောသူမှန်က ထိုအကျိုးနှစ်ပါးကို လွယ်ကူစွာ ရရှိနိုင်လေသည်။

ထိုနှစ်ပါးသည် လူ့ပြည်၌ အကောင်းဆုံး အမြတ်ဆုံးလည်းဖြစ်၏။ ရဖို့ရန်အလွယ်ဆုံးလည်းဖြစ်လေသည်။ ရဖို့ရန်လွယ်ရုံမက ထိုနှစ်ပါးကို ရရှိပြီးသောအခါ၌ အခြားအကျိုးစီးပွားကို ရဖို့ရန်ပင်ခက်တော့မည်မဟုတ်ပေ။ သို့သော် ထိုနှစ်ပါး၏ အစွမ်းဖြင့် အခြားအကျိုးစီးပွားများ ဖြစ်ထွန်း၍လာသောအခါ၌ သတိတရားမရှိက ထိုနှစ်ပါးပျက်တတ်လေသည်။

ထိုနှစ်ပါးကို ရှေးဦးစွာမရရှိချေက ကြီးပွားတိုးတက်ခြင်းတည်းဟူသော အခြားအကျိုးစီးပွားများကို ရဖို့ရန်လွန်စွာ ခက်ပေမည်။

သို့ဖြစ်လေရာ ကြီးပွားလိုသူတို့၏ ရှေးဦးပထမ ရှာကြံအပ်သော အရာသည် ကျန်းမာခြင်းနှင့် စိတ်၏ချမ်းသာခြင်းပင် ဖြစ်လေသည်။

အကြောင်းမူကား ထိုနှစ်ပါးကို ရှေးဦးပထမ မရရှိက အခြားကြီးပွားလမ်းများ ပိတ်တတ်လေသည်။ ထိုနှစ်ပါးကိုရဖို့မှာလည်း ခက်ခဲသောအရာမဟုတ်။ သတိဖြင့် အသက်မွေးတတ်ဖို့၊ ရသမျှနှင့် လုံလောက်စွာနေနိုင်ဖို့သာ လိုလေသည်။ ရသမျှနှင့် ရောင့်ရဲတင်းတိမ်ရမည်ဟု မဆိုလို။ ရသမျှနှင့် လုံလောက်စွာ အသက်မွေးနေထိုင်ဖို့ဟု ဆိုလို၏။

ထိုကဲ့သို့နေထိုင်နိုင်ရန်အတွက် အသုံးအစွဲ၊ အစားအသောက်မှစ၍ သတိပြုရာ၏။ အဘယ်အရာမှာမှ အလွန်မကျင့်ရာ။ ထိုနည်းဖြင့် ပူပင်သောကကင်း၍ ကျန်းမာခြင်းကိစ္စလည်း ပြီးမြောက်နိုင်လေသည်။ ကျန်းမာရေးအတွက် ကန်တော်ကြီး ခြေကျင်ပတ်ရန်မလို။ အိမ်၌ရှိသော မြေကွက်လပ်လေးများကို တူးဆွစိုက်ပျိုးခြင်းဖြင့် လေ့ကျင့်ခန်းကိုဖြစ်စေနိုင်လေသည်။ ထိုအခါ မီးဖိုချောင်အတွက်လည်း စရိတ်အကုန် သက်သာမည်ဖြစ်သောကြောင့် စိတ်၏ချမ်းသာခြင်းကို သာ၍ ခိုင်လုံစေနိုင်လေသည်။

မီးဖိုချောင်အတွက် အကူအညီဖြစ်သောအလုပ်ကို မည်သူမဆို လုပ်သင့်၏။ ဂုဏ်ကိုထိခိုက်ဖို့မလို။ ခရစ်ယာန်လူမျိုးများသည် မီးဖိုချောင်အတွက် ကြက်၊ ငှက်ကိုပင် မွေးကြ၏။ ထိုနည်းဖြင့် ပွဲရံကို ခမ်းနားအောင် လုပ်ကြလေသည်။

ဗုဒ္ဓဘာသာမြန်မာလူမျိုးမှာ ကြက်၊ ငှက်မွေးခြင်းအစား စိုက်ပျိုးခြင်းကို လုပ်သင့်ကြလေသည်။ တောရွာတစ်ရွာ၌ ရေတပ်ပင်တစ်ပင်နှင့် နှစ်စဉ် လူခွန်ငါးကျပ်ပေး၍နေသော အိမ်ထောင်တစ်ခုကို တွေ့ဖူးလေသည်။

အိမ်ရှင်မဖြစ်သူလည်း မီးဖိုချောင်နှင့်ဆိုင်သော မသိုးမပုပ် တာရှည်ခံသည့် အစားအစာများကို လုပ်တတ်ရမည်။ မိန်းကလေးကျောင်းဟူသမျှ၌ ထိုအတတ်များကို သင်ပေးအပ်ကြလေသည်။

ထိုနည်းဖြင့် ငွေဝင်နည်းသူတို့မှာ အနေအစား လွန်စွာမနိမ့်ကျအောင် စီမံနိုင်လေသည်။ ချက်ပြုတ်ရာ၌လည်း စရိတ်ကုန်နည်းစွာနှင့် ဖွယ်ရာနိုင်သော ဟင်းရွက်ဟင်းသီး၊ ငါး၊ အသား၊ အာလူး၊ ဥ စသည်တို့ ပါဝင်သည့် နည်းများကို တတ်သင့်ကြလေသည်။

ထိုနည်းများကိုမတတ်၍ စိတ်ကူးဉာဏ်မရှိသော အိမ်များတွင် အမဲ၊ ကြက်၊ ဝက်မပါက မဖွယ်ရာနိုင်။ ငါးပိရည်၊ တို့စရာ၊ ဟင်းချိုသို့ရောက်ကြလေသည်။ အမဲ၊ ကြက်၊ ဝက် စသည်တို့မှာလည်း သုံးရက်ထက် ပိုမိုဆက်လက်၍စားရလျှင် ညီ့စော်နံသောအစားများဖြစ်သည့်အပြင် စရိတ်လည်းပိုမိုကုန်လျက် အခါများစွာ အန္တရာယ်မကင်းသောအစာများ ဖြစ်ကြလေသည်။

သို့ဖြစ်လေရာ လတ်ဆတ်သော အသီးအရွက်များကို စားကောင်းအောင် စီမံတတ်သော အိမ်ရှင်မသည် ယခုလို ငွေကြေးရှားပါး၊ အသုံးအဆောင်ပစ္စည်းဈေးကြီးမားသော အခါသမယ၌ ရွှေလို အဖိုးထိုက်သူများဖြစ်သည်ဟု ဆိုနိုင်လေသည်။

ဝမ်းဘဲ၊ ကြက်၊ ငှက်ကို ဆီတွေနစ်အောင် လောင်း၍ချက်မှ ဟင်းကောင်းဖြစ်အောင်ချက်တတ်သော အိမ်ရှင်မမျိုးကို အဖိုးတန် အိမ်ရှင်မဟု မခေါ်အပ်ပေ။

နည်းနည်းနှင့် အသက်မွေးဟူသော ပြင်သစ်စကားပုံအရ အသက်မွေးနေထိုင်ရန်အတွက် အိမ်ရှင်မ၏ တတ်သိလိမ္မာခြင်းသည် အထူးအရေးကြီးလေသည်။

အိမ်ထောင်မှုအထိန်းအသိမ်း၊ အချုပ်အလုပ်၊ အပြင်အဆင်၊ အထားအသို၊ အချက်အပြုတ် မီးဖိုအလုပ်၌ ကျင်လည်သောမိန်းမသည်လင်ကို ခြေဆုပ်လက်နယ်ပြု၍ နေဖို့မလို။ ထိုမျှနှင့်ပင် အိမ်၏သာယာခြင်းကို အထူးတိုးတက်စေနိုင်သည့်အပြင် လင်ယောကျ်ားဖြစ်သူ လခတစ်ရာရက နှစ်ရာသုံးရာရလျက် မတတ်မလိမ္မာသော မိန်းမ၏ အိမ်ထောင်ထက် များစွာပိုမိုတင့်တယ်၍ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ချမ်းသာခြင်းနှင့် ဂုဏ်ကျက်သရေကို ဆောင်နိုင်လေသည်။

လင်ယောကျ်ား မောပန်းရာက ပြန်၍လာသည့်အခါ အပေါ်၌ ထိုင်ကာ ယပ်ခတ်၍ပေးသော မိန်းမမျိုးကို မြင်ဖူး၏။ သို့သော်လည်း ထိုအလုပ်မှတစ်ပါး အခြားမည်သည့် အိမ်မှုအလုပ်ကိုမျှမတတ်။ အိမ်ကိုလှပသန့်ရှင်းအောင် ခင်းကျင်းပြုပြင်ခြင်းထက် မိမိကိုလင်မက်အောင် ပြုပြင်ဆင်ယင်ခြင်းအလုပ်ကို ပိုမိုတတ်လေရာ ကြာသောအခါ လင်ဖြစ်သူစွန့်သွားလေသည်။ ၎င်း၏လင်မှာ ကြွယ်ဝသော လူမျိုးခြားဖြစ်လေသည်။

ထိုမိန်းမသည် အတော်ချောမောလှပသော မိန်းမဖြစ်လျက် တကယ့်အရည်အချင်း မရှိ။ လင်မက်အောင်လုပ်နည်းကိုသာ သိသဖြင့် ပျက်စီးရလေသည်။

အိမ်၏ချမ်းသာခြင်းကိုရရှိက ကြီးပွားတိုးတက်ဖို့ရန် Ambition တစ်ခုခုရှိက အောင်မြင်ပေါက်ရောက်ဖို့ မခက်တော့ပေ။

ထိုမာနမျိုး လုံးလုံးကင်းမဲ့လျှင်ကား ပြောဖို့မလိုပေ။ များသောအားဖြင့် ကြီးပွားလိုသူတို့သည် ထိုနည်းကို သတိမထား၊ ကြီးပွားလိုချင်လျက် စိတ်၏ချမ်းသာရေး ကိုယ်၏ချမ်းသာရေးဖြစ်သော လွယ်ကူစွာရနိုင်သော ပထမအထစ်ကိုရအောင် ဂရုမစိုက်ကြသည့်အတွက် “ဖြစ်အောင်လုပ်ချင်တာပေါ့၊ အခုနေရပုံနဲ့ဆိုလျှင် ဘယ်မှာဖြစ်နိုင်မှာတုန်း၊ ပြောတော့ အလွယ်ကလေးပဲ၊ လုပ်တော့မလွယ်ဘူး” ဟူသော စကားဆင်ခြေကို သုံးကြလေသည်။

မလွယ်ခြင်းသည် မည်သူ၏အပြစ်ပါနည်း။ ၎င်းတို့၏စိတ်၌ မိမိတို့ပေါက်ရောက်အောင်ကြံသော အကြံအထမြောက်မှ စိတ်လက်ချမ်းသာမည်ဟု မှတ်ထင်ကြ၏။ စိတ်ချမ်းသာအောင်နေတတ်မှ အကြံအောင်မည်ကို သတိမမူကြပေ။ ကြီးပွားမှ ချမ်းသာမည်မဟုတ်။ ချမ်းသာမှ ကြီးပွားမည်ဟု ပုံသေမှတ်ပါလေ။

ဘားမားဂျာနယ်၊ နံပါတ် ၄၁၊ ၁၉၃၇၊ ဇူလိုင်။

ကြီးပွားချမ်းသာနည်းဗျူဟာ

ထက်ခိုင်

အကောင်းဆုံးလုပ်ဆောင်နိုင်ပါစေ

“ဘယ်နေရာပဲရောက်နေနေ ကိုယ့်မှာရှိတဲ့ စွမ်းအားနဲ့ ကိုယ်စွမ်းဉာဏ်စွမ်းရှိသလောက် စွမ်းဆောင်နိုင်သလောက် အကောင်းဆုံးလုပ်ပါ။”

သီအိုဒိုရူးစဗဲလ်(၁၈၅၈-၁၉၁၉)

အမေရိကန်ပြည်ထောင်စု၏ ၂၆ ဦးမြောက် သမ္မတ

မိမိတို့၏ အတွေးအမြင်၊ အပြုအမူ၊ အပြောနှင့် အလုပ်တို့သည် စေတနာကိုဦးတည်ရပေမည်။ အတွေး၊ အပြော၊ အပြုဟူသော ကံသုံးပါးတွင် ဘာပဲလုပ်လုပ်၊ ဘာပဲပြုပြု သူတစ်ပါးအတွက် စေတနာပါသောလုပ်ဆောင်မှုဖြင့် စတင်သင့်ပေသည်။

စေတနာကောင်းလျှင် ကံကောင်းမည်ဖြစ်သည်။ စေတနာမြင့်လျှင် ကံမြင့်စေပါသည်။

လုပ်ဆောင်မှုအရာရာတိုင်းတွင် စေတနာထည့်ပြီးလုပ်ဆောင်ပါက အရည်အသွေးကောင်းမွန်သော ထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ ကုန်သွယ်မှုတို့ကို ဖြစ်ပေါ်စေမည်ဖြစ်သည်။

ထို့ကြောင့် ကြီးပွားချမ်းသာလိုကြသော ယနေ့လူငယ်လူရွယ်များနှင့် လူတိုင်းလူတိုင်းသည် စေတနာကောင်းကိုမွေးမြူကာ စေတနာမြင့်မားအောင် ဆောက်တည်ကြရပေမည်။ စေတနာကောင်းဖြင့် လုပ်ဆောင်မှုမှန်သမျှသည် အရည်အသွေးကောင်းမွန်သည်ဖြစ်ခြင်းကြောင့် မိမိလုပ်ဆောင်ရာ လုပ်ငန်းဆောင်တာ အားလုံးတွင် စေတနာကောင်းထားရှိခြင်းဖြင့် အောင်မြင်မှုကိုရရှိမည်ဖြစ်ပေသည်။

“သင့်မျက်လုံးများက ကြယ်ပွင့်တွေကို ဆက်ကြည့်နေပါ။ ထို့နောက် သင့်ခြေထောက်များ ကိုကား မြေကြီးပေါ်မှာ ထားရှိပါ။”ဟု အမေရိကန်ပြည်ထောင်စု၏ ၂၆ ဦးမြောက် သမ္မတဖြစ်သူ သီအိုဒိုရူးစဗဲလ်က ပြောကြားခဲ့ကြောင်း မှတ်သားဖူးပါသည်။

အမြင့်ဆုံးအခြေအနေဟူသည့် မျှော်လင့်ချက်မြင့်မားမှုကို မျက်ခြည်မပြတ်စေရန်နှင့် အောက်ခြေမလွတ်စေရန် သတိပေးပြောဆိုထားသည့် တန်ဖိုးရှိလှသော အဆိုအမိန့်စကားတစ်ခွန်းပင်ဖြစ်သည်။

ဘဝတွင်တိုးတက်မှုရှိစေရေးအတွက် မိမိကိုယ်ကိုယ်ပင် ယှဉ်ပြိုင်နေရမည်။ ယမန်နေ့ကမိမိနှင့် ယနေ့မိမိ၏အခြေအနေ၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး တိုးတက်မှု ရှိ၊ မရှိ နှိုင်းယှဉ်နေရမည်။ ယှဉ်ပြိုင်နေရပေမည်။

ယှဉ်ပြိုင်မှုတွင် နိုင်ချင်ဇောမကြီးရ။ အရေအတွက်များရေးကို ဦးစားမပေးရ။ လောဘကြီး၍မဖြစ်။ နည်းမှန်၊ လမ်းမှန်ဖြစ်ရမည်ဖြစ်သည်။

ယခုရေတွင်းတူး၊ ယခုရေကြည်ချင်၍မရပေ။ ရည်မှန်းချက်တစ်ခုကို ဝုန်းဒိုင်းဖြစ်ကာ ခုန်ပျံကျော်လွှား ရောက်ချင်ဇောများတတ်သည်ကို သတိရှိရမည်။ လောကသဘာဝတွင် ခြေလှမ်းပေါင်းများစွာကို စိတ်ရှည်လက်ရှည် ချီတက်ပြီး ပြောင်းလဲနိုင်အောင် ကြိုးစားကြရသည်ချည်းပင်။

သို့ဖြစ်၍ မူလရည်မှန်းချက်ဖြစ်သော “အောင်မြင်ကြီးပွားချမ်းသာရေး”ဟူသည်ကို မမှိတ်မသုန် စွဲမြဲမှတ်သားကာ ပထမခြေလှမ်းကိုစဖြစ်ရန် အဓိကကျသည်။ လွယ်သည်ဖြစ်စေ၊ ခက်သည်ဖြစ်စေ လမ်းကြောင်းမှန်ရန်လိုသည်။ မျက်စိလည်၍ လမ်းကြောင်းလွဲသွားလျှင် ရည်မှန်းချက်ပန်းတိုင် ဝေးသွားနိုင်သည်။ လမ်းမှားလျှင် ပို၍ကြန့်ကြာတတ်သည့်သဘောသဘာဝကို သိရှိထားရန်လိုသည်။

မိမိကိုယ်ကိုယ်ယှဉ်ပြိုင်ရင်းဖြင့် ချီတက်နေသည့် ရည်မှန်းချက်စီသို့ “ပို၍ပို၍နီးစပ်လာပြီလား၊ ပို၍ပို၍ ဝေးကွာနေပြီလား”ဟူသည့် ဆန်းစစ်မှုကိုလည်း အစဉ်လေ့လာသုံးသပ်နေရပေမည်။

ဘဝကိုကောင်းမွန်အောင်၊ ကြီးပွားအောင် တည်ဆောက်လိုလျှင်ကောင်းသောအတွေးအကြံများ၊ ကောင်းသောစိတ်ကူးစိတ်သန်းများ၊ ကောင်းမွန်ချိုသာသော စကားများ၊ စာနာသော၊ နားလည်သော၊ ကူညီသော၊ မျှဝေသောအပြုအမူများဖြင့်သာ စုစည်းတည်ဆောက်ရပေသည်။

ကောင်းသောအလေ့အကျင့်၊ ကောင်းသော အလေ့အထဖြစ်အောင် ခြေလှမ်းတစ်လှမ်းပြီး တစ်လှမ်းလှမ်းသကဲ့သို့ အကြိမ်ရေများအောင် လုပ်ဆောင်ရမည်။

ကြိုးစားမှုဟူသည် ခြေလှမ်းပေါင်းများစွာ လှမ်းရပေမည်။

အထပ်အထပ်အကြိမ်ကြိမ်၊ ထပ်ကြိမ်များအောင် လုပ်ဆောင်ရမည်ဖြစ်သည်။ ငယ်စဉ်က သူငယ်တန်း၊ ပထမတန်း၊ ဒုတိယတန်းမှ တက္ကသိုလ်ဝင်တန်း စသည်ဖြင့် အချိန်ပေး၍ ပညာဆည်းပူခဲ့ကြရသည်။ မူလတန်းကလေးက တက္ကသိုလ်ဝင်တန်းစာမေးပွဲ မေးခွန်းကို ဖြေဆိုနိုင်မည်မဟုတ်ပေ။ အဆင့်ဆင့် ရင့်ကျက်လာအောင် အချိန်ယူကာ ပျိုးထောင်ရပါလိမ့်မည်။ စိတ်ရှည်ရပါလိမ့်မည်။

သို့ဖြစ်သောကြောင့် “စိတ်ရှည်သည်းခံ လမ်းကြောင်းမှန်”ဟူသည့်စကား ဖြစ်ပေါ်လာရခြင်းဖြစ်သည်။ စိတ်ရှည်သည်းခံနိုင်မှုကလည်း ဘဝအောင်မြင်မှုအတွက် များစွာအထောက်အကူပြုလေသည်။ အောင်မြင်မှုဟူသည်ကား အလိုလိုရောက်ရှိလာခြင်းမဟုတ်ဘဲ ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် ကြိုးစားရုန်းကန်ရခြင်းတို့ကြောင့်သာ ရရှိလာရခြင်းဖြစ်သည်။

“ဘယ်နေရာပဲရောက်နေနေ ကိုယ့်မှာရှိတဲ့ စွမ်းအားနဲ့ ကိုယ်စွမ်းဉာဏ်စွမ်းရှိသလောက် စွမ်းဆောင်နိုင်သလောက် အကောင်းဆုံးလုပ်ပါ။” ဟု အမေရိကန်ပြည်ထောင်စု၏ ၂၆ ဦးမြောက် သမ္မတ သီအိုဒိုရူးစဗဲလ်က ပြောကြားထားပေရာ ကြီးပွားချမ်းသာလိုကြသော ယနေ့မျိုးဆက်သစ် လူငယ်လူရွယ်များနှင့် လူတိုင်းလူတိုင်းသည် မိမိတို့ရောက်ရှိ အလုပ်လုပ်နေရသည့် နေရာမှနေပြီး ကိုယ်စွမ်းအား၊ ဉာဏ်စွမ်းအားရှိသလောက် စွမ်းဆောင်နိုင်သလောက် အကောင်းဆုံးလုပ်ဆောင်ကြရပေမည်။

ယင်းကဲ့သို့ စွမ်းဆောင်နိုင်သလောက် အကောင်းဆုံးလုပ်ဆောင်နိုင်ခြင်းအားဖြင့် ဘဝမှာ အောင်မြင်မှုများစွာကို ရရှိနိုင်မည်ဖြစ်တော့သည်။ ။

စိတ်ချမ်းသာသူဖြစ်ချင်သလား

မောင်ထူးချွန်

စိတ်ချမ်းသာသူအဖြစ်လူတိုင်းက တောင့်တကြတာပါပဲ။

မောင်တို့မယ်တို့အနေနဲ့ စိတ်ချမ်းသာမှုကို လိုချင်ကြမယ်ဆိုတာ မပြောဘဲနဲ့သိနေတာပဲလေ။ "စိတ်ချမ်းသာမှုရှိပါစေ" ဆိုတဲ့ ဆုတောင်းစကားတွေ၊ ဆုပေးစကားတွေ တွင်တွင်ပြောဆိုနေကြပေမယ့် တကယ့်တကယ်ကတော့ စိတ်ချမ်းသာဖို့အတွက် မိမိကိုယ်တိုင် ကြိုးစားမှသာ ရနိုင်တဲ့အရာပဲပေါ့ကွယ်။ မိမိရဲ့စိတ်ကို ထိန်းကြောင်းကာ ကြိုးစားရာမှာလည်း တစ်စချင်းတစ်စချင်း ကြိုးစားတည်ဆောက်နိုင်ရမှာဖြစ်တယ်။

"တစ်လှမ်းပြီးတစ်လှမ်း အသေးအဖွဲခြေလှမ်းလေးများ၊ စုပေါင်းအား လုပ်ငန်းစဉ်များ တစ်စတစ်စ စုပေါင်းလုပ်ဆောင်လိုက်သောအခါ ကြီးမားသည့်ရည်မှန်းချက် ကွာဝေးခက်ခဲလွန်းကြသဖြင့် ရောက်မှ ရောက်နိုင်ပါ့မလားဟု သံသယဝင်မိခဲ့သော မျှော်လင့်ချက် ပန်းတိုင်ဆီသို့ အမှန်တကယ်ရောက်ရှိစေပါ၏။"

အဲဒီဆိုရိုးစကားဟာ ရာစုနှစ်ပေါင်းများစွာ ဟောင်းအိုနေပြီဖြစ်သော်လည်း အဲဒီဒဿနအမြင်ကတော့ မှန်ကန်ကြောင်း လက်တွေ့ အောင်မြင်မှုများစွာနဲ့ သက်သေထူနိုင်ပါတယ်။ မျက်မှောက်ခေတ်မှာလည်း ဆက်လက်ကျင့်သုံးရန် သဘာဝကျတဲ့အချက်ဖြစ်တယ်။

အလွန်သေးဖွဲတဲ့ ခြေလှမ်းတွေကို အသုံးပြုခြင်းဟာ အလေ့အထတစ်ခုကို တိုးတက်ကောင်းမွန်အောင် ပြုလုပ်စေပါတယ်။ အကျိုးရှိစေတယ်။ အလွန်တိုတောင်းတဲ့ မျက်စိတစ်မှိတ်ကာလလေးတွေကို အသုံးချခြင်းဟာ ထုတ်ကုန်အသစ်တွေ၊ အသစ်အသစ်ဖြစ်တဲ့ တီထွင်နိုင်စွမ်းတွေကို စေ့ဆော်နိုင်ပါတယ်။

အပြောင်းအလဲလုပ်ဆောင်ခြင်းဟာ ဂုဏ်ယူစရာဖြစ်တယ် ဆိုတဲ့အမြင်သဘောထား ဝင်လာတဲ့အခါ မောင်တို့မယ်တို့ဟာ အပြောင်းအလဲကို လွယ်လွယ်လေးနဲ့ အောင်အောင်မြင်မြင် လုပ်နိုင်ကြောင်း တွေ့ရမှာဖြစ်တယ်။ မောင်တို့မယ်တို့အနေနဲ့ စိတ်အားထက်သန်မှုသာ လိုလိုလားလား ရှိဖို့လိုတယ်။ လွယ်လွယ်လေးပါ လားဆိုတာကို မောင်တို့မယ်တို့အနေနဲ့ ကိုယ်တိုင်အံ့အားသင့်စွာ မြင်ရမှာလည်းဖြစ်တယ်။

အသေးအဖွဲခြေလှမ်းတွေက မောင်တို့မယ်တို့အတွက် ကြီးကျယ်လှတဲ့ အိပ်မက်တွေကို ဘယ်လိုအမှန်တကယ်ဖြစ်ပေါ်လာအောင် လုပ်ဆောင်နိုင်ကြောင်း ခြေလှမ်းစတင်လှမ်းရင်းလှမ်းရင်းနဲ့ သိမြင်လာမှာပါပဲ။

စတင်လုပ်ဆောင်နိုင်ခြင်းအားဖြင့် မိမိစိတ်ကိုသိမြင်ထိန်းချုပ်နိုင်ကာ မကောင်းတဲ့အမူအကျင့်အချို့ကို စွန့်ပယ်ပစ်လာနိုင်မှာဖြစ်တယ်။ ဥပမာအနေနဲ့ ဆေးလိပ်သောက်တာ၊ ကွမ်းစားတာမျိုးတွေကနေ ကင်းလွတ်လာနိုင်မှာဖြစ်တယ်။ ဆေးလိပ်မသောက်ရ မနေနိုင်၊ ကွမ်းငုံမထားရရင် မနေနိုင်ဆိုတာမျိုးတွေ ယခင်က မိမိရဲ့စွဲလမ်းမှုကို ခိုင်မာမြဲမြံလှပြီလို့ ယူဆခဲ့ဖူးသော်လည်း "မသောက်တော့ဘူးကွာ၊ မဝါးတော့ပါဘူးကွာ"လို့ စိတ်ဒုန်းဒုန်းချပိုင်းဖြတ်လိုက်တဲ့ ဆုံးဖြတ်ချက် ခြေတစ်လှမ်းဟာမိမိဘဝရဲ့ အလေ့အထတစ်ခုကို အလွယ်တကူ ပြောင်းလဲပစ်နိုင်မှာဖြစ်ကြောင်း လက်တွေ့ တွေ့မြင်ရမှာပေါ့ကွယ်။

အချိန်တိုတိုအတွင်းမှာ လွယ်လွယ်လေးနဲ့ မိမိတို့ပြောင်းလဲနိုင်စွမ်းရှိကြတယ်။ ဒါပေမဲ့ ပြောင်းလဲမှုတစ်ခုလုပ်ရတာ လက်တွေ့မှာလွယ်တာ မဟုတ်တဲ့အတွက် အပြောင်းအလဲလုပ်ရတာ ခက်ခဲလှပါတယ်။ စတဲ့ ယုံမှတ်ခြင်း၊ ဒဏ္ဍာရီတွေရဲ့ ဖိစီးလွှမ်းမိုးထားမှုက များနေတတ်ပါတယ်။ အမှားအမြင်ကို သေသေချာချာစိစစ်ဝေဖန်ခြင်း မပြုဘဲ လက်ခံယုံကြည်လိုက်မိခြင်းပဲဖြစ်တယ်။

တစ်လောကလုံးကို ပြုပြင်ပြောင်းလဲရဖို့က ခက်ခဲချင်ခက်ခဲမှာပါပဲ။ မိမိဘဝကို ဆိုးရာမှ ကောင်းအောင်၊ ညံ့ရာမှ တော်လာအောင် ပြောင်းလဲရာမှာကား ကိုယ်တိုင်ကသာဆုံးဖြတ်ချက် ယတိပြတ်ခိုင်မာပါစေ။ ဘဝတစ်ခုလုံးအမှောင်မှ အလင်းသို့၊ အမည်းမှ အဖြူသို့ အချိန်တိုအတွင်း အမှန်တကယ်ပင် ပြောင်းလဲပစ်နိုင်ပါတယ်။ မယုံမရှိပါနဲ့။

၁။ အမူအကျင့်တွေကို ပြောင်းလဲနိုင်တယ်။

၂။ အလေ့အထဟောင်းတွေကို ပြောင်းနိုင်တယ်။

၃။ အတွေးအမြင်ဟောင်းတွေကို ပြောင်းနိုင်တယ်။

၄။ အယူအဆဟောင်းတွေကို ပြောင်းနိုင်တယ်။

၅။ ဘဝလမ်းကြောင်းကို ပြောင်းနိုင်တယ်။

၆။ ဘဝပန်းတိုင်ကို ပြောင်းနိုင်တယ်။

အသေးအဖွဲလို့ထင်ရတဲ့ ပထမခြေလှမ်းကိုသာ စတင်လျှောက်လှမ်းဖို့ရာ လိုပါတယ်။ သွားသူဟာ သေချာပေါက် ရောက်မှာဖြစ်တယ်။ မသွားသူဟာ ဘယ်လိုမှ မရောက်နိုင်ဘူးပေါ့။ အသေးအဖွဲခြေလှမ်းတွေက ပိုကောင်းရာ ဒါမှမဟုတ် ပိုဆိုးရာကို ပို့ဆောင်ကြတာ ဖြစ်တယ်။

"တစ်တက်စားလည်း ကြက်သွန်၊ နှစ်တက်စားလည်း ကြက်သွန်ဆိုတာမျိုး ကြက်သွန်ဖြူစားမိလို့ ပါးစပ်နံတာ မထူးပါဘူး၊ ဆက်စားမယ်" ဆိုတဲ့သူအတွက်တော့ ဆက်ပြီးပါးစပ်နံစော်နေမှာပေါ့ကွယ်။

ပြောင်းလဲမယ်လို့ စဉ်းစားသူအတွက် ခြေလှမ်းတစ်လှမ်းဟာ ကုဋေတစ်သန်းထိုက်တန်တယ်။ ဒီလို အပြုအမူတစ်ခုက နေ့စဉ်နေ့စဉ် ပြုလုပ်ဖန်များလာတဲ့အခါ အလေ့အထ၊ အကျင့်စရိုက်ဖြစ်လာတယ်။ ဘုရားရှိခိုးခြင်း၊ သီလဆောက်တည်ခြင်း၊ ဆွမ်း၊ ပန်း၊ ရေချမ်းကပ်လှူခြင်း၊ ပရိတ်ရွတ်ခြင်းတို့ဟာ ရက်၊ လ၊ နှစ်မှ အကြိမ်ပေါင်းများစွာ စုပေါင်းလိုက်တဲ့အခါ ယဉ်ကျေးသိမ်မွေ့ပြီး နူးညံ့တဲ့စိတ်သဘော၊ တည်ကြည်တဲ့စိတ်ထား၊ အန္တရာယ်အခက်အခဲတွေကို မကြောက်မရွံ့ မတုန်မလှုပ်တဲ့သတ္တိ စတာတွေဟာ အလိုလိုစိတ်ခွန်အားတွေ ကြီးမားပြည့်ဝလာမှာဖြစ်တယ်။

စိတ်ခွန်အားတွေပြည့်ဝလာပြီး စိတ်ကိုထိန်းချုပ်နိုင်လာမှာပါပဲ။

ဒါကြောင့် စိတ်ချမ်းသာသူဖြစ်ဖို့အတွက် မောင်တို့မယ်တို့အနေနဲ့ မိမိရဲ့ မကောင်းတဲ့အကျင့်စရိုက် အလေ့အကျင့်အချို့ကို စွန့်ပစ်နိုင်လိုက်တဲ့အခါ စိတ်ခွန်အား၊ စိတ်စွမ်းအားတို့က မိမိစိတ်ကို ထိန်းချုပ်နိုင်ပြီး မိမိစိတ်ရဲ့ချမ်းမြေ့မှုကိုဖြစ်ပေါ်စေကာ စိတ်ချမ်းသာမှုကို လက်ဝယ်ပိုင်ပိုင် ရရှိလာနိုင်တော့မှာပေါ့ကွယ်။ ။

အလုပ်ကိုလက်စသတ် ပြီးစီးအောင်လုပ်ပါ

အောင်မြတ်စည်သူ

ကျွန်တော်တို့ပြုလုပ်သည့်အလုပ်က ကျွန်တော်တို့ကို နွမ်းနယ်စေသည်မဟုတ်ချေ။ ကျွန်တော်တို့ မပြုလုပ်သော အလုပ်က ကျွန်တော်တို့ကို နွမ်းနယ်စေသည်။ ကျွန်တော်တို့ပြီးစီးအောင် မဆောင်ရွက်လိုက်သည့်အလုပ်က ပန်းလျှစေဆုံးဖြစ်သည်။

ကျွန်တော်သည် မကြာမီကာလက အိမ်သုံးပစ္စည်းထုတ်လုပ်သောကုမ္ဏီတစ်ခုတွင် စိတ်အားမြှင့်တင်ရေးဆိုင်ရာ ဟောပြောပို့ချမှု ပြုခဲ့သည်။ သင်တန်းခဏနားချိန်တွင် အသက်ခြောက်ဆယ်ခန့် လူညက်ညက်တစ်ယောက်က ကျွန်တော့်ထံ ရောက်လာသည်။

"ကျွန်တော့်ပြဿနာက ကျွန်တော် ဘယ်ဟာကိုမှ လက်စသတ်နိုင်ပုံ မရှိတာဘဲ။ ကျွန်တော် အမြဲတမ်း တစ်ခုခုစတင်နေလေ့ရှိတယ်။ ဒီစီမံကိန်း၊ ဟိုစီမံကိန်းပေါ့။ ဒါပေမဲ့ ဘယ်တော့မှ ပြီးပြတ်အောင်မလုပ်ဘူး။ ဒီကိစ္စမပြီးစီးခင် နောက်ကိစ္စတစ်ခုကို ကျွန်တော် စကိုင်နေတတ်ပြီ" သူက ပြောလိုက်သည်။

ထို့နောက် သူ၏သဘောထားကို ပြောင်းလဲပစ်နိုင်ကောင်းသော ခိုင်ခိုင်မာမာ နည်းလမ်းတစ်ရပ်များ သွန်သင်ပေးနိုင်မည်လားဟု ကျွန်တော့်ကို မေးသည်။ သူ့ပြဿနာသည် ယုံကြည်မှုနှင့် သက်ဆိုင်သော ပြဿနာဖြစ်ကြောင်း သူမှန်ကန်စွာ မြင်ခဲ့သည်။ သူသည် အလုပ်တစ်ခုကို ကောင်းစွာ လက်စသတ်လေ့ရှိသူမဟုတ်ကြောင်း ယုံကြည်သောကြောင့် မည်သည့်အရာမျှ ကောင်းစွာ လက်စမသတ်ဖြစ်တော့သည်။ သို့အတွက် သူသည် သူ့ကိုယ်သူ အသွင်ခြားနားသော ခံယူချက်မွေးနိုင်အောင် ဦးနှောက်ကို ဆေးကြောပစ်စေမည့် ဂါထာမန္တာန် (သို့မဟုတ်) စကားတစ်ခွန်း လိုချင်နေခဲ့သည်ဟုပင် ဆိုရမည်။

"ခင်ဗျား အဓိဋ္ဌာန်စကားလိုတယ်လို့ထင်သလား" ဟု ကျွန်တော်ကသူ့ကို မေးလိုက်သည်။ "ခင်ဗျား ကွန်ပျူတာသုံးတတ်ဖို့လိုရင် ခင်ဗျားရဲ့ခုတင်ပေါ်မှာထိုင်ပြီး အဓိဋ္ဌာန်ပြုနေရင် "ကျွန်ုပ်သည် ကွန်ပျူတာကို သုံးတတ်သည်။ ကျွန်ုပ်သည် ကွန်ပျူတာအသုံးပြုရာတွင် လွန်စွာကျွမ်းကျင်သည်။ ကျွန်ုပ်သည် ကွန်ပျူတာများသုံးရာတွင် အလွန်တော်သည်။ ကျွန်ုပ်သည် ကွန်ပျူတာကို သုံးရာတွင် ဝိဇ္ဇာပင်ဖြစ်သည်"လို့ အထပ်ထပ်ရွတ်နေရင်.. တတ်ရောလား"

ထိုသို့သောစကား ဆိုရွတ်ခြင်းက သူ့ကို ကွန်ပျူတာသုံးတတ်စေမည်မဟုတ်ကြောင်း သူဝန်ခံသည်။

"ခင်ဗျားရဲ့ယုံကြည်မှုစနစ်ကို ပြောင်းလဲဖို့ အကောင်းဆုံးနည်းလမ်းက ခင်ဗျားနဲ့ပတ်သက်တဲ့ အမှန်တရားကို ပြောင်းလဲပစ်ဖို့ပဲ"ဟု ကျွန်တော်က ပြောလိုက်သည်။ "ကျွန်တော်တို့ဟာ ဟန်ဆောင်ပန်ဆောင် လိမ်လည်ရွတ်ဆိုတဲ့ အဓိဋ္ဌာန်ထက် မှန်တဲ့စကားကို ပိုပြီးမြန်မြန်ယုံကြည်တယ်၊ ကိုယ့်ကိုယ်ကိုယ် အနှောင်းသေချာအောင် လက်စသိမ်းလုပ်တတ်တဲ့ သူမှန်း ယုံကြည်ဖို့ အဲဒီလို လက်စသိမ်းလုပ်တဲ့ သမိုင်းကြောင်းလေး ရှိဖို့လိုတယ်"

သူသည် ကျွန်တော့်အကြံပြုချက်ကို ထက်ထက်သန်သန်လိုက်နာခဲ့သည်။ သူသည် မှတ်စုစာအုပ်တစ်အုပ် ဝယ်ယူပြီးနောက် ပထမစာမျက်နှာအထက်တွင် "ငါ လက်စသတ်ပြီးစီးအောင် လုပ်ခဲ့သော အလုပ်များ"ဟု ခေါင်းစီးထိုးလိုက်သည်။ နေ့စဉ်ပင် သူသည် ပန်းတိုင်လေးများချမှတ်၍ ပြီးစီးအောင် ဆောင်ရွက်ခဲ့သည်။ ယခင်ကမူ သူသည် အိမ်ရှေ့ လူလျှောက်လမ်းကို တံမြက်စည်းလှည်းနေစဉ် တယ်လီဖုန်းမြည်လာလျှင် ထိုအလုပ်ကို တစ်ပိုင်းတစ်စ ပစ်ထားခဲ့ပြီး တယ်လီဖုန်းသွားထူးသည်။ ယခုမူ ဖုန်းလာလည်း သူ့လုပ်လက်စအလုပ်ပြီးအောင် အလျင်လုပ်ပြီး ထိုစွမ်းဆောင်ချက်ကို သူ့မှတ်စုစာအုပ်တွင် မှတ်တမ်းတင်လိုက်သည်။ မှတ်တမ်းတင်ရေးမှတ်စရာအကြောင်းများ ပိုမိုများပြားလာသည်နှင့် အမျှ သူသည် အလုပ်ကိုစမ်းပြီးဆိုလျှင် ပြီးဆုံးအောင် ပြုလုပ်သူမှန်း သူ့ကိုယ်သူ ပို၍ယုံကြည်မှုရှိလာသည်။ သူ့ယုံကြည်မှုကို သူသက်သေထူ ကျားကန်ပေးစရာ မှတ်စုစာအုပ် ရှိနေခဲ့သည်။

သူ့စိတ်အာရုံတွင် အဓိဋ္ဌာန်ပြုစကား ဆိုရွတ်ရုံမျှထက် ဤနည်းလမ်းမည်မျှ ပိုခိုင်မာကြောင်း စဉ်းစားကြည့်ပါ။ သူသည် တစ်ညလုံး သူ့ကိုယ်သူ "ငါ ပီပြင်စွာ အလုပ်လက်စသတ်သူ"ဟု ဆိုရွတ်သည့် တိုင်အောင် သူ မဟုတ်တရုတ် စကားပြောနေကြောင်း သူ၏ ညာဘက်ဦးနှောက်က သိနေပေမည်။ ထိုဦးနှောက်ခြမ်းကပင် သူ့ကို မဟုတ်တာတွေ ပြောနေပြီ"ဟု ဟန့်ပေလိမ့်မည်။

သင့်ကိုယ်သင် ဘာထင်သည်ကို တွေးမြင်ခံစားမနေဘဲ သင်ဖြစ်ချင်ရာဖြစ်နိုင်အောင် သင့်စိတ်ကိုသင် တွန်းအားပေး၍ သင်ဖြစ်လိုသည့်အနေကို စီမံခြေလှမ်းများ စတင်လှမ်းသွားပါ။

Ref:Get the job done by Steve Chandler

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့၊ အရှေ့ပိုင်းရပ်ကွက်၊ လက်ခုပ်လမ်းခွဲမှ ထုတ်လုပ်မည့်(တမာရိပ်)သောက်ရေသန့် ထုတ်လုပ်ဖြန့်ချိရေးလုပ်ငန်းများကို လုပ်ကိုင်မည်ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက် အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက လုပ်ငန်းစဉ်အဆင့်ဆင့်ကို ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဒေါ်တဌာစိုး[စ/ပဖန(နိုင်)၀၀၇၀၉၃]
Mananging Director
ဖုန်း-၀၉-၂၅၆၂၂၀၆၉၉

ဒေါ်ဇူလိုင်မိုး [၁၂/အစန(နိုင်)၂၄၀၁၄၀]နှင့် အများသိစေရန်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ကုန်သည်လမ်း၊ အမှတ် (၅၀၂/၂)၊ ဦးစီးမြင့် (Director) [၇/ဖန(နိုင်)၁၉၇၅၉၉]၊ Famous Freight Liner Logistics Co., Ltd ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ဒေါ်ဇူလိုင်မိုး [၁၂/အစန(နိုင်)၂၄၀၁၄၀] သည် Famous Freight Liner Logistics Co., Ltd မှ ဝန်ထမ်းဖြစ်ပြီး Company တစ်ခုနှင့်တစ်ခုကြားကြားခံ၀န်ဆောင်မှုပေးသည့်လုပ်ငန်းအား လုပ်ကိုင်ခဲ့ပါသည်။ ထိုသို့လုပ်ကိုင်ရာတွင် လုပ်ငန်းအပ်နှံသည့် Company များထံမှ သင်္ဘောကုန်တင်ခများအား ဒေါ်ဇူလိုင်မိုးတစ်ဦးတည်း လက်ခံရယူသွားပြီး ကြားခံ၀န်ဆောင်မှုပြုလုပ်ပေးရန် ပျက်ကွက်ခဲ့ကြောင်း သိရှိရပါသည်။ ထိုပြင် အခြား Company များထံမှ ကြားခံ၀န်ဆောင်မှုပြုလုပ်ပေးမည်ဟုဆိုကာ လက်ခံရယူသွားသော ငွေများအား ဒေါ်ဇူလိုင်မိုးတစ်ဦးတည်း ကိုယ်ကျိုးအတွက် အသုံးပြုခဲ့ကြောင်း စုံစမ်းသိရှိရပါသည်။

သို့ဖြစ်ပါ၍ ဒေါ်ဇူလိုင်မိုး၏ အခြား Company များထံမှ ငွေလက်ခံရယူသွားသော ငွေကြေးများသည် Famous Freight Liner Logistics Co., Ltd နှင့် သက်ဆိုင်ခြင်းမရှိကြောင်း ၎င်းနှင့်ပတ်သက်သည့် ကိစ္စရပ်များအား တာ၀နျယူဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဦးစီးမြင့် (Director)
[၇/ဖန(နိုင်)၁၉၇၅၉၉]
Famous Freight Liner Logistics Co., Ltd

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ခင်နီနီအောင် (LL.B)
တရားလွတ်တော်ရှေ့နေ(စဉ်-၁၂၅၀၅)
အမှတ်(၇၀)၊ ၂-လမ်း၊ အေးသာယာကွက်သစ်
ပ.လ.ရ အိုင်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

ပြင်ဆင်ဖတ်ရှုပါရန်

၂-၇-၂၀၂၂ရက်နေ့ကြေးမုံသတင်းစာ၏စာမျက်နှာကြော်ငြာ(၂၄)ကန့်ကွက်နိုင်ကြောင်းကြော်ငြာပဒေါ်ကောင်ပြီနယ်၊မြေတိုင်းအမှတ် ၁၀ဂျေ၂၊မြေကွက်အမှတ်- ၊၃၄အေ၊ဒေါ်ပြုံးပြုံးစိန်+၁၈၊ပိုင်ဆိုင်မြေပုံကူးတွင်ပိုင်ဆိုင်+ စွန့်လွှတ်အစားပိုင်ဆိုင်ကြောင်းစာချုပ်ရန်ဟု အမှန်ဖတ်ရှုပါရန်။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၅)၊ မြေကွက်အမှတ်(၁၄၃၃)၊ မြေကွက်တည်နေရာအမှတ်(၁၄၃၃)၊ (၈၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ဦးအေးကျော်[၁၂/လကန(နိုင်)၀၁၈၁၁]အမည်ပေါက် ပါမစ်မြေအား ပါမစ်မြေ အမည်ပေါက် ဦးအေးကျော်ထံမှ အရပ်ကတိစာချုပ်ဖြင့် ၀ယ်ယူသူ ဦးဟန်ကျော်ထွန်း[၁၂/စခန(နိုင်)၀၆၂၈၆]မှ ပါမစ်မှုရင်း၊ မိသားစုဓာတ်ပုံ၊ ရွှေပြောင်းသူများရာဇ၀ေါအကျဉ်းချုပ်၊ အိမ်ရာဆောက်လုပ်နေထိုင်ခွင့်၊ မှီခိုသူများစာရင်း စာရွက်မိတ္တူမှန် ထုတ်ပေးရက်စွဲ (၉-၈-၂၀၁၃)နှင့် အရောင်းအ၀ယ်အရပ်ကတိ စာချုပ်တို့တင်ပြ၍ နှစ်(၆၀)မြေဌားဂရန်လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀/မြောက်)၊ မြေကွက်အမှတ်(၂၂)၊ မြေဧရိယာ ၀(၁၂၀x၁၀)၊ မြေကွက်တည်နေရာအမှတ်-၂၂ လယ်ယာ(၁)လမ်း၊ ၁၀/မြောက်ရပ်ကွက်၊ သာကေတမြို့နယ် ဒေါ်ညွန့်မေ(CG-၀၆၀၄၇၀) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်အား အမည်ပေါက် ဒေါ်ညွန့်မေ(မိခင်)နှင့် ဦးအောင်မြင့်(ဖခင်) တို့ကယ်လွန်သဖြင့် ဦးအောင်နိုင်ဦး[၁၂/တမန(နိုင်)၁၁၈၂၂]၊ ဒေါ်သီတာမြင့်[၁၂/တမန(နိုင်)၁၃၀၀၄၄]၊ ဒေါ်ချယ်ရီမေ [၁၂/တမန(နိုင်)၀၁၄၄၄]တို့မှ သား/သမီးများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ထပ်ဆင့် ကျမ်းကျိန်လွှာ၊ သေစာရင်းဂရန်မှုရင်းတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ကန့်ကွက်ရန်ရှိပါကတရား ဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းများ အတိုင်းဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

ကန့်ကွက်နိုင်ကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၀)၊ မြေကွက်အမှတ်(၁၁၈၉)၊ အကျယ် (၄၀'x၆၀')အနက် တရားဝင်မခွဲစိတ်ရေးသော မြေ၏ခေါင်းရင်းဘက်ခြမ်း(ပါမစ်မှုရင်းခြမ်း)၊ အကျယ် (၂၀'x၆၀')၊ မြေအမျိုးအစား- နှစ် (၆၀)ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ်(၁၁၈၉)၊ အောင်မေတ္တာလမ်း၊ ၄၀-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ ဟုခေါ်တွင်သော မြေနှင့် အိမ်အကျိုးခံစားခွင့်အရပ်ရပ်အား မြို့မြေစာရင်းတွင် ဒေါ်ခင်အုန်းမြင့်[၁၂/မဂတ(နိုင်)၀၀၈၈၇၇၃](NBN-၁၃၆၆၀၀)အမည်ဖြင့် ချထားပေးခြင်းခံရပြီး ၎င်းထံမှ အရပ်ကတိအရောင်းအ၀ယ်စာချုပ်အဆက်ဆက်အရ ၀ယ်ယူပိုင်ဆိုင် လက်၀ယ်ထားရှိသူ ဦးမြင့်အောင်[၁၄/ဒဒရ(နိုင်)၀၀၂၁၆၀]က ဓိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ၀ယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေး ဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအ၀ယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအေးမင်းဇော် **ဦးကျော်မင်းနိုင်**
အထက်တန်းရှေ့နေ(စဉ်-၄၈၉၃၉) **အထက်တန်းရှေ့နေ(စဉ်-၄၈၈၀)**
အမှတ်(၄၆)၊ ပထမထပ်(ဝ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ပါကြောင်း

